မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၅၈)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက် | ၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ စနေနေ့။

နိုင်ငံ့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

လ ၃၀ အတွင်း ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများ ပြည်သူအတွက် စိတ်စေတနာဖြင့် အစွမ်းကုန်ကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၂၇

ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုအစိုးရအဖွဲ့ဆပ်ကော်မတီ (Cabinet Sub-Committee/ Delivery Unit) အသီးသီးမှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများအား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတရုံး စီးပွားရေးရာကော်မတီ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာ၌ ယနေ့ အစည်းအဝေးသည် ရွေးချယ်ထားသည့် ဒုတိယဝန်ကြီး ၂၃ ဦးအား အသစ်ဖွဲ့စည်းမည့် Cabinet Sub-Committee/ Delivery Unit ၂၆ ခုတွင် အဖွဲ့ခေါင်းဆောင်များအဖြစ် တာဝန်ပေးအပ်မည့် အစည်းအဝေး ဖြစ်ပါကြောင်း။

ယင်းတာဝန်များကို မပေးအပ်မီ ယနေ့ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးယန္တရားတစ်ရပ်လုံး၏ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ၊ အစိုးရ၏မူဝါဒများနှင့် လုပ်နည်းကိုင်နည်းများကို ရှင်းရှင်းလင်းလင်း သဘောပေါက်နားလည်ထားရန် အရေးကြီးပါကြောင်း။

မိမိတို့အစိုးရ၏ ရည်ရွယ်ချက်မှာ သန်း ၆၀ သော ပြည်သူများ၏ တူညီသောဆန္ဒဖြစ်ပြီး ယင်းဆန္ဒများပြည့်ဝအောင် ဆောင်ရွက်ပေးရေးသည် မိမိတို့အစိုးရ၏ ရည်မှန်းချက်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ တူညီသောဆန္ဒမှာ အဓိကအားဖြင့် နှစ်ခုဖြစ်ပြီး တစ်ခုမှာ ပြည်သူများအနေဖြင့် မိမိတို့နိုင်ငံကို တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးသည့် *စာမျက်နှာ ၈ ကော်လံ ၁* ❐

- ■ **ပုဂ္ဂလိကကဏ္ဍအားကောင်းပြီး စွမ်းအားမြင့်မားလာအောင် အားပေးမြှင့်တင်ရေး မူဝါဒကို ချမှတ်ဆောင်ရွက်လျက်ရှိ။**
- ■ **မူလသမားရိုးကျ လုပ်နည်းလုပ်ဟန်မှခွဲထွက်ပြီး ပိုမို၍ အကျိုးရှိထိရောက်အောင် လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဦးတည်။**

မှတ်သားဖွယ် မိုးရေချိန်

၂၇-၉-၂၀၁၃
မဒေါက်မြို့
၆ ဒသမ ၆၉ လက်မ
သပိတ်ကျင်းမြို့
၄ ဒသမ ၄၉ လက်မ
ရွှေကျင်မြို့
၄ ဒသမ ၄၉ လက်မ
ရေးမြို့
၄ ဒသမ ၃၂ လက်မ

မြန်မာ့ပုစွန်မွေးမြူရေး ဂျပန်လှေ့လာနေ

ရန်ကုန် စက်တင်ဘာ ၂၇

သတင်းမှတ်စု-ဝေယံဦး

မြန်မာနိုင်ငံသည် နယ်ပယ်ကဏ္ဍအသီးသီးတွင် နိုင်ငံတကာမှ နည်းပညာနှင့် အရင်းအနှီးများ အကူအညီများပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ ပုစွန်မွေးမြူရေးလုပ်ငန်းတွင် ဂျပန်နိုင်ငံက ပါဝင်ဆောင်ရွက်ရန် ဆွေးနွေးလေ့လာမှုများ ပြုလုပ်လျက်ရှိသည်။

ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်အချို့က ပုစွန်မွေးမြူရေးလုပ်ငန်းများအတွက် အစာထုတ်လုပ်တင်ပို့နိုင်ရန် လေ့လာမှုများပြုလုပ်လျက်ရှိပြီး ရေငန်၊ ရေချို ပုစွန် မွေးမြူရေးလုပ်ငန်းများတွင် ဂျပန်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်အချို့ ကွင်းဆင်းလေ့လာမှုများပြုလုပ်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက်ပိုင်း ပြည်တွင်း၌ ပုစွန်မွေးမြူရေးလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့ပြီး ပုစွန်မွေးမြူထုတ်လုပ်ရေးများ ကျဆင်းခဲ့သည်။ မြန်မာနိုင်ငံတွင် ပုစွန်မွေးမြူရေးလုပ်ငန်းများ ပြန်လည် တိုးတက်လာရန်အတွက် ပြည်တွင်းမှ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များက ကြိုးစားနေသော်လည်း နည်းပညာ၊ ငွေကြေးအပြင် လိုအပ်ချက်အများအပြား ရှိနေဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံမှ ငါး၊ ပုစွန် စသည့် ထွက်ကုန်များကို အာရှဈေးကွက်အပြင် ဥရောပဈေးကွက်သို့တင်ပို့နိုင်ခွင့်ရရှိနေပြီဖြစ်သော်လည်း ဈေးကွက်လိုအပ်ချက်ဖြစ်သည့် တင်ပို့ကုန်အရည်အသွေးစံချိန်မီရန် ကြိုးစားနေရဆဲဖြစ်သည်။ ထို့အပြင် ပြည်တွင်း၌ ပုစွန်မွေးမြူထုတ်လုပ်မှုကောင်းမွန်ရန်လည်း ကြိုးစားနေရဆဲဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် နော်ဝေနိုင်ငံမှ ပညာရှင်များကလည်း နည်းပညာများ အကူအညီပေးရန် ရှိနေသည်။

(မြန်မာ့အလင်း)

မြေယာအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီ မြေစီမံခန့်ခွဲမှုဆိုင်ရာ သတင်းစာရှင်းလင်း စာမျက်နှာ ➤ ၃

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကမ္ဘာ့ခွေးရူးရောဂါ တိုက်ဖျက်ရေးနေ့

လူတို့၏ လူနေမှုစနစ် ပြောင်းလဲလာသည်နှင့်အမျှ အိမ်အလှမွေးတိရစ္ဆာန်များ မွေးမြူသည့် အလေ့အထမှာလည်း များပြားလာသည်။ ဤသို့ များပြားလာသည့်အလျောက် ယင်းတို့နှင့် ဆက်စပ်နေသည့် ရောဂါများမှာလည်း လူတို့၏ အသက်ဘေးအန္တရာယ်ကို ခြိမ်းခြောက်လာသည်ကို တွေ့ရသည်။ အထူးသဖြင့် ခွေးရူးရောဂါသည် လူတို့အတွက် ကြောက်စရာကောင်းသော ရောဂါတစ်မျိုး ဖြစ်လာသည်။

ခွေးရူးရောဂါသည် ကူးစက်တတ်သော ဗိုင်းရပ်စ်တစ်မျိုးကြောင့် ဖြစ်ရခြင်းဖြစ်သည်။ ဤရောဂါသည် တိရစ္ဆာန်အချင်းချင်း ကူးစက်နိုင်သလို တိရစ္ဆာန်မှလည်း လူကို ကူးစက်နိုင်ပါသည်။ သို့ရာတွင် ယင်းရောဂါမှာ ခွေးရူးရောဂါပိုးရှိသည့် ခွေး၊ ကြောင်စသည့် အိမ်မွေးတိရစ္ဆာန်များ အချင်းချင်းသော်လည်းကောင်း၊ လူသို့လည်းကောင်း အကိုက်ခံရလျှင် ကူးစက်မှု ဖြစ်ပွားနိုင်ပါသည်။ အကယ်၍ ကူးစက်ခံရပါက(ဝါ) ရောဂါရှိ အိမ်မွေးတိရစ္ဆာန်တစ်မျိုးမျိုး အကိုက်ခံရပါက ကူးစက်ကာ အသက်အန္တရာယ်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။

ထို့ကြောင့် လူတိုင်း ခွေးရူးရောဂါ သတိပြုလိုက်နာစေရေးအတွက် စက်တင်ဘာ ၂၈ ရက်နေ့ကို ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ (World Rabies Day) အဖြစ် သတ်မှတ်ထားပါသည်။ ဤနေ့တွင် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ (OIE)နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရန်နှင့် ခွေးရူးရောဂါကြောင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် ကွက်ပြည့် ခွေးရူးရောဂါကာကွယ်ဆေးထိုး ပထမအဆင့် စီမံချက်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အသီးသီး၌ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ဤနေ့တွင် တိုင်းဒေသကြီးအသီးသီးရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းတို့ ပူးပေါင်း၍ ခွေးနှင့်ကြောင်တို့ကို အခမဲ့ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်သည်။ ဒုတိယအဆင့်စီမံချက်ကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ခွေးနှင့်ကြောင် အကိုက်ခံရပါက လူတို့အနေဖြင့် ချက်ချင်းကာကွယ်ဆေးထိုးနှံသင့်ကြောင်းလည်း ပညာရှင်တို့က အသိပေးတိုက်တွန်းထားသည်။ သို့သော် အချို့သောသူများသည် ကိုက်သည့် ခွေး၊ ကြောင် တို့ကို စောင့်ကြည့်တတ်ကြသည်။ ထိုစောင့်ကြည့်စဉ်ကာလအတွင်းမှာပင် ခွေး သို့မဟုတ် ကြောင်သည် ဗိုင်းရပ်စ် ကူးစက်ခံရကြောင်းသိရပြီးနောက် လူသည်လည်း ရောဂါကူးစက်ခံရကြောင်း သိရှိရကာ နောက်ဆုံး အသက်ဆုံးရှုံးကြသည်။ ထို့ကြောင့် ခွေးကိုက်ခံရပြီဆိုလျှင် အချိန်ဆွဲစောင့်ဆိုင်းမနေဘဲ အမြန်ဆုံး ကာကွယ်ဆေးထိုးနှံသင့်ကြောင်း ပညာရှင်တို့က အသိပေးထားသည်။ ထို့ကြောင့် ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးပေးနေစဉ်အတွင်း ကာကွယ်ဆေးများ ထိုးပေးထားသင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် စက်တင်ဘာ ၂၇

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်းဒေသကြီး၌ ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးနေ့ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့ပူးပေါင်းစီစဉ်မှုဖြင့် ဒုတိယအကြိမ်မြောက် ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ (World School Milk Day) အခမ်းအနားကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲက မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စန္ဒိမာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက FAO ၏ ကျောင်းများတွင် နို့တိုက်ကျွေးရေး ရှေ့ပြေးအစီအစဉ်အရ တစ်နိုင်ငံလုံးအတွက် မူလတန်းအရွယ် ကျောင်းသားကျောင်းသူ ၃၀၀၀အား နို့တိုက်ကျွေးရန်ဖြစ်သော်လည်း နို့လုပ်ငန်းရှင်များ၊ စေတနာရှင်၊ အလှူရှင်များ၏စေတနာထက်သန်မှုကြောင့် ရန်ကုန်တိုင်းဒေသကြီးတစ်ခုအတွင်းမှာပင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူ ၃၃၄၁ ဦးကို ပြည်တွင်းဖြစ်နွားနို့ ၂၀၀ မီလီလီတာစီ တိုက်ကျွေးနိုင်ခဲ့ကြောင်း၊ ကျောင်းနေအရွယ်ကလေးများ၏ ခန္ဓာကိုယ်ဖွံ့ဖြိုးရေးနှင့် ဉာဏ်ရည်တိုးတက်ရေးတို့ကို အထောက်အကူဖြစ်စေပြီး အသေးစားနို့ထုတ်လုပ်သူ လယ်သမားများ၏ ဈေးကွက် အခွင့်အလမ်းများကို ပိုမိုရရှိစေသော ကျောင်းများတွင် နို့တိုက်ကျွေးရေးအစီအစဉ်အား ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ယခုနှစ်မှာလည်း ဒုတိယအကြိမ် ကျင်းပရခြင်းဖြစ်ကြောင်း၊ အစကောင်းပြီဖြစ်သော ကျောင်းများတွင် နို့တိုက်ကျွေးရေး အစီအစဉ်ကို ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်ဟု မှတ်ယူ၍ ပူးပေါင်းပါဝင်ပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုကျယ်ပြန့်အောင် ဆောင်ရွက်ကြရန်တိုက်တွန်းပါကြောင်း ပြောကြားပြီး ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)မှ ဌာနေကိုယ်စားလှယ် Live stock Policy Officer Dr. Vinod Kumar Ahuja နှင့် တာဝန်ရှိသူတို့က အခြေခံပညာကျောင်းများတွင် နွားနို့တိုက်ကျွေးနေသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ အခမ်းအနား ဖြစ်မြောက်ရေးအတွက် နွားနို့လုပ်ငန်းရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆုရကျောင်းသား ကျောင်းသူများ၏ပန်းချီကားများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ရေပေးဝေရေးစနစ် ကောင်းမွန်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်နိုင်ငံ Consortium တို့ ရန်ကုန်မြို့တော်တွင် ရေပေးဝေဖြန့်ဖြူးမှုစနစ် တိုးတက်ကောင်းမွန်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ (၄)၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး သံအမတ်ကြီး H.E. Mr. Mikio Numata နှင့် ဂျပန်နိုင်ငံ စက်မှုနှင့်စီးပွားရေးကုန်သွယ်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူး Mr. Hiroshi Ohsawa တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဂျပန်နိုင်ငံ Tokyo Engineering Corporation မှ ညွှန်ကြားရေးမှူး Mr. Yoshimichi Miura က နားလည်မှု စာချွန်လွှာနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ Tokyo Suido Services Co.,Ltd. မှ ဥက္ကဋ္ဌ Mr. Atsushi Masuko နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးစိုးစည်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဂျပန်နိုင်ငံ Tokyo Suido Services Co., Ltd.မှ ဥက္ကဋ္ဌ Mr. Atsushi Masuko၊ အဖွဲ့ဝင် Consortium နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)ဌာနမှူး ဦးမြင့်ဦးတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။ (သတင်းစဉ်)

ပဲခူးမြို့ ကျုံးထိပ်ရှိ ပန်းခြံသာယာလှပစေချင်

ထင်သာမြင်သာပြုပြင်စရာ

ပဲခူးမြို့ အထက(၃)ကျောင်းရှေ့ ကျုံးထိပ်ရှိ ပန်းခြံလေးမှာ ယခင်က သစ်လွင်လှပပြီး မြို့ကျက်သရေဆောင် တစ်ခုအဖြစ်တည်ရှိခဲ့ရာ ယခုအခါ သံတိုင်များမှာ သံချေးတက်ပြီး မြက်ပင်များရှည်ခြင်း၊ အကာအရံမရှိသည့်အတွက် လူ၊ တိရစ္ဆာန်များ ဥဒဟိုဝင်ထွက်ခြင်း၊ ပန်းခြံရှေ့တွင် ဆိုက်ကား၊ ဆိုင်ကယ်ကယ်ရီများ ဂိတ်ထိုးခြင်းနှင့် သစ်သီးဆိုင်တစ်ဆိုင်မှာလည်း အမြဲတစေ ညအိပ်ရောင်းချနေခြင်းများကြောင့် အမြင်ဆိုး၊ အကျည်းတန်သော နေရာတစ်ခုအဖြစ် ဖြစ်ပေါ်နေပါသည်။

မကြာမီ ပွင့်လင်းရာသီရောက်တော့မည်ဖြစ်သဖြင့် နိုင်ငံခြားဧည့်သည်များ၊ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ အမြင်တင့်တယ်စေရန်အတွက် တာဝန်ရှိသူများက ပန်းခြံလေးလှပစေမှုကို ပြုလုပ်ပေးရန် ပဲခူးနေပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

(၁၈၃)

ပြည်တွင်းသတင်း

မြေယာအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ မြေစီမံခန့်ခွဲမှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲကျင်းပ

မြေယာအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ မြေစီမံခန့်ခွဲမှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၇

မြေယာအသုံးချမှု စီမံခန့်ခွဲရေး ဗဟိုကော်မတီ မြေစီမံခန့်ခွဲမှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ မြေယာအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအဖွဲ့ဝင်၊ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စာနယ်ဇင်းနှင့်ရုပ်သံဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

အစွမ်းကုန်ကြိုးပမ်း

ရှေးဦးစွာ မြေယာအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီမြေစီမံခန့်ခွဲမှုဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အဖွင့်အမှာစကား ပြောကြားရာတွင် သမ္မတ ဦးဆောင်သော ပြည်ထောင်စုအစိုးရသည် အများပြည်သူ၏ အကျိုးစီးပွားဖြစ်ထွန်းရာ ဖြစ်ထွန်းကြောင်းကိုသာ အချိန်နှင့်အမျှ ရှေးရှု၍ စဉ်းစားတွေးခေါ်ကြံဆပြီး မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများ၏ အကျိုးစီးပွားကို ထိရောက်စွာမြှင့်တင်ပေးနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းလျက်ရှိပါကြောင်း။

မြေယာအငြင်းပွားမှုကိစ္စများတွင်လည်း ပြည်သူများ၏အကျိုးကို ရှေးရှုပြီး ပတ်သက်မှုရှိသည့် ပြည်သူတစ်ဦးချင်း၏ ရပိုင်ခွင့်၊ အခွင့်အရေးများအပေါ် လေးစားခြင်း၊ ကိုယ်ချင်းစာခြင်း အစရှိသည့် စိတ်ကောင်း စေတနာများအပေါ် အခြေခံကာ အမှန်ကို အမှန်အတိုင်း ဖြစ်သင့်ဖြစ်ထိုက်သည်များကိုလည်း ဖြစ်အောင်၊ လိုက်နာစောင့်ထိန်းရမည့် ပုဒ်မ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ စုံစမ်းရေးကော်မရှင်ဖွဲ့၍ ကော်မရှင်၏တွေ့ရှိချက်များအပေါ် အစိုးရအဖွဲ့မှ ဆက်လက်အရေးယူ ဖြေရှင်းပေးရန် အပိုင်းအားဖြင့် သုံးပိုင်းပါဝင်သည့် သဝဏ်လွှာကို နိုင်ငံတော်သမ္မတထံ ပေးပို့ခဲ့ပါကြောင်း၊ ၄င်းတွေ့ရှိချက်များ၌ စုစုပေါင်း အမှုတွဲ ၇၄၅ မှုပါဝင်ကြောင်း။

ထိုကော်မရှင်၏ တွေ့ရှိချက်များကို မပေးပို့မီကတည်းက အစိုးရအဖွဲ့သည် ဝန်ကြီးဌာနအသီးသီးက ပေးပို့လာကြသောတိုင်ကြားစာများ၊ သတင်းပေးပို့ချက်များအပေါ် မိမိတို့အစီအစဉ်ဖြင့် စဉ်ဆက်မပြတ် ဖြေရှင်းလျက်ရှိပါကြောင်း၊ စီမံကိန်းကော်မရှင် အစည်းအဝေးပွဲများ ကျင်းပပြီး တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ လျာထားရေးဆွဲစေကာ လယ်မဲ့၊ ယာမဲ့များ၊ အိမ်နေရာမရှိသူများကိုလည်း တရားဝင်နေရာချထားပေးနိုင်သည်အထိ မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကိစ္စတွင်လည်း လွှတ်တော်များအပိုင်းမှရော ပြည်သူများကပါ ဖြစ်စေချင်သည့် ဥပဒေနှင့်ညီပြီး ပြည့်စုံမှန်ကန်မှုရှိကာ၊ တရားမျှတစွာ ဖြေရှင်းပေးနိုင်ရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြေယာကိစ္စများကို စနစ်တကျ ကြပ်မတ်ဖြေရှင်းနိုင်ရန် ဗဟိုအဆင့်တွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ခေါင်းဆောင်သည့် မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါဖွဲ့စည်းမှုနှင့်အတူ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်၊ ကျေးရွာအဆင့် စီမံခန့်ခွဲမှုကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကိုလည်း တိတိကျကျ သတ်မှတ်ပေးထားပါကြောင်း။

ယခုဖွဲ့စည်းမှုများတွင် မြို့နယ်အဆင့်၊ ရပ်ကွက်၊ ကျေးရွာအဆင့်များ၌ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်းထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ရည်ရွယ်ချက်မှာ ပြည်သူထဲက ပြည်သူများကို ကိုယ်စားပြုသူများ၊ ဖြစ်စဉ်ဖြစ်ရပ်အမှန် သိသူများ၊ လူထုသဘောဆန္ဒများကို သိသူများ၊ ပကတိအခြေအနေမှန်ကို သိသူများဖြစ်၍ ပြည်သူများဘက်မှ ရပ်တည်ပြောဆို ဆွေးနွေးပေးနိုင်ကြစေရန် ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် ယခုမှ ဒုတိယသမ္မတတစ်ဦးခေါင်းဆောင်သည့်အဖွဲ့ဖွဲ့ပြီး စတင်ဆောင်ရွက်ပေးသည်ဟု မထင်မှတ်စေလိုပါကြောင်း၊ မြေနှင့်ပတ်သက်သည့် ကိစ္စများအပေါ် အမြဲတမ်းအလေးအနက်ထား ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့ ဖွဲ့စည်းရခြင်းသည် ပြဿနာများကို ထိထိရောက်ရောက်နှင့် မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် ဖြေရှင်းပေးနိုင်ရန်ဖြစ်ပါကြောင်း၊ မြေယာကိစ္စရပ်များအတွက် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ကြမှသာ ရေရှည်အတွက် ခိုင်မာမည်ဖြစ်ပါကြောင်း၊ အစိုးရအပိုင်းမှ ပြန်လည်စွန့်လွှတ်ပေးမည့် မြေများအပေါ် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းအဆင့်များရှိသကဲ့သို့ တစ်ဖက်မှ တောင်းခံနေသူများနှင့်ပတ်သက်ပြီး တောင်းခံသူတစ်ဦးသည် အမှန်တောင်းဆိုနိုင်ခွင့်ရှိသူ ဟုတ်၊ မဟုတ်၊ အမွေဆက်ခံပိုင်ခွင့်၊ ဆွေစဉ်မျိုးဆက်၊ မွေးစားခြင်းကိစ္စများ တောင်းခံသူများအတွင်းမှာပင် သူရသင့်၊ ကိုယ်ရသင့် အချင်းများမှုများ၊ ကန့်ကွက်မှုများ ရှိ၊ မရှိ စိစစ်ဆောင်ရွက်ရန် လိုအပ်သည်ကို နားလည်ပေးစေလိုပါကြောင်း။

ဥပဒေ၊ လုပ်ထုံးများနှင့်အညီ ဆောင်ရွက်ရာတွင်လည်း လယ်ယာမြေ ဥပဒေ ၂၀၁၂၊ လယ်ယာမြေနည်းဥပဒေ ၂၀၁၂၊ မြေလွတ်မြေလပ်နှင့်မြေရိုင်းများ ဥပဒေ ၂၀၁၂ နှင့် နည်းဥပဒေ ၂၀၁၂၊ မြေယာစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၏ တည်ဆဲဥပဒေများ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစသည့် စည်ပင်သာယာရေးကော်မတီများ၏ တည်ဆဲဥပဒေများအတိုင်း အတိအကျ လိုက်နာဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

မြို့နယ်အဆင့် မြေအသုံးချမှု စီမံခန့်ခွဲမှုကော်မတီ၏ အစည်းအဝေးများသို့သက်ဆိုင်ရာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များအား အခါအားလျော်စွာ ဖိတ်ကြားတက်ရောက်စေပြီး သဘောထားအမြင်အား ဆွေးနွေးညှိနှိုင်းခြင်း၊ ပြည်သူ့ကိုယ်စားလှယ်များကပါ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြခြင်းဖြင့် ပိုမိုလျင်မြန်အောင်မြင်စွာ ဖြေရှင်းနိုင်ကြမည်ဖြစ်ပါကြောင်း။

မြေယာနှင့် ပတ်သက်သော အငြင်းပွားမှုများ ထပ်မံမဖြစ်ပွားစေရန် မိမိတို့နိုင်ငံတွင် ခေတ်နှင့်လျော်ညီပြီး တိကျသည့်မြေယာအသုံးချမှု မူဝါဒတစ်ရပ် ချမှတ်ရန်မဖြစ်မနေ လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီရယူ၍ မူဝါဒရေးဆွဲချမှတ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူဝါဒရေးဆွဲပြဋ္ဌာန်းပြီးလျှင် အမျိုးသားအဆင့် မြေအသုံးချမှုစီမံချက်ကိုလည်း ဆက်လက်ရေးဆွဲသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က သိမ်းဆည်းမြေများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး၏လမ်းညွှန်ချက်၊ သိမ်းဆည်းမြေများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ ဖွဲ့စည်းဆောင်ရွက်မှု၊ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းမှုနှင့် သိမ်းဆည်းမြေများအပေါ် ပြန်လည်စွန့်လွှတ်ခြင်းနှင့်လွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုအတွက် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မတီ၏အစီရင်ခံစာပေါ်တွင် အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ထားရှိမှုနှင့် ဖြစ်စဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများမှ နိုင်ငံနှင့်အဝန်းရှိ လယ်ယာမြေနှင့် အခြားမြေများဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးနှင့် ဗိသုကာနည်းပညာဆိုင်ရာပြပွဲ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ပြသ

ရန်ကုန် စက်တင်ဘာ ၂၇

စင်ကာပူနိုင်ငံ CEMS Co.,Ltd နှင့် မြန်မာနိုင်ငံ N.M.T Co.,Ltd တို့ ပူးပေါင်းစီစဉ်မှု မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း၊ မြန်မာနိုင်ငံ AGTI အသင်းတို့ ပံ့ပိုးကူညီမှုဖြင့် ဆောက်လုပ်ရေးနှင့်ဗိသုကာနည်းပညာဆိုင်ရာပြပွဲကို စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ခင်းကျင်းပြသလျက်ရှိသည်။

ပြပွဲတွင် ပြည်ပကုမ္ပဏီ ၃၂ ခုတို့မှ ပြခန်းပေါင်း ၄၅ ခန်းဖြင့် ပြသထားပြီး မြန်မာနိုင်ငံမှ ဆောက်လုပ်ရေးဆိုင်ရာ ပညာရှင်များသည် ပြည်ပပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးပြီး အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးကြကြောင်း သိရှိရသည်။ **မောင်သိန်း**

AYA Bank
ဧရာဝတီဘဏ်

ဂုဏ်ယူဝမ်းမြောက်ခြင်း

အင်္ဂလန်နိုင်ငံအခြေစိုက်ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည့်
World Finance မှချီးမြှင့်သည့် ၂၀၁၃ခုနှစ်အတွက်
မြန်မာနိုင်ငံ၏အကောင်းဆုံးပုဂ္ဂလိကဘဏ်ဆုအား
ဧရာဝတီဘဏ် ကရရှိခဲ့သည့်အတွက်အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းဖော်ပြအပ်ပါသည်။

(1) ဦးစောဝင်းဦး (Managing Director) Bright Time Group of Companies
(2) ဦးမျိုးသိန်း (Managing Director) Dana Thiha Group of Companies
(3) ဦးကျော်လင်း (Managing Director) L.O.P Group of Companies

နိုင်ငံတကာသတင်း

ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်ရေး အမေရိကန်ရည်ရွယ်

ဝါရှင်တန် စက်တင်ဘာ ၂၇

အမေရိကန်နိုင်ငံသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချမှုလမ်းကြောင်းပေါ် ရောက်ရှိနေကြောင်း၊ ၂၀၂၀ ခုနှစ်မတိုင်ခင် ၂၀၀၅ ခုနှစ် ပမာဏထက် ၁၇ ရာခိုင်နှုန်း လျှော့ချပေးနိုင်ရန် ရည်ရွယ်ထားကြောင်း အမေရိကန်အစိုးရက စက်တင်ဘာ ၂၆ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုမှာ ၁၉၉၄-၁၉၉၆ က စတင်ကာ မည်သည့်သုံးနှစ်တာကာလမဆို လျှော့ချခဲ့ပြီး ၂၀၀၉-၂၀၁၁ သုံးနှစ်ကာလတွင်လည်း ပို လျှော့ချနိုင်ခဲ့ပြီးဖြစ်သည်ဟု ၂၀၁၄ ခုနှစ် ရာသီဥတုဖြစ်ပေါ်မှု အစီရင်ခံစာအရ သိရသည်။ အမေရိကန်နိုင်ငံအနေဖြင့် တိုးတက်မှုအခြေအနေကောင်းများရှိခဲ့ပြီဖြစ်ကြောင်း၊ လေစွမ်းအင်နှင့် နေစွမ်းအင်တို့မှ လျှပ်စစ်ဓာတ်အား နှစ်ဆထုတ်ပေးလျက်ရှိကြောင်း အစီရင်ခံစာက ဆိုထားသည်။

ဇွန်လထဲတွင် သမ္မတအိုဘားမားက ကာဗွန်ညစ်ညမ်းမှုလျှော့ချရေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို ကြေညာပြီး လျှပ်စစ်ကဏ္ဍမှ ကာဗွန်ထုတ်လွှတ်မှုကို ကန့်သတ်နိုင်ရန်နှင့်သန့်ရှင်းသောစွမ်းအင်နည်းပညာများ မြှင့်တင်ရန်ကတိပေးထားသည်။ **(ဘီဘီစီ)**

အီရန်ကို ပိတ်ဆို့ထားမှုများဖယ်ရှားသွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီပြော

ဝါရှင်တန် စက်တင်ဘာ ၂၇

အီရန်နိုင်ငံ၏ ချူကလီးယားစွမ်းအင်စီမံကိန်းအရေးတွင် ငြိမ်းချမ်းသောနည်းဖြင့် ပြေလည်မှုဖြစ်ပေါ်ခဲ့လျှင် ဝါရှင်တန်အနေဖြင့် တီဟီရန်ကို ပိတ်ဆို့ထားမှုများ လပိုင်းအတွင်း ဖယ်ရှားပေးသွားမည် ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားသည်။

ဝန်ကြီးဂျွန်ကယ်ရီက အီရန်နိုင်ငံအနေဖြင့် ချူကလီးယားစွမ်းအင်စီမံကိန်းများကို နိုင်ငံတကာစစ်ဆေးမှုနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဆိုပါက ပိတ်ဆို့ထားမှု ရုပ်သိမ်းပေးနိုင်မည်ဖြစ်သည်ဟု CBS သတင်းဌာနတွင် စက်တင်ဘာ ၂၆ ရက်က ပြောကြားခဲ့သည်။ ဥပမာအားဖြင့် အီရန်နိုင်ငံက ယူရေနီယံသိုလှောင်မှုကို လျှော့ချခြင်းလိုမျိုး လုပ်ဆောင်သင့်ကြောင်း ဂျွန်ကယ်ရီက ဆိုသည်။

ဂျွန်ကယ်ရီ၏ပြောကြားချက် ထွက်ပေါ်လာခဲ့သည်မှာ အီရန်ချူကလီးယားစွမ်းအင်စီမံကိန်းအပေါ် အဓိကနိုင်ငံကြီးခြောက်နိုင်ငံနှင့်အီရန်တို့ နယူးယောက်တွင် တွေ့ဆုံစည်းဝေးပြီးသည့်နောက်တွင်ဖြစ်သည်။

(ပရက်စ်တီဗွီ)

နိုင်ရိုဘီဈေးတိုက်ခိုက်မှုတွင် ဗြိတိန်သူတစ်ဦးပါဝင်နေ အင်တာပိုက အလိုရှိတရားခံအဖြစ် ကြေညာချက်ထုတ်

နိုင်ရိုဘီ စက်တင်ဘာ ၂၇

ကင်ညာ တာဝန်ရှိသူများ၏ တောင်းဆိုမှုအရ ဗြိတိန်နိုင်ငံသူ ဆမ်မန်သာလူးဝစ်ကို အလိုရှိတရားခံ တစ်ဦးအဖြစ် နိုင်ငံတကာရဲတပ်ဖွဲ့ အင်တာပိုက ကြေညာထားကြောင်း စက်တင်ဘာ ၂၆ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အသက် ၂၉ နှစ်ရှိ ဆမ်မန်သာသည် ၂၀၀၅ ခုနှစ် ဇူလိုင် ၇ ရက်က ဖြစ်ပွားခဲ့သည့် လန်ဒန်အသေခံဗုံးခွဲသူ လေးဦးမှ တစ်ဦး၏ ကျန်ရစ်သူဇနီးဖြစ်ပြီး ကမ္ဘာ့အလိုရှိဆုံး အမျိုးသမီးအဖြစ် သတင်းအချို့က ဖော်ပြသည်။

အဖြူရောင်မုဆိုးမအဖြစ် သတ်မှတ်ခေါ်ဝေါ်သော ဆမ်မန်သာသည် ဆိုမာလီ အစ္စလာမ္မစ်လက်နက်ကိုင် အဲလ်ရှာဘတ်အဖွဲ့နှင့် ချိတ်ဆက်မှုရှိသူဟုဆိုသည်။ လတ်တလောဖြစ်ပွားခဲ့သည့် နိုင်ရိုဘီ အဆင့်မြင့်ဈေးကြီး တိုက်ခိုက်ခံရမှုတွင် အနည်းဆုံး လူ ၆၇ ဦး သေဆုံးရမှုနှင့် ပတ်သက်ပြီး ဆမ်မန်သာပါဝင်ကြောင်း ထင်ကြေးများထွက်ခဲ့ရာမှ ယင်းသို့ အင်တာပိုကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လေးရက်ကြာ တိုက်ခိုက်ဝင်စီးခဲ့သည့် ယင်းအဆင့်မြင့်ဈေးကြီး တိုက်ခိုက်မှုလက်သည်မှာ အဲလ်ရှာဘတ်အဖွဲ့က လုပ်ဆောင်ခြင်းဖြစ်သည်ဟုဆိုသည်။ အယ်လ်ခိုင်ဒါ အဆက်အနွယ် အဲလ်ရှာဘတ်အဖွဲ့သည် ယင်းဈေးကြီးတွင် ဓားစာခံ ၁၃၇ ဦးထိ ဖမ်းဆီးထားခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်နှိမ်နင်းရာတွင် ဓာတုလက်နက်သုံးခြင်းကြောင့် သေဆုံးကြရခြင်းဖြစ်ကြောင်း တွစ်တာတွင် ဖော်ပြသည်။ ကင်ညာအစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မည်သည့်ဓာတုလက်နက်မျှမသုံးခဲ့ကြောင်း ငြင်းဆိုသည်။

ဆိုမာလီတွင် ကင်ညာတပ်ဖွဲ့ဝင် ၄၀၀၀ ခန့် တပ်စွဲထားသည်ကို မရုပ်သိမ်းလျှင် တိုက်ခိုက်မှုများ ဆက်တိုက်လုပ်ဆောင်မည်ဟု အဲလ်ရှာဘတ်အဖွဲ့က အထပ်ထပ်ခြိမ်းခြောက်လျက်ရှိသည်။

(ဘီဘီစီ)

တိုယိုတာနှင့် နစ်ဆန်းကုမ္ပဏီက ကားများပြန်ခေါ်ယူ

တိုကျို စက်တင်ဘာ ၂၇

ဂျပန် တိုယိုတာကားကုမ္ပဏီနှင့် နစ်ဆန်းကားကုမ္ပဏီကြီးတို့သည် စက်ပိုင်းဆိုင်ရာချွတ်ယွင်းမှုကြောင့် ကားများ ပြန်လည်ခေါ်ယူရန် ကြေညာကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာ ၂၇ ရက်က ဖော်ပြသည်။

တိုယိုတာကားကုမ္ပဏီက အမေရိကန်နိုင်ငံတွင်း Sienna မီနီဗင်ကားစီးရေ ၆၁၅၀၀၀ ကို လီဗာပိုင်း ချွတ်ယွင်းမှုကြောင့် ပြန်လည်ခေါ်ယူလျက်ရှိသည်။ ယင်းကားများတွင် လီဗာပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် အသေးစားမတော်တဆမှု ၂၄ ခု ဖြစ်ပွားခဲ့ရသည်ဟုဆိုသည်။

ထိုအတောအတွင်းမှာပင် နစ်ဆန်းကားကုမ္ပဏီက ကမ္ဘာအနှံ့ ကားစီးရေ ၉၀၈၉၀၀ ပြန်လည်ခေါ်ယူသည်။ အရှိန်အချက်ပြစနစ် ချွတ်ယွင်းမှုကြောင့်ဟုဆိုပြီး ယင်းကြောင့် မတော်တဆဖြစ်ပွားခြင်း မရှိသေးကြောင်း နစ်ဆန်းကုမ္ပဏီက ပြောကြားသည်။

(ဘီဘီစီ)

မိုးသည်းထန်၍ မက္ကဆီကိုအပန်းဖြေ ကမ်းခြေမြို့တွင် ရေကြီးရေလျှံမှုဖြစ်

မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၇

လူပေါင်း ၁၃၉ ဦးသေဆုံးခဲ့သည့် မုန်တိုင်းနှစ်ခုကျရောက်ပြီးနောက်တွင် မက္ကဆီကိုနိုင်ငံအပန်းဖြေ အကာပူကိုကမ်းခြေတွင် ရေကြီးရေလျှံမှုဖြစ်နေကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာ ၂၇ ရက်က ဖော်ပြသည်။

ရေကြီးမှုသည် သုံးပေအထက်ထိ မြင့်တက်ခဲ့ရာ အာဏာပိုင်များက ကျောင်းများကို ပိတ်ခိုင်းထားပြီး ဘေးအန္တရာယ်ရှိသောနေရာများတွင် နေထိုင်သူများကို ကင်းလွတ်ရာသို့ ရွှေ့ပြောင်းထားသည်။

အကာပူကိုအပန်းဖြေကမ်းခြေသည် ရာသီဥတုအဆိုးရွားဆုံးနေရာများအနက် တစ်နေရာဖြစ်ကာ ကမ္ဘာလှည့်ခရီးသည်ထောင်ပေါင်းများစွာ သောင်တင်လျက်ရှိသည်ဟု ဆိုသည်။

မိုးပို၍သည်းထန်လာနိုင်ခြေရှိသဖြင့် ဂူယာရီရိုပြည်နယ်ကျန်ရှိအပိုင်းများတွင်လည်း အစိုးရက သတိပေးချက်အသစ်များ ထုတ်ပြန်ထားကြောင်း သတင်းတွင် ဖော်ပြသည်။ **(ဘီဘီစီ)**

မွမ်ဘိုင်းမြို့တွင် လေးထပ်အဆောက်အအုံပြိုကျ ပိတ်မိနေသူမိသားစု ၇၀ အထက်မှာရှိနေ

မွမ်ဘိုင်း စက်တင်ဘာ ၂၇

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် လေးထပ်အဆောက်အအုံတစ်လုံး ပြိုကျကာ အပျက်အစီးများအောက် လူများပိတ်မိနေပြီး ကယ်ဆယ်နိုင်ရေး ကြိုးစားနေရကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာ ၂၇ ရက်က ဖော်ပြသည်။

ဒေါ့ယတ် လမ်းမကြီးအနီးတွင်ရှိသော ယင်းအဆောက်အအုံ အပျက်အစီးများအောက်တွင် လူဒါဇင်ချီ ရှိနေနိုင်ကြောင်း သတင်းများတွင်ဖော်ပြသည်။ အပျက်အစီးအောက်မှ သေဆုံးသူတစ်ဦး ဆွဲထုတ်ရရှိသည်ဟု ဆိုသည်။ သတင်းတစ်ရပ်တွင်မူ လူ ခုနစ်ဦး ကယ်ဆယ်ရမိကြောင်း ဖော်ပြသည်။

အိန္ဒိယတွင် ထိုသို့ အဆောက်အအုံပြိုကျမှုများ အဖြစ်များကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်း၏ ချွတ်ယွင်းမှုများကြောင့် မကြာခဏ တွေ့ရှိရကြောင်း သတင်းထောက်များက ပြောကြားသည်။ ယင်း ပြိုကျအဆောက်အအုံအတွင်းနေထိုင်သူ မိသားစု ၂၀ ကျော်ရှိကြောင်း အမျိုးသား ဘေးအန္တရာယ် ထိန်းချုပ်ကိုင် တွယ်ရေးအာဏာပိုင်အဖွဲ့မှ တာဝန်ရှိ သူတစ်ဦးကဆိုသည်။ တိုက်ပြိုကျရာတွင် လူများ စုဝေးရောက်ရှိနေပြီး အပျက်အစီးအောက် ပိတ်မိနေသူများကို ထုတ်ယူနိုင်ရန် ကူညီလျက်ရှိသည်။ လူတစ်ဦးက သူ၏သားငယ်ကိုစောင့်နေကြောင်း၊သူ့သားမှာ ယခုအဆောက်အအုံအပျက်အစီးများအောက် ရောက်နေကြောင်း ဝမ်းနည်းစွာ ပြောကြားသည်။

ပိတ်မိနေသူ မိသားစုပေါင်း ၇၀ အထက်မှာရှိလိမ့်မယ်လို့ ထင်ကြောင်း ၎င်းတာဝန်ရှိသူ အဝသာကီက ပြောကြားသည်။ မွမ်ဘိုင်းမြို့ တွင်း၌ပင် ဧပြီလထဲတွင် မြို့စွန်ရှိ အခြားအဆောက်အအုံတစ်လုံး ပြိုကျရာတွင် လူပေါင်း ၇၄ ဦးအထိ အသက်ဆုံးရှုံးခဲ့သည်။

(ဘီဘီစီ)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၂၇/၂၀၁၃)
၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်)
တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမ အကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၁)၊ ၂၄-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄/၂၀၁၁)၊ ၂၂-၄-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၂/၂၀၁၂) နှင့် ၁၂-၆-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၂/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ကြည်း ၂၂၆၁၃ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်	(အစား)	ကြည်း ၁၇၉၆၉ ဒုတိယဗိုလ်မှူးကြီး ချစ်ဝင်း
(၂)	ကြည်း ၂၀၉၉၁ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဝင်း	(အစား)	ကြည်း ၂၀၆၆၂ ဒုတိယဗိုလ်မှူးကြီးလွင်ဦး
(၃)	ကြည်း ၂၁၉၀၉ ဒုတိယဗိုလ်မှူးကြီးတင်မိုး	(အစား)	ကြည်း ၂၂၄၈၂ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ညွှန့်
(၄)	ကြည်း ၂၁၄၇၀ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်	(အစား)	ကြည်း ၂၄၉၂၀ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျ
(၅)	ကြည်း ၂၃၁၇၄ ဒုတိယဗိုလ်မှူးကြီး ထင်ကျော်စိုး	(အစား)	ကြည်း ၁၉၅၃၆ ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်
(၆)	ကြည်း ၁၇၆၇၈ ဒုတိယဗိုလ်မှူးကြီးမြင့်မော်	(အစား)	ကြည်း ၂၇၀၁၅ ဒုတိယဗိုလ်မှူးကြီး အောင်မြတ်သိန်း
(၇)	ကြည်း ၂၇၀၂၅ ဗိုလ်မှူး မိုးသူ	(အစား)	ကြည်း ၃၃၅၀၄ ဗိုလ်မှူး မင်းဇော်လင်း
(၈)	ကြည်း ၂၉၅၁၆ ဗိုလ်မှူးကျော်မြင့်အောင်	(အစား)	ကြည်း ၃၃၅၀၅ ဗိုလ်မှူး ဇော်လှိုင်ဝင်း

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၂၈/၂၀၁၃)
၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)
တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ငါးဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမ အကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ငါးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၂/၂၀၁၁)နှင့် ၁၆-၁၀-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၄၂/၂၀၁၂) တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ငါးဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ကြည်း ၁၄၇၀၈ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်မိုး	(အစား)	ကြည်း ၂၈၁၄၈ ဒုတိယဗိုလ်မှူးကြီး ဇော်လင်း
(၂)	ကြည်း ၂၆၉၈၆ ဗိုလ်မှူး မြင့်စိုး	(အစား)	ကြည်း ၃၃၅၀၉ ဗိုလ်မှူး ရဲဝင့်စိုး
(၃)	ကြည်း ၂၈၂၈၈ ဗိုလ်မှူး မင်းရဲထွေး	(အစား)	ကြည်း ၃၅၃၅၇ ဗိုလ်မှူး သက်ဝင်း
(၄)	ကြည်း ၃၂၃၈၄ ဗိုလ်မှူး နေလင်းအောင်	(အစား)	ကြည်း ၃၁၄၀၁ ဗိုလ်မှူး သန်းထွန်းမြင့်
(၅)	ကြည်း ၃၂၃၆၃ ဗိုလ်မှူး ဇော်နေလင်း	(အစား)	ကြည်း ၂၀၅၉၂ ဗိုလ်မှူး သန်းထိုက်

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်တွင်းသတင်း

နေပြည်တော်ရှိ ဆည်တမံများကြံ့ခိုင်ရေးဆောင်ရွက်ပြီးဖြစ် မိုးများစွာရွာသွန်းသော်လည်း ရေပြည့်ခြင်းမရှိသေး

နေပြည်တော် စက်တင်ဘာ ၂၇

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနလက်အောက်တွင် ဆည်တမံစုစုပေါင်း ၂၂ ခုရှိပြီး ဆည်တမံအားလုံးကို ကြံ့ခိုင်ရေးဆောင်ရွက်ထားရှိပြီးဖြစ်သည့်အပြင် ရေကောင်းစစ်ဆေးရန် ဆည်ငယ်များအတွက် ဝန်ထမ်းငါးဦးနှင့် ဆည်လတ်များအတွက် ၁၀ ဦးချထားကာ စောင့်ကြပ်လျက်ရှိကြောင်း နေပြည်တော်ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းရေးညွှန်ကြားရေးမှူး ဦးစိုးတင့်က ပြောကြားသည်။

နေပြည်တော်၌ ဆည်တစ်ခု ကျိုးပေါက်သည်ဟူသော စက်တင်ဘာ ၂၆ ရက် 7 Day Daily နေ့စဉ်ထုတ်သတင်းနှင့်ပတ်သက်၍ အမှန်အားဖြင့် အဆိုပါကျေးရွာ၌ တောင်သူများဆောင်ရွက်ထားသော လျှိုပိတ်ဆည်ရှိခဲ့ပါက ကျိုးပေါက်နိုင်သည့်အတွက် မြေပြင်စစ်ဆေးဆောင်ရွက်နေကြောင်း ဖြေကြားခဲ့ခြင်းဖြစ်ပြီး ဆည်မြောင်းဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးရာ၌ လျှိုပိတ်ဆည်မရှိကြောင်း၊ မိုးရေကြီးခြင်းကြောင့်သာလျှင် ရေကြီးရေလျှံဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ မည်သည့်ဆည်တမံမှ ကျိုးပေါက်ခြင်းမရှိကြောင်း သိရသည်။

လက်ရှိ စက်တင်ဘာလ ၂၆ ရက်နေ့အထိ နေပြည်တော်ရှိ ဆည်တမံများအနက် ငလိုက်ဆည် တစ်ခုသာလျှင် ကန်ရေပြည့်အမှတ်ကို ရောက်ရှိနေ၍ ရေပိုလွှဲမှ ရေကျော်ခြင်းသာရှိကြောင်း၊ ပေါင်းလောင်းဆည်သည်လည်း ကန်ရေပြည့်အမှတ်(၅၃၅)ကို မီရန် ၅ ပေ ခန့် လိုအပ်နေသေးပြီး ကျန်ဆည်အားလုံးမှာလည်း ကန်ရေပြည့် ရေဝင်ရောက်မှု မရှိသေးကြောင်း သိရသည်။

ထူးခြားဖြစ်စဉ်နှင့် ချိန်ခါမဟုတ် မိုးရွာသွန်းမှုများအတွက် ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များ စီမံချက်များရေးဆွဲပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် လူအင်အား၊ ပစ္စည်းအင်အား၊ စက်ယန္တရားများကို စုဖွဲ့ထားရှိပြီးဖြစ်ပါ၍ လူထုမှစိုးရိမ်ပူပန်ခြင်းမဖြစ်ရန် အသိပေးလိုကြောင်းနှင့် အချို့သော ကောလာဟလများကို အလွယ်တကူ မယုံကြည်ကြရန်နှင့် သိရှိလိုသည်များရှိပါက နေပြည်တော်ဆည်မြောင်းထိန်းသိမ်းရေးရုံး တာဝန်မှူး ဖုန်း-၀၆၇-၂၂၀၄၈၀ သို့ဆက်သွယ်စုံစမ်းနိုင်သကဲ့သို့ မိမိ၏ဖုန်း-၀၉-၈၃၀၀၈၁၈ ထံသို့လည်းဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဆည်မြောင်းဌာန တာဝန်ရှိသူ ညွှန်ကြားရေးမှူး ဦးစိုးတင့်က ပြောကြားသည်။

အချို့သောသူများက ဖြစ်စဉ်အမှန်ကို တိကျစွာမသိဘဲ စာနယ်ဇင်းများထံသို့ မိမိတို့တစ်ဆင့် ကြားသိရသည်များကို သတင်းပို့သောအခါ ရေးသူတို့က နားလည်မှု အလွဲအမှားများဖြစ်စေနိုင်သဖြင့် ဆည်မြောင်းဦးစီးဌာနဝန်ထမ်းများသည် တောင်သူများနှင့် အမြဲထိတွေ့ဆက်ဆံနေကြသည်ဖြစ်ရာ ဒေသခံလူထုများ၏ စိုးရိမ်ပူပန်မှုများကို ကူညီဖြေရှင်းပေးရန်အတွက် တောင်သူလယ်သမားများ၊ ရပ်မိရပ်ဖများအနေဖြင့် ဆည်တမံများနှင့်ပတ်သက်၍ တွေ့ရှိချက်များ၊ ထူးခြားဖြစ်စဉ် သတင်းပို့လိုသည်များကို ဆည်မြောင်းဦးစီးဌာနမှ တောင်သူလယ်သမား မိတ်ဆွေ (Farmer Friend)ဝန်ထမ်းများကို ဆည်တမံနှင့်ရေသောက်စနစ်ရှိသော ဒေသများတွင် ခန့်ထားပြီးဖြစ်၍ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

(မြန်မာ့အလင်း)

ယနေ့ မိုးလေဝသ	**နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်မည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ရှင်းလင်းပြန်ကြားချက်ထုတ်ပြန်

ယနေ့ (၂၇-၉-၂၀၁၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာမျက်နှာဖုံးတွင် သတင်းထောက် ထက်ခိုင်(စမ်းချောင်း) အမည်ဖြင့် ဖော်ပြထားသော“ ဈေးကွက်အတွင်း ငါးပိအချို့ ဓာတ်မြေဩဇာများ ပါဝင်မှုအတည်ပြု” ဟူသောသတင်းတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) ဓာတ်ခွဲခန်းက အဖြေထုတ်စစ်ဆေးပေးခဲ့ကြောင်း မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ပြောကြားခဲ့သည်ဆိုသည့် သတင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ရှင်းလင်းပြန်ကြားအပ်ပါသည်-

(က) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပေးခဲ့သော နမူနာမှာ ငါးပိမဟုတ်ဘဲ ရေကျိုငါးပိနမူနာသုံးမျိုးသာဖြစ်ပါသည်။

(ခ) ၎င်းရေကျိုငါးပိနမူနာ သုံးမျိုးအနက် တစ်မျိုးတွင် ယူရီးယားဓာတ်ပါဝင်သည်ကို တွေ့ရှိရပါသည်။ သို့သော် ထိုသို့တွေ့ရှိသည့် ယူရီးယားဓာတ်မှာ ဓာတ်မြေဩဇာရောနှောပါဝင်ခြင်းကြောင့် ဟုတ်/မဟုတ်ကို ခွဲခြားနိုင်ခြင်းမရှိကြောင်း မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်သို့ ပြန်ကြားထားပါကြောင်း ရှင်းလင်းပြန်ကြားအပ်ပါသည်။

သဘာဝဓာတ်ငွေ့ယိုစိမ့်မှုပြင်ဆင်ပြီးစီး

နေပြည်တော် စက်တင်ဘာ ၂၇

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မကွေး-ပျော်ဘွယ်-ပြည်ညောင်-ပင်းပက် ပိုက်လိုင်း၏ ပျော်ဘွယ်-ပြည်ညောင် ၁၂ လက်မ ပိုက်လိုင်းအပိုင်း၏ ကြံ့ခိုင်မှုအား စက်တင်ဘာ ၂၄ ရက်တွင် သဘာဝဓာတ်ငွေ့ဖြည့်သွင်း၍ စစ်ဆေးခဲ့ရာ သာစည်မြို့နယ် ကုက္ကိုကန်ကျေးရွာအနီး ခန့်မှန်းမြေပုံညွှန်း (KC-0793) နေရာ၌ သဘာဝဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားနေကြောင်း စက်တင်ဘာ ၂၅ ရက်တွင် သိရှိခဲ့သဖြင့် တီတွတ်ပိုက်လိုင်းစခန်းမှ အင်ဂျင်နီယာ ဦးဌေးဝင်းနှင့်အဖွဲ့က အဆိုပါနေရာအား သွားရောက်ပြုပြင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ပြီးစီးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် J.J EDWARD SU HONG SOV အမည်ပါသော အရေးကြီးကတ်ပြားများ ကမာရွတ်မြို့နယ်အတွင်း ပျောက်ဆုံးသွားပါသည်။ တွေ့ရှိသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၀၇၂၉၄၈၊ ၀၉-၇၃၀၂၁၉၃၇



ဆောင်းပါး

မြေးများနှင့် အဘိုး စကားဝိုင်း (၂)

လှိုင်သင်း

နံနက်စောစောထ တရားထိုင်ပြီး နံနက်တိုင်း စားသောက်နေကျ နံနက်စာဖြစ်သည့် ထမင်းကြော်နှင့် ကော်ဖီ စားသောက်ကာ တလောက ဗန်ကောက်ရောက်စဉ်ဝယ်လာခဲ့သည့် 'Michio Kaku'၏ ' Physics of the Future' စာအုပ်ကို ဧည့်ခန်းထဲ ထိုင်ဖတ်နေခိုက် မြေးတစ်သိုက် အဘိုး ဘေးနား ရောက်လာကြသည်။

အဘိုး။ "ဟော. . . ကနေ့တော့ လူစုံတက်စုံပါလား။ မီးမီးလည်း ပါလာတာကိုး"

ထိပ်တင်မလေး။ "ဟိုနေ့ညက ဘိုးဘိုး ကမ္ဘာကြီးအကြောင်း ပြောပြတာ မီးမီးမကြားလိုက်ရလို့။ မီးမီးလည်း သိချင်တာပေါ့"

အဘိုး။ "ငါ့မြေးမလေးက အခုမှ Grade III ဆိုတော့ အတန်းက ငယ်သေးတယ်။ ဘိုးဘိုးရှင်းပြတာတွေ နားလည်နိုင်မှာ မဟုတ်သေးဘူး"

ထိပ်တင်မလေး။ "မီးမီးနားလည်သလောက် လိုက်မှတ်မှာပေါ့ အဘိုးရဲ့။ နောက်မီးမီးအတန်းတွေကြီးလာပြီး စာတွေထပ်သင်လာရတော့ ဒါဘိုးဘိုး ရှင်းပြတာတွေပဲလို့ သိလာမှာပေါ့။ မဟုတ်ဘူးလား ဘိုးဘိုး"

အဘိုး။ "ဟုတ်ပါ့ဗျာ. . . ဟုတ်ပါ့။ ငယ်သေးတယ်ဆိုတိုင်း ဉာဏ်ကို လျှော့တွက်လို့မရတဲ့ သာဓကတွေလည်း အများကြီး ရှိခဲ့ဖူးပါတယ်။ ဥပမာဆိုပါတော့ ဖရက်ဒရစ်ကားလ်ဂေါက်စ်ဆိုတဲ့ ဂျာမန်သင်္ချာပညာရှင်ကြီးဆို ငယ်ငယ်လေးကတည်းက သူ့ရဲ့ သင်္ချာပါရမီအစွမ်းကို ထုတ်ပြခဲ့တာ"

ထိပ်တင်ကြီး။ "ဟုတ်လား. . . ဘိုးဘိုး။ သားတို့ကို သူ့အကြောင်း ပြောပြပါလား"

အဘိုး။ "ကားလ်ဂေါက်စ်က ဘယ်လောက်တော်သလဲဆိုတော့ ကမ္ဘာပေါ်မှာ သင်္ချာဘယ်သူအတော်ဆုံးလဲလို့မေးရင် သင်္ချာပညာရှင်အားလုံးက သူ့ခေတ်နဲ့သူ အတော်ဆုံးဟာ အာကမီးဒီးဇ်ရယ်၊ နျူတင်ရယ်၊ ဂေါက်စ်ရယ် တစ်တန်းတစ်စားတည်းပဲလို့ တညီတညွတ်တည်း ဖြေကြတယ်။ ဘိုးဘိုးတက္ကသိုလ်ကျောင်းသားဘဝ ၁၉ နှစ်သားလောက်မှာ ဂေါက်စ်တီထွင်ထားတဲ့ 'Theory of Least Squares'ကို သင်ရတယ်။ ဘိုးဘိုးတို့ ဉာဏ်မမီနိုင်လောက်အောင်ခက်တဲ့ အဲဒီသင်္ချာပညာကို ဂေါက်စ်ကလည်း ၁၉ နှစ်သားအရွယ်မှာ တီထွင်ခဲ့တာဆိုတော့ ထိုင်ရှိခိုးချင်စိတ် ပေါက်လောက်အောင် ကြည်ညိုမိတာအမှန်ပဲ"

ထိပ်တင်ဦး။ "သူငယ်ငယ်လေးကတည်းက သူ့သင်္ချာ ပါရမီအစွမ်းပြခဲ့တယ်ဆိုတာ ဘယ်လိုလဲ ဘိုးဘိုး"

အဘိုး။ "ဂေါက်စ် ကျောင်းနေစအရွယ် အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားလောက်ပဲ သင်ရသေးတဲ့အချိန်မှာ သူ့အတန်းပိုင်ဆရာ ဘွတ်တနာက သူ့မိတ်ဆွေတစ်ယောက်ဆီ စာတစ်စောင် ရေးချင်တာနဲ့ ကျောင်းသားတွေကို အလုပ်ပေးတဲ့အနေနဲ့ ၁ ကနေ ၁၀၀ အထိ ပေါင်းဆိုပြီး ပုစ္ဆာပေးလိုက်တယ်။ ဆရာက ကျောင်းသားတွေ တော်တော်နဲ့ တွက်လို့ပြီးမှာ မဟုတ်ဘူးဆိုပြီး စာရေးမလို့ လုပ်နေတုန်းပဲရှိသေးတယ်။ ဂေါက်စ်က သူ့ရှေ့ရောက်လာပြီး လက်တစ်ဝါးစာ စာရွက်လေးပေါ်မှာ အဖြေတစ်ခုတည်းရေးပြီး လာပြတယ်။ ဘာမှ ပေါင်းထား၊ တွက်ထားတာလည်း မရှိဘူး။ ဒါပေမယ့် သူလာပြတဲ့ အဖြေ ၅၀၅၀ ကလည်း မှန်နေတော့ 'မင်း ဘယ်လိုတွက်သလဲ'လို့ ဆရာကမေးတယ်။ ဂေါက်စ်က 'ဒီလိုပါ ဆရာ. . . ရှေ့ဆုံးတစ်နဲ့ နောက်ဆုံး ၁၀၀နဲ့ ပေါင်းရင် ၁၀၁ရပါတယ်။ အဲဒီလိုပဲ ရှေ့ကတစ်လုံးတိုးပြီး နောက်ကတစ်လုံး လျှော့ပေါင်းတိုင်း ၁၀၁ရတာ၊ နောက်ဆုံး ၅၀နဲ့ ၅၁အထိဖြစ်ပါတယ်။ ဒါကြောင့် ၁၀၁ရတဲ့ အတွဲပေါင်း ၅၀ရှိလို့ အဖြေက ၅၀၅၀ ဖြစ်တာပါ'လို့ ရှင်းပြတယ်။ သူ့ဆရာလည်း ဘာပြောရမှန်းမသိအောင် ဟိုက်ခနဲဖြစ်သွားတယ်။ ဒါနဲ့ ဆရာဘွတ်တနာက အကောင်းဆုံး ဂဏန်းသင်္ချာစာအုပ်တစ်အုပ်ဝယ်ပြီး လက်ဆောင်ပေးတယ်။ ဂေါက်စ်က တစ်အုပ်လုံးကုန်အောင် ထိုင်ရာမထတွက်ပြတယ်။ တကယ့်အံ့မခန်းပါရမီရှင်ပဲ"

ထိပ်တင်လတ်။ "သားလည်း သူ့လိုတော်ချင်လိုက်တာ"

အဘိုး။ "သူ့လိုတော်ချင်ရင် သူ့လိုကြိုးစားပေါ့မြေးရဲ့။ သင်္ချာနဲ့ ပတ်သက်ပြီး သူ့ရဲ့ပြောင်မြောက်တဲ့ တီထွင်မှုတွေကို ဘယ်လိုများ စွမ်းဆောင်ခဲ့တာလဲလို့ မေးတော့ ဂေါက်စ်က သူ့ပင်ကိုစရိုက်အတိုင်း နှိမ့်နှိမ့်ချချနဲ့ 'တခြားလူတွေလည်း ကျွန်တော့်လို အဆက်မပြတ် နက်နက်ရှိုင်းရှိုင်း အာရုံစူးစိုက်နေမယ်ဆိုရင် ကျွန်တော်ဖော်ထုတ်တွေ့ရှိတာမျိုးတွေကို သူတို့လည်း ကျွန်တော့်လို တွေ့နိုင်ကြမှာပါ'လို့ ဖြေခဲ့ဖူးတယ်"

ထိပ်တင်လတ်။ "သူက ဘယ်လိုအဆက်မပြတ် အာရုံစူးစိုက်တာလဲ ဘိုးဘိုး"

အဘိုး။ "သင်္ချာမှာ အပေါင်းလက္ခဏာနဲ့ အနုတ်လက္ခဏာဆိုတာ ရှိတယ်မဟုတ်လား။ တစ်ခါက သင်္ချာညီမျှခြင်းတစ်ခုမှာပါတဲ့ လက္ခဏာဟာ အပေါင်းလား၊ အနုတ်လား သူ့စိတ်နှလုံး တုံးတုံးမချနိုင်မချင်း လေးနှစ်လုံးလုံး အဲဒီပြဿနာကို မစဉ်းစားဘဲ ကျော်သွားတဲ့ ရက်သတ္တပတ်ဆိုတာ တစ်ပတ်မှ မရှိခဲ့ဘူးလို့ ပြောဖူးတယ်"

ထိပ်တင်လတ်။ "အဲဒီလို အကြာကြီးဦးနှောက်အခြောက်ခံပြီး စဉ်းစားရင် ရူးမသွားနိုင်ဘူးလား ဘိုးဘိုး"

အဘိုး။ "ဘယ်ကလာ ရူးရမှာလဲ. . . လတ်လတ်ရဲ့။ အဲဒါ ဦးနှောက်အခြောက်ခံပြီး မစဉ်းစားချင်တဲ့ တို့ဗမာ လူပျင်း လူဖျင်းတွေ ပြောတဲ့စကားကွ။ ဘိုးဘိုး ငယ်ငယ်ခြောက်တန်းတုန်းက ဘိုးဘိုးနဲ့ တစ်တန်းတည်း သူငယ်ချင်း မြင့်စိန်ဆိုတာရှိတယ်။ 'ဒီ Algebra တွေ တွက်ရတာ ဦးနှောက်ခြောက်တယ်ကွာ၊ ငါဆိုက်ကားပဲနင်းတော့မယ်'ဆိုပြီး ကျောင်းက ထွက်ပြီး တကယ်ဆိုက်ကားနင်းသွားတာ ကြုံခဲ့ရဖူးတယ်"

ထိပ်တင်ကြီး။ "ဘိုးဘိုးပြောတာ ဟုတ်တယ်။ မင်းရူးမှာစိုးလို့ မစဉ်းစားရင်တော့ ဆိုက်ကားသမားပဲ ဖြစ်လိမ့်မယ်----လတ်လတ်"

ထိပ်တင်လတ်။ "အောင်မယ်----ဘာလို့ဆိုက်ကားသမားဖြစ်ရမှာလဲ။ ဘယ်တော့မှ ဆိုက်ကားသမားမဖြစ်ဘူး--မှတ်ထား။ သားကကြီးလာရင် သိပ္ပံပညာရှင်လုပ်မှာ။ မယုံရင် စောင့်ကြည့်"

အဘိုး။ "ကဲ--ကဲ ရန်မဖြစ်ကြနဲ့။ ဘိုးဘိုးမြေးတွေ ဘယ်သူမှ ဒီလောက်မညံ့ဘူး။ ညံ့ရင် ဘိုးဘိုးမြေး ဘယ်ပီသတော့မှာလဲ။ အာရုံစူးစိုက်တာနဲ့ ပတ်သက်ပြီး ဘိုးဘိုးကိုယ်တွေ့တစ်ခုပြောပြမယ်။ ဘိုးဘိုးဗိုလ်ကြီးဘဝ အသက် ၃၀ ကျော်လောက်မှာ တံတားအင်ဂျင်နီယာသင်တန်းဆိုတာ တက်ရတယ်။ ဂျပန်တံတား ပညာရှင်တွေလာသင်တဲ့ သင်တန်းပဲ။ တံတားဒီဇိုင်းပညာက အင်မတန်နက်နဲရှုပ်ထွေးတယ်။ တစ်ရက်မှာ ညီမျှခြင်းတစ်ခုကို ဘိုးဘိုး နားမလည်တာနဲ့ ဘိုးဘိုးတို့ဆရာ မစ္စတာအိုနိုကို ဘိုးဘိုးသွားမေးတယ်။ မစ္စတာအိုနိုက 'မင်းဒီလောက်တော်တဲ့ကောင်ကွာ၊ မင်းစဉ်းစားကြည့်လိုက်ရင် ပေါ်လာမှာပါ'လို့ပြောပြီး ရှင်းမပြဘူး။ ဘိုးဘိုးလည်း နားမလည်လို့ သွားမေးတာကို

Milky Way ဂဲလက်ဆီပုံ

ရှင်းမပြတော့ ဒေါပွတာပေါ့။ ဒါပေမယ့် ကိုယ့်ဟာကိုယ် စဉ်းစားတော့လည်း ဘယ်လိုစဉ်းစားစဉ်းစားမပေါ်ဘူး။ ဒီလိုနဲ့ အဲဒီပြဿနာက ဘိုးဘိုးခေါင်းထဲမှာ နှစ်ရက်သုံးရက်လုံးဝမထွက်ဘူး။ နေ့နေ့၊ ညည ဒါကိုပဲစဉ်းစားနေတယ်။ တစ်ညကျ အဖြေမရတာနဲ့ ဘိုးဘိုးလည်း အိပ်ရာထဲ ဝင်အိပ်တယ်။ နာရီပြန်တစ်ချက်တီးလောက်ကျတော့ ဘိုးဘိုးဖျတ်ခနဲလန့်နိုးတယ်။ နိုးတဲ့အချိန်မှာ ဘိုးဘိုးသိချင်နေတဲ့ အဖြေကိုတွေ့ပြီဆိုတာ သဘောပေါက်လိုက်တာနဲ့ မီးခလုတ်ဖွင့်ပြီး စာရေးစားပွဲမှာထိုင်ပြီး တွက်လိုက်တာမှာ အဖြေထွက်လာတယ်။ အမှန်တော့ အဖြေကရှင်းရှင်းလေးပဲ။ ကိုယ့်မျက်စိအောက်မှာတင် မျက်စိမှောက်နေတာ။ အမှန်တော့ လူကအိပ်တယ်သာဆိုတယ် မသိစိတ်က ဆက်ပြီးအလုပ်လုပ်နေတာကိုး။ ဒါကြောင့် 'တစ်ရေးနိုးသော် အကြံပေါ်၊ ပေါ်တဲ့အကြံ တစ်သိန်းတန်' ဆိုတဲ့ ဗမာစကားပုံ ပေါ်လာတာပဲဖြစ်မယ်။ ပြဿနာတစ်ခုကို နက်နက်နဲနဲ အာရုံစူးစိုက်ထားရင် အဖြေဟာ အနှေးနဲ့အမြန် ပေါ်လာတာပဲဆိုတာ ကိုယ်တွေ့ပဲ။ နောက်တစ်နေ့ ကျောင်းမှာတွေ့တော့ ဆရာအိုနိုက ဘိုးဘိုးမျက်နှာကို ကြည့်ပြီး 'မင်းအဖြေထွက်ပြီ မဟုတ်လား။ ငါမင်းကို ရှင်းပြလိုက်ရင် မင်း ခဏသဘောပေါက်သလိုနဲ့ နောက်ပြန်မေ့သွားလိမ့်မယ်။ အခုတော့ မင်း ကိုယ်တိုင်တွေ့အောင်ရှာထားတာဆိုတော့ တစ်သက်လုံးမင်းမေ့တော့မှာ မဟုတ်ဘူး'လို့ ပြောတယ်။ အဲဒီတော့မှ ဆရာ့စေတနာကို နားလည်ပြီး မနောကံနဲ့ ပြစ်မှားမိတာကို ခွင့်လွှတ်ဖို့စိတ်ထဲကပဲ တောင်းပန်လိုက်ရတယ်။ ဒါကြောင့် ငါ့မြေးများက ပြဿနာတစ်ရပ်၊ ပုစ္ဆာတစ်ပုဒ်ကို စဉ်းစားလို့မရဘူး၊ ဉာဏ်မမီဘူးဆိုပြီး လွယ်လွယ်နဲ့ အလျှော့မပေးလိုက်နဲ့။ အဖြေမရမချင်း လက်မလွှတ်ဘူးဆိုတဲ့ သန္နိဋ္ဌာန်စိတ်ခိုင်မာဖို့ လိုတယ်လို့ ဘိုးဘိုးပြောချင်တယ်"

ထိပ်တင်ဦး။ "ဟုတ်ကဲ့ပါ. . ဘိုးဘိုး။ သားတို့ ဘိုးဘိုးဩဝါဒအတိုင်း လိုက်နာပါ့မယ်။ သားတို့ကို ဟိုနေ့ကရှင်းပြတဲ့ နေအဖွဲ့အစည်းအကြောင်း ဆက်ရှင်းပြပါဦး. . ဘိုးဘိုး"

အဘိုး။ "တို့ နေအဖွဲ့အစည်းထဲမှာ အရေးအပါဆုံး ဇာတ်လိုက်ကတော့ နေမင်းကြီးကိုယ်တိုင်ပဲ။ ကျန်တဲ့ ဂြိုဟ်တွေ၊ လတွေဟာ သူ့ဆီကလွင့်စဉ်ပဲ့ကျတဲ့ သူ့ကိုယ်ပွားတွေဖြစ်သလို အားလုံးဟာ သူ့ဆွဲငင်အားနယ်ပယ်အတွင်းက ရုန်းမထွက်နိုင်ဘဲ သူ့ကိုပဲ လှည့်ပတ်နေရတာဖြစ်တယ်။ မင်းတို့ ညအခါ မိုးပေါ်မှာ မြင်ရတဲ့ ကြယ်တွေဆိုတာ တကယ်တော့ တို့နေမင်းကြီးလို နေတွေပဲဖြစ်တယ်။ တချို့ကြယ်တွေက တို့နေထက်ကို အဆများစွာ ကြီးသေးတယ်။ သူတို့နဲ့တို့နဲ့ ခြားနားနေတဲ့ အကွာအဝေးက ဝေးလွန်းလို့ ကြယ်လေးတွေလို မြင်နေရတာ။ အဲဒီကြယ်တွေဘက်က တို့နေအဖွဲ့အစည်းကို လှမ်းကြည့်ရင် တို့မြေကမ္ဘာအပါအဝင် ဂြိုဟ်တွေကို မြင်ရမှာ မဟုတ်ဘဲ တို့ရဲ့နေမင်းကြီးကိုပဲ သာမန်ကြယ်လေးတစ်လုံးလို မြင်ရလိမ့်မယ်။ နေတွေမှာသာ ကိုယ်ပိုင်အလင်းရောင်ရှိပြီး ဂြိုဟ်တွေမှာ ကိုယ်ပိုင်အလင်းရောင်မရှိတော့ အဝေးကနေ မမြင်နိုင်ဘူး။ သောကြာဂြိုဟ်တို့၊ အင်္ဂါဂြိုဟ်တို့လို တို့မြေကမ္ဘာက လှမ်းမြင်နိုင်တာဟာ နေကလာတဲ့အလင်းရောင်က ဒီဂြိုဟ်တွေရဲ့ မျက်နှာပြင်ပေါ် ထိတွေ့ပြီး အလင်းပြန်လို့ဖြစ်တယ်"

ထိပ်တင်ဦး။ "အဲဒီကြယ်လေးတွေက သားတို့ နေလို နေတွေဆိုတော့ သူတို့မှာလည်း သူတို့ကို ပတ်နေတဲ့ ကိုယ်ပိုင်ဂြိုဟ်တွေရှိနိုင်သလား . . ဘိုးဘိုး"

အဘိုး။ "သိပ်ကောင်းတဲ့မေးခွန်းပဲ။ သူတို့မှာလည်း သူတို့ကိုယ်ပိုင်ဂြိုဟ်တွေရှိနိုင်တာပေါ့။ ဒါပေမယ့် အဲဒီဂြိုဟ်တွေကိုရှာတွေ့ဖို့ အင်မတန်ခက်တယ်။ အခုတော့ သိပ္ပံပညာက တိုးတက်လာတော့ ဘိုးဘိုးတို့နေအဖွဲ့အစည်းရဲ့ အပြင်ဘက်မှာ ဂြိုဟ်တွေရှိနေတာကို တိတိကျကျ ဖော်ထုတ်ပြသနိုင်ပြီဖြစ်တယ်"

ထိပ်တင်ကြီး။ "အဲဒီဂြိုဟ်တွေအပေါ်မှာရော သက်ရှိတွေ ရှိနိုင်သလား . . . ဘိုးဘိုး"

အဘိုး။ "ဒါလည်း အင်မတန် မေးသင့်တဲ့ မေးခွန်းပဲ။ သိပ္ပံပညာလောကကြီး တစ်ခုလုံးကလည်း ဒီအမေးရဲ့ အဖြေကိုသိချင်လို့ အထူးကြိုးစားဖော်ထုတ်နေတယ်။ အနန္တစကြဝဠာကြီးထဲက သန်းပေါင်းသန်းဂဏန်းရှိတဲ့ နေအဖွဲ့အစည်းတွေထဲမှာ ဘိုးဘိုးတို့လို မြေကမ္ဘာနဲ့တူတဲ့ ဂြိုဟ်မျိုးရှိဖို့ဆိုတာ ဖြစ်နိုင်ခြေအရ အလွန်များတဲ့ကိစ္စဖြစ်တယ်။ တစ်ခါ ဘိုးဘိုးတို့လို မြေကမ္ဘာနဲ့ အခြေအနေအရပ်ရပ်တူရင် ဘိုးဘိုးတို့ မြေကမ္ဘာလို သက်ရှိတွေ ရှင်သန်ပေါက်ဖွားပြီး အဆင့်မြင့်အသိဉာဏ်ရှိတဲ့ သတ္တဝါတွေ ရှိနိုင်တာဟာလည်း ဖြစ်နိုင်ခြေအင်မတန်များတယ်။ ဒါပေမယ့် ဘိုးဘိုးတို့ရဲ့ လက်ရှိသိပ္ပံပညာက ဒီလောက်အဆင့်မြင့်နေတာတောင် ဒီအချက်ကို အခုထိ သက်သေမပြနိုင်သေးဘူး"

ထိပ်တင်ဦး။ "သန်းပေါင်း သန်းဂဏန်းဆိုတာ ဘယ်လောက်များတာကို ပြောတာလဲ ဘိုးဘိုး"

အဘိုး။ "အနန္တစကြဝဠာကြီးရဲ့ အပိုင်းအခြားပမာဏကို ဘိုးဘိုးတို့ အတိအကျမသိသေးဘူး။ဒါပေမယ့် လက်ရှိတိုင်းတာရရှိထားတဲ့ အချက်အလက်တွေကို အခြေခံပြီး ပြောပြမယ်။

အနန္တစကြဝဠာကြီးကို ဂဲလက်ဆီ(Galaxy) လို့ခေါ်တဲ့ ဧရာမကြယ်အစုအဝေးကြီးတွေနဲ့ ဖွဲ့စည်းထားတာ ဖြစ်တယ်။ အဲဒီ ဂဲလက်ဆီတွေကို နာမည်နံပါတ်တွေတပ်ပေးထားတယ်။ ဘိုးဘိုးတို့ နေအဖွဲ့အစည်းလေးပါဝင်တဲ့ မိခင်ဂဲလက်ဆီကြီးကို Milky Way လို့ ခေါ်တယ်။ ရာသီဥတုသာယာလို့ ကောင်းကင်ကို မော့ကြည့်ရင် အဖြူရောင် မှုန်ပျပျအလင်းတန်းကြီးတွေ့ရလိမ့်မယ်။ အဲဒါ တို့ရဲ့မိခင်ဂဲလက်ဆီကြီးပဲ။ တို့ရဲ့မိခင်ဂဲလက်ဆီကြီးရဲ့ ပုံသဏ္ဌာန်က ခရုပတ်ခွေကြီးလိုဖြစ်ပြီး အလယ်ချက်မကို ဗဟိုပြုပြီး လည်ပတ်နေတယ်။ တို့ရဲ့နေဟာ အဲဒီခရုပတ်ခွေကြီးအဖျားနားက သာမန်ကြယ်လေးတစ်လုံးပဲ။ တို့ရဲ့ နေကိုယ်တိုင်က အဲဒီခရုပတ်ခွေကြီးအတိုင်း လှည့်ပတ်နေတာဖြစ်တော့ နေကိုပတ်နေတဲ့ တို့ဂြိုဟ်တွေကလည်း နေသွားတဲ့ လမ်းတစ်လျှောက် လိုက်ပါလှည့်ပတ်နေရတာပေါ့"။

ထိပ်တင်ကြီး။ "ဒါဆို ဘိုးဘိုး လောကမှာ ဘယ်အရာမျှ မတည်မြဲဘူး။ အားလုံး တရစပ် ဖောက်ပြန်ပြောင်းလဲနေတယ်ဆိုတဲ့ ဘုရားဟောစကားက တကယ်မှန်တာပဲနော်"

အဘိုး။ "ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ဂုဏ်တော်အနန္တလို့ ဘုရားရှင်ကို ပူဇော်ချီးမွမ်းရတာပဲကွာ။ ဘယ်အရာမျှ မတည်မြဲတဲ့သဘောကို ဒီစကြဝဠာအကြောင်းလေ့လာလိုက်ရင် ပိုပြီးရှင်းသွားလိမ့်မယ်"

ထိပ်တင်ဦး။ "သားတို့ရဲ့ မိခင်ဂဲလက်ဆီကြီးထဲမှာ သားတို့ နေလို ကြယ်တွေ ဘယ်နှစင်းလောက်ပါဝင်သလဲ ဘိုးဘိုး"

အဘိုး။ "သန်းပေါင်း လေးသိန်းလောက်ပါတယ်။ ဂဏန်းနဲ့ပြောရရင် ၄၀၀၀၀၀၀၀၀၀၀၀(လေးနောက်မှာ သုည ၁၁ လုံး)ဖြစ်တယ်။"

ထိပ်တင်ကြီး။ "အားပါးပါး----မနည်းမနောပါလား---ဘိုးဘိုး"

အဘိုး။ "ဒါဘာဟုတ်သေးလဲ--မောင်ရာ။ အနန္တစကြဝဠာကြီးထဲမှာ အခုထိရေတွက်လို့ရသလောက် ဂဲလက်ဆီက သန်းပေါင်း နှစ်သိန်းရှိတယ်။ ဂဲလက်ဆီတစ်ခုမှာ သန်းပေါင်းလေးသိန်းနဲ့ ဂဲလက်ဆီပေါင်း သန်းနှစ်သိန်း မြှောက်မယ်ဆိုရင် စုစုပေါင်း ကြယ်အရေအတွက်ဟာ (ရှစ်နောက်မှာ သုည ၂၂ လုံး)ဖြစ်တယ်။ သင်္ချာစကားနဲ့ ပြောရရင်တော့ 8×10^{22} ပေါ့ကွာ"

ထိပ်တင်ဦး။ "ရှေးတုန်းက လူတွေက ကိုယ့်ကိုယ်ကိုယ် စကြဝဠာရဲ့ ဗဟိုချက်မမှာရှိပြီး ကျန်တဲ့နေ လ ဂြိုဟ် ကြယ်တာရာနက္ခတ်တွေက ဝန်းရံနေတယ်လို့ ထင်ခဲ့ကြတာက ကိုယ့်ကိုယ်ကိုအထင်ကြီးလွန်းရာ ရောက်ခဲ့တာပေါ့နော် ဘိုးဘိုး"

အဘိုး။ "သိပ်မှန်တာပေါ့ ငါ့မြေးရယ်။ လူတွေမှာ အကြီးဆုံးအစွဲက အဲဒီကိုယ့်ကိုယ်ကို အထင်ကြီးတဲ့ငါစွဲပဲ။ ဒါကို ဗုဒ္ဓဘုရားရှင်က အနတ္တတရားဟောကြားပြီး လူတွေရဲ့ ငါစွဲကိုချွတ်ပေးခဲ့ပေမယ့် လူအများစုကတော့ ငါမှငါသာဖြစ်နေတုန်းပဲ။ ဒီငါစွဲတွေကနေ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်တရားတွေ နောက်ဆက်တွဲပါလာတာဖြစ်တယ်။ စကြဝဠာကြီးမပြောနဲ့ တို့ နေအဖွဲ့အစည်းထဲမှာတောင် တို့ကမ္ဘာက သာမန်အဆင့်ပဲရှိတဲ့ ဂြိုဟ်လေးတစ်လုံးဖြစ်တယ်။ နေဟာ တို့ကမ္ဘာထက် ဘယ်လောက်ပိုကြီးသလဲဆိုရင် နေရဲ့ဒြပ်ထုဟာ တို့ကမ္ဘာဒြပ်ထုထက် အဆ ၃ ဒသမ ၃ သိန်း ကြီးတယ်"

ထိပ်တင်လတ်။ "ဟုတ်လား ဘိုးဘိုး----နေက အဲဒီလောက်တောင် ကြီးလား။ မျက်စိနဲ့မြင်ရတာ အဲဒီလောက်ကြီးမယ်မှန်း မထင်ရဘူး"

အဘိုး။ 'မင်းက အကွာအဝေးကိုထည့်မှမတွက်ပဲကိုးကွ။ နေနဲ့တို့နဲ့ မိုင်ပေါင်း ၉၃ သန်း ကွာဝေးတယ်။ စကြဝဠာမှာ အမြန်ဆုံးပြေးနိုင်တဲ့

စာမျက်နှာ ၇ သို့

ပြည်တွင်းသတင်း

လူမှုဘဝခိုင်မာမှုနှင့် ရေရှည်အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇

ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDPနှင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ပူးပေါင်းဆောင်ရွက်သွားမည့် နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ်မှ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာရလဒ် အကောင်အထည်ဖော်မှု ကြီးကြပ်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ အမရဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှက အဖွင့်အမှာစကားပြောကြားပြီး UNDP မှ မဏ္ဍိုင်-၁၊ ဒေသတွင်းအုပ်ချုပ်မှု အစီအစဉ် အဖွဲ့ခေါင်းဆောင် Mr. Christian Hainzlက နိုင်ငံဆိုင်ရာ လုပ်ငန်းစီမံချက်အား နိုင်ငံတော်အစိုးရ၏ အဓိကလိုလားချက်များနှင့် ကိုက်ညီမှုရှိစေရန် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမြအောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှ၊ UNDP ကိုယ်စားလှယ် Mr. Christian Hainzl တို့က နိဂုံးချုပ် အမှာစကားများ ပြောကြားခဲ့ကြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် UNDP တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းတွင် လုပ်ငန်းအစီအစဉ်များအရ ပထမနှစ်တွင် ရပ်ရွာ လူထုအဖွဲ့အစည်းအဆင့်၌ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများအတွက် လူမှုအကာအကွယ်ပေးမှု ယန္တရား တည်ထောင်ထားရှိခြင်း၊ ဒုတိယနှစ်၌ လူမှုအဖွဲ့အစည်း စုစည်းခိုင်မာမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ရည်မှန်းထားသော ရပ်ရွာလူထုအဖွဲ့အစည်းများတွင် စွမ်းရည်များနှင့် အခွင့်အလမ်းများ မြင့်မားလာစေခြင်း၊ တတိယနှစ်တွင် နိုင်ငံတော်၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပါဝင်ဆောင်ရွက်သူများတွင် ပဋိပက္ခများအား သိရှိနားလည်မှု၊ လူမှုပေါင်းစည်းခိုင်မာမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့အတွက် စွမ်းရည်များတိုးတက်လာခြင်း ရလဒ်ကောင်းများ ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများအား အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ သန်းဖြင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မြို့နယ် ၂၄ မြို့နယ်ရှိ ကျေးရွာ ၃၀၀၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သွားနှင့်ခံတွင်း ကျန်းမာရေး ကွင်းဆင်းကုသ

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆရာဝန်အသင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းခွဲမှ ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာ ဦးပွင့်ဖူး ခေါင်းဆောင်၍ အဖွဲ့ဝင် ၃၀ ပါဝင်သော သွားနှင့်ခံတွင်းဆရာဝန်များသည် စက်တင်ဘာ ၂၂ ရက်က လှိုင်သာယာမြို့နယ် ဗိုလ်ချုပ်လမ်းရှိ အောင်ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျောင်းရှိ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများအား သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ကွင်းဆင်းကုသပေးကြသည်။

လှူဒါန်း

ကျောင်းသား ကျောင်းသူ ၈၀၀ ကျော်ကို သွားကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကျောင်းသား ကျောင်းသူ ၁၄၄၉ ဦးကို သွားကျန်းမာရေးစစ်ဆေးပေးခြင်း၊ လူနာ ၃၀၃ ဦးကို သွားနုတ်ကုသပေးခြင်း၊ ၉၁ ဦးကို သွားများဖာထေးပေးခြင်းနှင့် ဆေးထည့်ပေးခြင်း၊ ၁၈၁ ဦးကို သွားနှင့်သွားဖုံးကျန်းမာရေး ဆေးကြောသန့်စင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။ ထို့အပြင် ကျောင်းသား ကျောင်းသူများကို သွားတိုက်တံနှင့် အစားအသောက်များပေးအပ်ပြီး အသင်းဝင်များ စုပေါင်း၍ အလှူငွေများကို အောင်ပရဟိတဘုန်းတော်ကြီးကျောင်းသို့ ပေးအပ်လှူဒါန်းသည်။

အောင်အောင်

မုန်တိုင်ချောင်းမကြီး ပြန်လည်တူးဖော်ခဲ့ခြင်းကြောင့် ရေနစ်မြုပ်မှုကင်းဝေး

မိတ္ထီလာ စက်တင်ဘာ ၂၇

မိတ္ထီလာမြို့ မုန်တိုင်ချောင်းမကြီး ပြန်လည်တူးဖော်ခဲ့ခြင်းကြောင့် နှစ်စဉ် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းချိန်တိုင်းချောင်းရေလျှံသည့် ကျေးရွာငါးရွာ ချောင်းရေနစ်မြုပ်မှုဘေးမှ ကင်းဝေးခဲ့ကြောင်း သိရသည်။

"ရှင်မြို့၊ ရွာမ၊ ခါးကော့၊ သဲတောကျေးရွာတွေမှာ မိုးကြီးရင် ချောင်းရေလျှံတက်နစ်မြုပ်မှုတွေဖြစ်တယ်။ ဒီနှစ်တော့ မိုးကြီးပေမယ့် ကျေးရွာတွေမှာ ရေဝင်ရောက်မှုမရှိတော့ပါဘူး။ ဇွန် ၂၅ ရက်က စတင်အကောင်အထည်ဖော်ခဲ့တဲ့ မုန်တိုင်ချောင်းမကြီး ပြန်လည် တူးဖော်ထားတဲ့အတွက် ချောင်းရေနစ်မြုပ်မှုဘေးက ကင်းဝေးခဲ့တာဖြစ်ပါတယ်"ဟု ရှင်မြို့ ကျေးရွာနေ ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

မုန်တိုင်ချောင်းမကြီး ပြန်လည် တူးဖော်ဆည်ယူခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆည်မြောင်းဦးစီးဌာနနှင့် ပုဂ္ဂလိက ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကာ မုန်တိုင်ချောင်းမကြီး ချောင်းခွဲများဖြစ်သော ကြာအင်းချောင်း၊ နတ်စင်ချောင်း၊ ခါးကော့ချောင်း၊ ဂဠုန်ချောင်းများကို ပြန်လည်တူးဖော်ပြီး ချောင်းများအတွင်း နုန်းဖမ်းတာ ၃၀ကျော်ကို ထည့်သွင်း တည်ဆောက်ခဲ့သဖြင့် ကျေးရွာများ ရေနစ်မြုပ်မှုမှ ကာကွယ်သည့်အပြင် မိတ္ထီလာကန်အတွင်း သဲနုန်းများပို့ချမှု လျော့နည်း သက်သာစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မိုးရွာသွန်းမှုကြောင့် တံတားထိန်းနံရံ ပြိုကျ

အင်းတော် စက်တင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပေကုန်းကျေးရွာတင် စက်တင်ဘာ ၂၆ ရက် နံနက် ၆ နာရီက ရွှေဘို-မြစ်ကြီးနား ဗျူဟာလမ်းမပေါ်ရှိ တံတားငယ်တစ်စင်း၏ တံတားထိန်းနံရံများ ပြိုကျခဲ့ကြောင်း သိရသည်။

အခက်ကြုံ

စက်တင်ဘာ၂၅ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပေကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအနီးရှိ တံတားအမှတ် ၄/၁၆၈ တံတားထိန်းနံရံများ ပြိုကျခဲ့သဖြင့် ရွှေဘို-မြစ်ကြီးနားဗျူဟာကားလမ်းမကြီးပေါ် ဖြတ်သန်းမောင်းနှင်လျက်ရှိသည့် ကုန်တင်ယာဉ်ကြီးများနှင့် ဒေသခံခရီးသွားပြည်သူများ၊ ကျောင်းသား ကျောင်းသူများအတွက် အခက်ကြုံခဲ့ရသည်။

ပြောကြား

အင်းတော်မြို့နယ် အုပ်ချုပ်ရေးမှူး၊ ပေကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်လမ်းတံတားဆောက်လုပ်ရေးမှ တာဝန်ရှိသူများနှင့် တည်ဆောက်ရေးဝန်ထမ်းများက ဖြတ်သန်းသွားလာလျက်ရှိသည့် ကုန်တင်ယာဉ်ကြီးများ သွားလာမှုရပ်တန့်မသွားစေရန်၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပွားစေရန်၊ ဒေသတွင်း ခရီးသွားပြည်သူများနှင့်ကျောင်းသား ကျောင်းသူများသွားလာရေး အခက်အခဲမရှိစေရန်အတွက် ယာယီပြုပြင်ပြီး ကြံ့ခိုင်မှုအပြည့်အဝရှိသည့် တံတားတစ်စင်းအဖြစ် အချိန်မီတည်ဆောက်ရန်လိုအပ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

(၁၄၉)

စာမျက်နှာ ၆ မှ

အရာဟာ အလင်းရောင်ပဲ။ အလင်းရောင်ဟာ တစ်စက္ကန့်ကို မိုင်ပေါင်း ၁၈၆၀၀၀ ပြေးနိုင်တယ်။ ကီလိုမီတာနဲ့ပြောရင် တစ်စက္ကန့်ကို ကီလိုမီတာ ၃၀၀၀၀၀ ပြေးနိုင်တယ်။ အဲဒီလောက်မြန်တဲ့နှုန်းနဲ့လာတာတောင် အလင်းရောင်ဟာ နေကနေ တို့ကမ္ဘာကိုရောက်အောင် ၈ မိနစ်နဲ့ ၁၉ စက္ကန့်ကြာအောင်လာရတယ်။ ဘယ်လောက်ဝေးလဲ မင်းမှန်းကြည့်လို့ရပြီပေါ့"

ထိပ်တင်ကြီး။ "သားတို့မျက်စိထဲမှာတော့ စကြဝဠာဆိုတာ မြင်နေရတဲ့ မိုးကုပ်စက်ဝိုင်းလောက်ဆိုတော့ ဘယ်လောက်မှ မကျယ်ဘူးလို့ ထင်နေကြတာ"

အဘိုး။ "စကြဝဠာကြီးဟာ သမုဒ္ဒရာကြီးတစ်စင်းဆိုရင် ဘိုးဘိုးတို့ ကမ္ဘာမပြောနဲ့ ဘိုးဘိုးတို့ရဲ့ နေအဖွဲ့အစည်းတစ်ခုလုံးတောင် သဲပွင့်ပမာဏမရှိဘူး။ ကမ္ဘာ့အရွယ်ကတော့ ပြောမနေနဲ့တော့။ အဲဒီလို ဘာမဟုတ်တဲ့ အရွယ်ပမာဏအပေါ်မှာ တွယ်ကပ်နေတဲ့ လူသားပေါင်း သန်း ၇၀၀၀ ဟာ ဗက်တီးရီးယားပိုးမွှားလောက် အဆင့်မရှိတာတောင် တစ်ယောက်နဲ့တစ်ယောက် မနာလိုမှုတွေ၊ မုန်းတီးမှုတွေ၊ အာဃာတတရားတွေနဲ့ သတ်ကြ၊ ဖြတ်ကြ၊ လက်စားချေကြနဲ့ တစ်ကမ္ဘာလုံး အနိဋ္ဌာရုံတွေဖြစ်နေတာ နေ့စဉ်တီဗွီထဲမှာ မြင်တွေ့နေရတယ်မဟုတ်လား။ ဒါကြောင့် ပြင်သစ်တွေးခေါ်ပညာရှင်ကြီး ဗောလ်တဲယားက သူ့ရဲ့'မိုက်ခရိုမီဂါ'ဆိုတဲ့ ပြဇာတ်ထဲမှာ ဆီးရီးယက်စ် ကြယ်ကလာတဲ့ ဂြိုဟ်သားရဲ့အမြင်နဲ့ သရော်စာရေးခဲ့တာပဲ။ အသေးစိတ်သိချင်ရင်တော့ ဘိုးဘိုးရေးတဲ့ လူ့အတွေးအခေါ်သမိုင်း အတွဲ(၁)ထဲမှာ ဖတ်ကြည့်ကြပေတော့။ သက်တမ်းအရကလည်း ဘာမျှမကြာတဲ့ အနှစ်(၈၀)လောက်နေကြရတဲ့အထဲ တစ်ယောက်အပေါ် တစ်ယောက် မေတ္တာမထားနိုင်ကြလို့ ဒီအနိဋ္ဌာရုံတွေဖြစ်နေရတာ။ ဒါဟာ အင်မတန် သံဝေဂယူစရာကောင်းတယ်။ ငါ့မြေးများက ဒါကိုသံဝေဂယူပြီး လူတစ်ယောက်အဖြစ်နဲ့ အသက်ရှင်နေတုန်း အများအကျိုးသယ်ပိုးနိုင်တဲ့ လူပီသတဲ့ လူတွေဖြစ်အောင် ကြိုးစားကြရမယ်"

မြေးများ။ "ဟုတ်ကဲ့ပါ ဘိုးဘိုး---။ ဘိုးဘိုးပြောကြားသွားတာတွေကို မှတ်သားနာယူကြပါမယ်"

သတင်းတိုများ

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ တတိယအကြိမ်နှစ်ပတ်လည်အစည်းအဝေးနှင့်စာတမ်းဖတ်ပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။ နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ "အရှေ့တောင်အာရှနိုင်ငံများအထိ စာကြည့်တိုက်ပညာရေးစနစ်"၊ "၂၁ ရာစု၌ အနာဂတ်စာကြည့်တိုက်များ"၊ "ကလေးများအား ငယ်စဉ်မှစတင်၍ စာဖတ်သော အလေ့အထပြုစုပျိုးထောင်ပေးခြင်းနှင့် ကလေးစာကြည့်တိုက်အခန်းကဏ္ဍ"နှင့် "အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်အသင်းများနှင့် အဖွဲ့အစည်းများ ညီလာခံ ၂၀၁၃ ခုနှစ် အတွေ့အကြုံစာတမ်း"တို့ကို ဖတ်ကြားဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ခင်ချိုဝင်း)

သဘာဝဘေးလျော့ပါးရေးနေ့ ပြိုင်ပွဲများကျင်းပ

ပုသိမ် စက်တင်ဘာ ၂၇

ပုသိမ်မြို့၌ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့်ပန်းချီပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက်က အထက (၁) ၌ ကျင်းပရာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးငွေစိုး၊ အထက (၁) ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး စာစီစာကုံး၊ ပန်းချီပြိုင်ပွဲဝင် ကျောင်းသား ၅၄ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာလှည့်ခရီးသွားများစောင့်ရှောက်ရေးဟောပြော

ညောင်ရွှေ စက်တင်ဘာ ၂၇

ကမ္ဘာလှည့်ခရီးသွားများ ကူညီစောင့်ရှောက်ရေး၊ မူခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အေအိုင်ဒီအက်စ်ရောဂါအကြောင်း ဟောပြောပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီခွဲက ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်က မူခင်းကျဆင်းရေး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်စုစုဟန်က အေအိုင်ဒီအက်စ်ရောဂါတားဆီးကာကွယ်ရေး၊ ပြည်နယ်လူကုန်ကူးမှုနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်မြင့်ဝင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားများလုံခြုံရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး မြင့်ဆွေဦးက ကမ္ဘာလှည့်ခရီးသွားများကူညီစောင့်ရှောက်ရေး အကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

စစ်မှုထမ်းဟောင်းများ၏ အဖွဲ့ဝင်သားသမီးများအားထောက်ပံ့

သနပ်ပင် စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း သနပ်ပင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီးများ ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ ရက်က သနပ်ပင်မြို့နယ် စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပသည်။

အဖွဲ့နာယက ဦးသန်းငွေက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ ဦးတင်ညွှန့်က အထက်တန်းကျောင်းသား ကျောင်းသူခုနစ်ဦးကို တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၊ အလယ်တန်းအဆင့် ၁၆ ဦးကို တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၊ မူလတန်းအဆင့် ၁၂ ဦးကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀စီ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (၁၁၀)

ကျောင်းသားကျောင်းသူများကို အာဟာရတိုက်ကျွေး

လပွတ္တာ စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့သစ် အထကခွဲ ကျောင်းတွင် ကျောင်းသား ကျောင်းသူများကို ကိုယ်ခန္ဓာဖွံ့ဖြိုးရန် ရည်ရွယ်၍ ကြက်ဥနှင့်နို့ဆန်ပြုတ် တိုက်ကျွေးခြင်းကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲ၂ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသက်ခိုင်နှင့်အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူ ၃၀၀ကို အာဟာရများတိုက်ကျွေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်တွင်းသတင်း

❒ ရှေ့ဖုံးမှ

နိုင်ငံဖြစ်လိုကြပါကြောင်း၊ နောက်တစ်ခုမှာ အဘက်ဘက်မှ နောက်ကျကျန်နေသည့် လူမှုစီးပွားဘဝမြင့်မားတိုးတက်လိုကြပါကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ ယင်းလိုအင်ဆန္ဒများကို အောင်မြင်အောင် ရည်မှန်းချက်ထားပြီး မိမိတို့အစိုးရအနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွင် မတည်မငြိမ်ရှိခဲ့သည့် နိုင်ငံရေးအဖွဲ့အစည်းများကို တည်တည်ငြိမ်ငြိမ်ဖြစ်အောင်၊ အစိုးရ၏နိုင်ငံရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားအားလုံး ပါဝင်လာနိုင်ကြအောင်၊ နှစ် ၆၀ ကျော် ကြာညောင်းခဲ့ပြီဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု အပိုင်းတွင် ဆင်းရဲနွမ်းပါးမှုနှုန်းအများဆုံးဖြစ်နေသည့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝတိုးတက်မြင့်မားလာအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်နေသကဲ့သို့ တိုင်းပြည်၏စီးပွားရေးကို ပြန်လည်ထူထောင်နိုင်ရန်အတွက် အရင်းအနှီးနှင့် နည်းပညာများရရှိအောင် ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ဦးစားပေး လုပ်ငန်းအဖြစ် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများများ ရရှိနိုင်မည့် အလုပ်ရုံ၊ စက်ရုံများနှင့် လုပ်ငန်းများ၊ ပြည်တွင်းထွက်ကုန်များကို တန်ဖိုးမြှင့်တင်ပေးနိုင်မည့် အသေးစားနှင့် အလတ်စား SMEs လုပ်ငန်းများ၊ ကျေးလက်အထိ ဆက်သွယ်ရေးလွှမ်းခြုံနိုင်မည့် လုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်နေပါကြောင်း။

အုပ်ချုပ်ရေးအပိုင်းတွင်လည်း ဗဟိုကဦးစီးချုပ်ကိုင်သည့် အုပ်ချုပ်ရေးစနစ်အစား ပြည်သူကိုဗဟိုပြုသည့် ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

ယင်းပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို ကုန်လွန်ခဲ့သည့် လပေါင်း ၃၀ တွင် မိမိတို့ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဒီမိုကရေစီအတွေ့အကြုံ ဒီမိုကရေစီ အလေ့အကျင့် နည်းပါးကြသေးသည့်အတွက် တချို့လုပ်ငန်းများကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့သည်များရှိသကဲ့သို့ အချို့လုပ်ငန်းများတွင် အားနည်းချို့ယွင်းချက်များလည်း ရှိခဲ့ပါကြောင်း၊ ပြုပြင်ပြောင်းလဲစနိုင်ငံတိုင်းတွင် တွေ့ကြုံရစမြဲဖြစ်သည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း။

ယင်းအတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များကို သင်ခန်းစာရယူပြီး ကျန်ရှိသည့် လပေါင်း ၃၀ အတွင်း တိုင်းပြည်နှင့် လူမျိုးအတွက် စိတ်စေတနာမှန်ကန်စွာထားပြီး မိမိတို့အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဆိုသည်ကို ပြီးခဲ့သည့် ဩဂုတ် ၉ ရက်က ကျင်းပခဲ့သည့် အစည်းအဝေးတွင် ပြောကြားခဲ့ပြီးဖြစ်ပါကြောင်း။

ယင်းအစည်းအဝေးတွင် ကျန်သည့် လ ၃၀ အတွင်းဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်းပြီး လုပ်ငန်းကဏ္ဍအလိုက် လက်တွေ့အောင်မြင်ပြီးမြောက်သည်အထိ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည့် Delivery Unit/Taskforce များဖြင့် မြေပြင်ကွင်းဆင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ထည့်သွင်းပြောကြားခဲ့ပြီးဖြစ်ပါကြောင်း။

ဒုတိယသမ္မတ၊ ဝန်ကြီးများ ဦးဆောင်သည့် Cabinet Committeeများ၏ အောက်တွင် Cabinet Sub-committee/ Delivery Unit ၂၆ ခုဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုတွေ့ဆုံသည့် ဒုတိယဝန်ကြီးများသည် ယင်းဆပ်ကော်မတီများ၏ အဖွဲ့ခေါင်းဆောင်၊ ဥက္ကဋ္ဌများဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတ၏ အထူးတာဝန်ပေး Taskforce လက်ရုံးများအဖြစ် ယုံကြည်အားကိုးစွာ တာဝန်ပေးအပ်လိုသည့်အတွက် ယခုကဲ့သို့ တွေ့ဆုံခြင်း ဖြစ်ပါကြောင်း။

မိမိတို့ အစိုးရအနေဖြင့် နိုင်ငံတော်ကို ခေတ်သစ်၊ စနစ်သစ်၊ ဒီမိုကရေစီနိုင်ငံအဖြစ် ပြုပြင်ပြောင်းလဲပေးရသည့် တာဝန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အခြေခံအုတ်မြစ်ချပေးရသည့်တာဝန်နှစ်ရပ်ကို ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ကမ္ဘာက အသိအမှတ်ပြုသည်အထိ သိသိသာသာပြောင်းလဲပေးနိုင်ခဲ့ပြီဖြစ်သော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားတိုးတက်အောင် ဆောင်ရွက်သည့် အပိုင်းတွင်မူ အရင်းအနှီး၊ နည်းပညာကျွမ်းကျင်မှု၊ စွမ်းဆောင်ရည်များ များစွာလိုအပ်ခြင်းကြောင့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေး မဟာဗျူဟာအခြေခံမူဘောင် (Framework for Economic and Social Reforms-FESR) နှင့်အညီ ကြိုးပမ်းဆောင်ရွက်နေသော်လည်း အချို့ကဏ္ဍများတွင် သိသိသာသာတိုးတက်သော်ငြား အချို့ကဏ္ဍများကိုမူ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရဦးမည့်အနေအထားရှိနေပါကြောင်း။

ဤနေရာတွင် မိမိတို့အစိုးရယန္တရား၏ စွမ်းဆောင်ရည်နှင့် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းဆောင်ရည်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့်အတွက် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသော အစိုးရယန္တရားဖြစ်အောင် ပြုပြင်ပြောင်းလဲနေ သကဲ့သို့ လူမှုအဖွဲ့အစည်းများ အပါအဝင် ပုဂ္ဂလိကကဏ္ဍ အားကောင်းပြီး စွမ်းအားမြင့်မားလာအောင် အားပေးမြှင့်တင်ရေးမူဝါဒကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အစိုးရပိုင်းက ဦးဆောင်ပြီး ပုဂ္ဂလိကကဏ္ဍ လူမှုအဖွဲ့အစည်းများနှင့် နီးကပ်စွာ ညှိနှိုင်းပူးပေါင်းကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားလိုအပ်ချက်များကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရေးအတွက် ယခုကဲ့သို့ ဒုတိယဝန်ကြီးများနှင့် ဌာနစုံပါဝင်သောအဖွဲ့က မြေပြင်တွင် အချိန်ပေးညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန် စီစဉ်ခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီးများနှင့် ဌာနအသီးသီးသည် မူလပုံမှန်တာဝန်များနှင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ပြင်ဆင်ပြောင်းလဲရသည့် လုပ်ငန်းတာဝန်များကြောင့် သီးခြားကွင်းဆင်းရန် အချိန်မပေးနိုင်ခြင်း၊ အချိန်ပေးပါကလည်း တစ်ရက်နှစ်ရက်အပြင်ပို၍ အောက်ခြေတွင် ထိတွေ့ဆောင်ရွက်နိုင်သည့် အခြေအနေမပေးခြင်း၊ အစိုးရ၏ ရုံးလုပ်ငန်းစနစ်များကို ခေတ်နှင့်အညီ လျင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်ရန်နှင့်ပြည်သူများ၏ Mindset နှင့်လုပ်နည်းလုပ်ဟန်များကို အချိန်ယူပြီးပြုပြင်ပြောင်းလဲရန် လိုအပ်ခြင်းတို့ကြောင့် ဒုတိယဝန်ကြီးများကို Delivery Unit/Taskforce အဖြစ် မူလသမားရိုးကျ လုပ်နည်းလုပ်ဟန်မှ ခွဲထွက်ပြီး ပိုမို၍အကျိုးရှိ ထိရောက်အောင် လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် ဦးတည်တာဝန်ပေးခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့် ဒုတိယဝန်ကြီးများအနေဖြင့် မိမိတို့လုပ်နေကျ ရုံးလုပ်ငန်း သမားရိုးကျပုံစံအစား သွက်သွက်လက်လက်၊ ထက်ထက်မြက်မြက် တီထွင်ကြံဆ၊ တွေးခေါ်မြော်မြင်ပြီး လုပ်ငန်းကဏ္ဍအလိုက် သိသိသာသာ တိုးတက်အောင် ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပပညာရှင်များ၊ ပြည်သူများနှင့်တွေ့ဆုံဆွေးနွေးပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ Delivery Unit/Taskforce များနှင့် မြေပြင်ကွင်းဆင်းထိတွေ့ကာ ရလဒ်ကောင်းရရှိမည့် နည်းလမ်းနှင့်အစီအမံများကို ဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းမှာကြားလိုပါကြောင်း။

Delivery Unit/Taskforce များကို အစိုးရအဖွဲ့ ဆပ်ကော်မတီတာဝန်ကိုပါ ပေးအပ်ရခြင်းမှာ လွှတ်တော်ကော်မတီအသီးသီးက ဆိုင်ရာကဏ္ဍအလိုက် ဥပဒေပြုစုခြင်းနှင့်အစိုးရဌာနများ၏ လုပ်ငန်းကဏ္ဍများ ဆွေးနွေးညှိနှိုင်းခြင်းတို့ ပြုလုပ်ရာတွင် ဌာနကိုယ်စားလှယ်အချို့သာ သွားရောက်ဆွေးနွေးခဲ့ပြီး ပြန်လည်တင်ပြ အကောင်အထည်ဖော်မှုအပိုင်းတွင် အားနည်းလျက်ရှိသည့်အတွက် လွှတ်တော်ကော်မတီများက ဆွေးနွေးရန်ဖိတ်ကြားသည့်အခါတွင် ကဏ္ဍအလိုက် ဌာနစုံပါဝင်သည့် အစိုးရအဖွဲ့ ဆပ်ကော်မတီများက အဖွဲ့စနစ်ဖြင့် သွားရောက်တွေ့ဆုံခြင်းအားဖြင့် အစိုးရနှင့် လွှတ်တော်ဆက်ဆံဆောင်ရွက်မှု ပိုမိုအဆင်ပြေချောမွေ့စေရန်လည်း ရည်ရွယ်ခြင်းဖြစ်ပါကြောင်း။

လွှတ်တော်ကော်မတီများနှင့် ဆွေးနွေးပြီးသည့်အခါတွင် ပြည်ထောင်စုဝန်ကြီးများ ပါဝင်ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့ကော်မတီများထံသို့ ပြန်လည်တင်ပြဆွေးနွေးခြင်းအားဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများ ပိုမိုပြီးပြင်သွက်လက်လာမည်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့ ဆပ်ကော်မတီများအနေဖြင့် အစိုးရအဖွဲ့ တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့် လ ၃၀ အတွင်း လုပ်ငန်းကဏ္ဍအလိုက် သိသာထင်ရှားသည့် တိုးတက်မှု အကျိုးရလဒ် (Result-Based Performance) များ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ပြည်သူများနှင့်တိုက်ရိုက်ထိတွေ့နေသည့် လုပ်ငန်းကဏ္ဍများတွင် ပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးကို အဟန့်အတား၊ အခက်အခဲဖြစ်နေသည့် ပြဿနာရပ်များကို ညှိနှိုင်းဖြေရှင်းပေးရန် အလေးအနက် မှာကြားလိုပါကြောင်း။

ယခုဆိုလျှင် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီဖွဲ့စည်းပေးထားပြီး လုပ်ငန်းကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းရေးတာဝန်များကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများအား တာဝန်ပေးအပ်ထားပြီးဖြစ်သည့်အတွက် အစိုးရအဖွဲ့ ဆပ်ကော်မတီများအနေဖြင့် အစိုးရအဖွဲ့ကော်မတီ၊ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အသိပေးတင်ပြတိုင်း ပေါင်းစပ်ညှိနှိုင်းရေးတာဝန်ခံဝန်ကြီးများထံသို့လည်း အမြဲသတင်းပို့တင်ပြခြင်းဖြင့် နိုင်ငံတော်သမ္မတအနေဖြင့် ချက်ချင်းလမ်းညွှန်စရာရှိသည်ကို လမ်းညွှန်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး၍ အတည်ပြုထုတ်ပြန်ရန်ရှိသည့် အချို့ကိစ္စရပ်များကိုလည်း အများပြည်သူသိရှိအောင် ထုတ်ပြန်ကြေညာပေးသွားရန် မှာကြားလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် ယခုကဲ့သို့ ဒုတိယဝန်ကြီးများကို အထူးတာဝန်များ ပေးအပ်ပြီးလွှတ်တော်နှင့်အစိုးရအကြား၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအကြား၊ ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြားတွင် အဓိကနေရာမှ ပင်တိုင်ဦးဆောင်လှုပ်ရှား၊ ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်သည့်အတွက် မိမိကိုယ်တိုင်နှင့် မိမိအဖွဲ့ဝင်ဌာနဆိုင်ရာ ပုဂ္ဂိုလ်များအားလုံး ဘာသာရပ်ကျွမ်းကျင်မှု၊ စွမ်းဆောင်ရည်ပြည့်ဝမှုရှိအောင် လေ့လာကြိုးပမ်းဆောင်ရွက်ကြရန်၊ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်မှုပြုလုပ်ရာတွင် ဆက်ဆံရေးပြေပြစ်ကောင်းမွန်ပြီး မိမိတို့ကြောင့် အစိုးရတစ်ဖွဲ့လုံး ဂုဏ်သိက္ခာမထိခိုက်စေဘဲ မိမိတို့အစိုးရတစ်ဖွဲ့လုံးအပေါ် ပြည်သူက ယုံကြည် အားကိုးလာအောင် ဆောင်ရွက်ကြရန်၊ မိမိတို့ဆောင်ရွက်ကြမည့် လုပ်ငန်းကဏ္ဍများအလိုက် လ ၃၀ အတွင်း ဦးစားပေးညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းများသည် မိမိတို့ ဝန်ကြီးဌာနများအတွက်သာမက မိမိနိုင်ငံ၊ မိမိတို့ ပြည်သူအတွက်ဖြစ်သည်ဟူသော စိတ်စေတနာဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရန်၊ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ကြရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်ရန် အခက်အခဲရှိနေပါက ပြန်လည်တင်ပြပြီး ခေတ်စနစ်နှင့် ဆီလျော်၍ မြေပြင်တွင် လက်တွေ့ကျင့်သုံးနိုင်မည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရန်လိုအပ်ပါက ပြန်လည်တင်ပြဆောင်ရွက်ကြရန်၊ မိမိတို့ ကွင်းဆင်းဆောင်ရွက်ရသည့်ကိစ္စရပ်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကြောင့်မဟုတ်ဘဲ လူပုဂ္ဂိုလ်များနှင့် အမိန့်ညွှန်ကြားချက် အဟောင်းများကြောင့် အတားအဆီး၊ အခက်အခဲဖြစ်နေပါက သက်ဆိုင်ရာအစိုးရအဖွဲ့ကော်မတီသို့ ချက်ချင်းတင်ပြပြီး လျင်မြန်စွာဖြေရှင်းဆောင်ရွက်သွားကြရန်၊ မိမိတို့ ဆောင်ရွက်သမျှသည် ပြည်သူများ၏ လူမှုစီးပွားရေး လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများကို အလေးထားဆောင်ရွက်သည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဖြစ်သည့် အားလျော်စွာ ပြည်သူများ၏ အကြံပြုချက်များကိုလည်း အလေးထားလက်ခံပြီး ဖြေရှင်းဆောင်ရွက်ပေးကြရန်၊ ဌာနဆိုင်ရာအချို့တွင် အမိန့်ရမှ လုပ်တတ်သည့်အခြေအနေမှ အောက်ခြေတွင် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည်များကို ဥပဒေနှင့်အညီ တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ရဲရဲဝံ့ဝံ့ ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းကို အစိုးရယန္တရား၊ ဌာနဆိုင်ရာများအကြား အစိုးရအဖွဲ့ ဆပ်ကော်မတီများက နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အထူးတာဝန်ပေးအပ်သည့် အဖွဲ့များပီပီ စံနမူနာပြဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ပြည်ထောင်စုအစိုးရ ဆပ်ကော်မတီများအဖြစ် နိုင်ငံခြားရေးရာမူဝါဒဆိုင်ရာ ဆပ်ကော်မတီ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ၊ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဆိုင်ရာဆပ်ကော်မတီ၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေး၊ စီးပွားရေးပူးပေါင်းညှိနှိုင်းရေးဆပ်ကော်မတီ၊ အခွန်အကောက်ဆိုင်ရာ ဆပ်ကော်မတီ၊ စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီ၊ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ၊ အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ ဆပ်ကော်မတီ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဆပ်ကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီ၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေး ဆပ်ကော်မတီ၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာဆပ်ကော်မတီ၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ဆပ်ကော်မတီ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဆပ်ကော်မတီ၊ ဥပဒေကြမ်းဆိုင်ရာ ဆပ်ကော်မတီ၊ နိုင်ငံသားများ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆပ်ကော်မတီ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဆပ်ကော်မတီ၊ ကာကွယ်ရေးဆိုင်ရာ ဆပ်ကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီ၊ တိုင်းရင်းသားရေးရာ ဆပ်ကော်မတီ၊ အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီ၊ မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှုဆပ်ကော်မတီ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဟူ၍ ဆပ်ကော်မတီ ၂၆ ခုကို ဖွဲ့စည်းထားရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဗီဇာကင်းလွတ်ခွင့် သဘောတူစာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် စက်တင်ဘာ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရေးတိုးမြှင့်စေရန် ဆန္ဒရှိကြသည်ဖြစ်၍လည်းကောင်း၊ နှစ်နိုင်ငံပြည်သူများ အပြန်အလှန်ခရီးသွားရာတွင် လွယ်ကူစေရန်လည်းကောင်း နှစ်နိုင်ငံအစိုးရတို့အကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအား ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ သဘောတူစာချုပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Pham Binh Minh တို့က စက်တင်ဘာ ၂၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ လက်မှတ်ရေးထိုး၍ ချုပ်ဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင်တွင် (၂၀)ကြိမ်မြောက် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ ၂၅ ရက်က လင်းခေးမြို့ နွယ်ဝတီခန်းမ၌ ကျင်းပရာ အထက ကျောင်းသူကလေးများက တိုင်းရင်းသားပေါင်းစုံ စုပေါင်းအကဖြင့် ကပြ ဖျော်ဖြေတင်ဆက်စဉ်။ (ခရိုင် ပြန်/ဆက်)

◆ ကျော်ဖုံးမှ

ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့အတွက် ချမှတ်ထားသည့် ဆောင်ပုဒ်နှင့် ကိုက်ညီနေသည်ကို သတိပြုမိပါကြောင်း၊ ထို့ပြင် ရေအရင်းအမြစ်သည် ကမ္ဘာ့လူသားအားလုံး၏ ကျန်းမာခြင်း၊ ချမ်းသာခြင်းများအတွက် အရေးပါပြီး ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ အောင်မြင်ရန်အတွက် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ပါကြောင်း။

ရေအရင်းအမြစ်သည် ခရီးသွားလုပ်ငန်းကဏ္ဍ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် ဟိုတယ်နှင့် စားသောက်ဆိုင်များမှသည် အားလပ်ရက် အပန်းဖြေခရီးစဉ်များနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအထိ လွန်စွာအရေးပါသော တန်ဖိုးကြီးမားသည့် ပိုင်ဆိုင်မှုတစ်ရပ်အဖြစ် တည်ရှိနေသည်ကို ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ဆောင်ပုဒ်က ဖော်ညွှန်းလျက်ရှိပါကြောင်း။

နှစ်စဉ်နှစ်တိုင်း ကမ္ဘာပေါ်ရှိ လူပေါင်းသန်းတစ်ထောင်ကျော်သည် နိုင်ငံတကာမှာ ခရီးသွားလာလျက်ရှိကြသဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်းမှာ ပါဝင်လုပ်ကိုင်လျက်ရှိသော အလွှာစုံမှလူသားများအတွက် အခွင့်အလမ်းပေါင်း သန်းတစ်ထောင်ကျော်ကို ဖန်တီးပေးနေခြင်းပင်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကမ္ဘာတစ်လွှား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကြဉ်းပေးမည့် အရေးပါသော စီးပွားရေးကဏ္ဍတစ်ရပ် ဖြစ်လာပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် အလုပ်အကိုင် ၁၂ ခုတွင် တစ်ခုပါဝင်ပြီး ကမ္ဘာလုံးဆိုင်ရာ GDP ၏ငါးရာခိုင်နှုန်း၊ ကမ္ဘာ့စတုတ္ထမြောက် အကြီးမားဆုံးသော စီးပွားရေးကဏ္ဍဖြစ်သည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံ သုံးပုံတစ်ပုံ၏ အဓိကပို့ကုန်ဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းကဏ္ဍသည် ထင်ထားသည်ထက်ပို၍ ကြီးမားကျယ်ပြန့်သည်ကို သတိပြုမိပါကြောင်း။

မြန်မာနိုင်ငံသည် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ရင်းနှီးနွေးထွေးစွာ စေ့စပ်ဆောင်ရွက်နိုင်မှုကြောင့် နိုင်ငံတကာ နိုင်ငံရေးအခင်းအကျင်းတွင် မျက်နှာသာပေးမှုများ ပြန်လည်ရရှိခဲ့ပြီး နိုင်ငံတကာမှခရီးသွားများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသအဖြစ် ထွက်ပေါ်လာခဲ့ပါကြောင်း။

အကျိုးဆက်အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာခရီးသည် ရောက်ရှိမှုမှာ အချိန်တိုတွင်း သိသိသာသာတိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ ၂၀၁၃ ခုနှစ် ပထမရှစ်လအတွင်း ဧည့်သည် တစ်သန်းကျော် ဝင်ရောက်ခဲ့ပြီး ပြီးခဲ့သည့်နှစ် အလားတူကာလထက် ၅၈ ရာခိုင်နှုန်း တိုးတက်မှုရရှိခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်မှာ နိုင်ငံတကာခရီးသည် ၁ ဒသမ ၀၆ သန်းရောက်ရှိခဲ့ပြီး တိုးတက်မှုမှတ်ကျောက်တင်နိုင်ခဲ့ပါကြောင်း၊ ယခု ၂၀၁၃ ခုနှစ်မှာ နိုင်ငံတကာခရီးသည် ၁ ဒသမ ၈ သန်းမှ ၂ သန်းအထိ လာရောက်လည်ပတ်နိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် သိသာထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှုရှိသည်ကို ဖော်ပြနေပြီး ဆက်လက်ပြီး သိသိသာသာတိုးတက်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း။

"ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်ခြင်းဖြင့် မြန်မာနိုင်ငံအား ယခုထက်ပို၍ လည်ပတ်လေ့လာဖွယ်ရာနေရာတစ်ခုအဖြစ် ဖန်တီးရန်၊ နိုင်ငံသားများ အားလုံးအတွက် ပိုမိုကောင်းမွန်သော စီးပွားရေးအခွင့်အလမ်းသစ်များ ပေါ်ထွန်းလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို အများနှင့်မျှဝေခံစားရန်"စသော မျှော်မှန်းချက်များထားရှိ၍ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် ပင်မစီမံကိန်း ပေါ်ထွက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

လက်ရှိ အနေအထားအရ အထက်ပါ မျှော်မှန်းချက်များကို အထောက်အကူပြုရေးနှင့် အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးသည် လွန်စွာ အရေးကြီးလှပါကြောင်း၊ ယခုလက်ရှိအချိန်သည် ဖွံ့ဖြိုးတိုးတက်မှုကို အတူတကွဖော်ဆောင်လိုကြသည့် အလှူရှင်အဖွဲ့အစည်းများထံမှ ငွေကြေးနှင့် နည်းပညာအထောက်အပံ့များ ရယူနိုင်ရန်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍကို မြှင့်တင်နိုင်ရန်အတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ် ကျင်းပရန် အချိန်ကောင်းပင် ဖြစ်ပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် ဂျာမနီအခြေစိုက် Hanns Seidel Foundation တို့၏အထောက်အပံ့တို့ဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့ ယနေ့ ဆွေးနွေးပွဲကို ပူးပေါင်းကျင်းပခြင်းဖြစ်ပါကြောင်း။

ယခုကျင်းပပြုလုပ်မည့် ဆွေးနွေးပွဲ၏အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း၊ တာဝန်သိခရီးသွားလုပ်ငန်း မူဝါဒနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေးမူဝါဒများကို အကောင်

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ခရီးစဉ်ဒေသနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ခရီးသွားလုပ်ငန်း အရင်းအမြစ်များကို အသုံးပြုပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ စွမ်းဆောင်ရည်များကို မြှင့်တင်ရန်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်မှာ လိုအပ်သောအကူအညီ အထောက်အပံ့များရရှိရေးအတွက် အထောက်အပံ့ပေးမည့် အဖွဲ့အစည်းများကို စည်းရုံးဆွဲဆောင်နိုင်ရေးတို့ ဖြစ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲသည် နိုင်ငံ၏ ခရီးသွားလုပ်ငန်း စနစ်တကျနှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ ရရှိစေမည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်းတွင်ပါရှိသော မဟာဗျူဟာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရှေ့ဆက်လုပ်ဆောင်သွားရမည့် ခြေလှမ်းများ ထွက်ပေါ်လာစေမည်ဆိုသည်ကို ခိုင်မာစွာ ယုံကြည်မိပါကြောင်း။

အနာဂတ်ကို မျှော်မှန်းကြည့်ခြင်းအားဖြင့် အစိမ်းရောင်စီးပွားရေး စံနှုန်းများအရ အရင်းအမြစ်များကို မိမိတို့အနေဖြင့် ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မည်ဆိုပါက ခရီးသွားလုပ်ငန်းမှ အကျိုးအမြတ်များစွာရရှိနိုင်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်ရာတွင် ၎င်း၏သဘာဝဝန်းကျင်ပေါ်သက်ရောက်မှု၊ လက်ခံနိုင်သော ကန့်သတ်မှုပမာဏအတွင်း ရှိနေစေရေးကို မိမိတို့အလေးထားဆောင်ရွက်ရန်လိုပါကြောင်း၊ သို့ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးရေး၊ ဒေသခံပြည်သူများ၏ စီးပွားရေးကို အထောက်အကူပြုရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေးတို့ကို ခိုင်မာစွာ မြှင့်တင်ပေးမည့် အစိမ်းရောင်ခရီးသွားလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ယခုကျင်းပသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားမှာ ခရီးသွားလုပ်ငန်း နယ်ပယ်အတွင်း ရင်ဆိုင်ကြုံတွေ့နေရသည့် ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် ရေနှင့်ဆက်နွှယ်နေသော ခရီးစဉ်ဒေသများရှိ ဒေသခံလူထုများအတွက် အကျိုးကျေးဇူးများ ဖန်တီးနိုင်ရန်အတွက် ရေအရင်းအမြစ် ထိန်းသိမ်းရေးလုပ်ငန်း အစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အတွက် ပေးပို့သည့်သဝဏ်လွှာကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် Mr. Ashok Nigam က လည်းကောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်း အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့်သဝဏ်လွှာကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင်ဒါရိုက်တာ Mr. Zoltan Somogyi က လည်းကောင်း ဖတ်ကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ခရီးစဉ်ဒေသနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူတို့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် တိုင်းရင်းသားဟိုတယ်များ၊ ဖက်စပ်နှင့် တိုင်းရင်းသားပိုင် ခရီးသွားကုမ္ပဏီများ၏ ဝန်ဆောင်မှုစွမ်းရည်တို့တွင် အကောင်းဆုံးဆုရရှိကြသည့် ဟိုတယ်များနှင့် ခရီးသွားလုပ်ငန်းများအား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများသည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု မှတ်တမ်းဓာတ်ပုံများ၊ ဆုရမှတ်တမ်း ဓာတ်ပုံများအား ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ကချင်ပြည်နယ်လွှတ်တော် စည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၇

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့် လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ တင်သွင်းထားသည့်အဆိုများ ဆွေးနွေးအဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် စည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၇

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးနှင့်လွှတ်တော်ကိုယ်စားလှယ် ၆၄ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှင့်အစီရင်ခံစာတင်သွင်းခြင်း၊ အဆိုများ တင်သွင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UMWTO)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် Hanns Seidel Foundation (HSF) တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (MICC)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေနှင့် တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များနှင့် မီဒီယာများ တက်ရောက်ကြသည်။

ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီး **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအား အထောက်အပံ့ဖြစ်စေမည့် ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (၆)ရပ်နှင့်စပ်လျဉ်းသည့် အချက်အလက်များအား အဆင့်မြင့်အရာရှိကြီးများက ရှင်းလင်းဆွေးနွေးကြကာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက သိရှိလိုသည့်အချက်အလက်များအား မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ ကျော်ဖုံးမှ

ကမ္ဘောဇအသင်းထံမှ သရေတစ်မှတ်ရယူနိုင်ခဲ့ပြီး ကမ္ဘောဇအသင်းနှင့်အတူ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

(ပဒုမ္မာကွင်း)
ဧရာဝတီ - တစ်ဂိုး
(အောင်ကျော်မျိုး)
ဇေယျာရွှေမြေ-ဂိုးမရှိ

(YUSC ကွင်း)
နေပြည်တော် - နှစ်ဂိုး
(စိုးသူရိန်ထွန်းနှင့် အောင်ကျော်နိုင်)
ဇွဲကပင်-ဂိုးမရှိ

(ဗထူးကွင်း)
ရတနာပုံ-နှစ်ဂိုး
(ရဲကိုဦးနှင့်ဇင်မင်းထွန်း)
ရန်ကုန် - ဂိုးမရှိ

ယနေ့ပွဲအပြီးတွင် ကွာတားဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့သည့် အသင်းခြောက်သင်း ပေါ်ထွက်ခဲ့ပြီး ဇွဲကပင်၊ ဧရာဝတီ၊ မနောမြေ၊ ကမ္ဘောဇ၊ မကွေး၊ ရတနာပုံတို့ တက်ရောက်နိုင်ခဲ့သည်။

ယနေ့ပွဲ

(ဗထူးကွင်း)
ရခိုင်-ချင်း

(YUSC **ကွင်း)**
ဟံသာဝတီ-Best Utd

(KBZ **ကွင်း)**
ဆောက်သမ်း-GFA

(ပဒုမ္မာကွင်း)
မနောမြေ-မြဝတီ

အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၇

အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ ကော်မတီရုံး အိုင်ဆောင်-၂ ၌ ကျင်းပရာ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးတင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်နှင့် တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ကောင်စီဝင် ဦးမြင့်ဆွေ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရုံးပင်ချောင်း ရေလျှံပြီး လယ်ဝေးမြို့နယ်အတွင်း ကျေးရွာအုပ်စုများရှိ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။ (သတင်း-ကျော)

(မြို့နယ် ပြန်/ဆက်)

✻ ကျော်ဖုံးမှ

အလားတူ တနင်္သာရီမြို့နယ် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို ရွှေကမ္ဘောဇ ဆီအုန်းကုမ္ပဏီမှ ဆန် အိတ်၂၀၊ ဆီပိဿာ ၅၀၊ မာမားခေါက်ဆွဲ ပါကင် ၅၀နှင့် ရေသန့် ပါကင် ၅၀ စသည့် ထောက်ပံ့ရေးပစ္စည်းများကို အဆိုပါ ကုမ္ပဏီ မန်နေဂျာ ဦးလှမြင့်နှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအတွက် စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီက ဒို့တောရှာ အမြန်ရေယာဉ်ဖြင့် တနင်္သာရီမြို့သို့ ထောက်ပံ့ပေးပို့ခဲ့ရာ တနင်္သာရီမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကယ်ဆယ်ရေးအဖွဲ့ဝင် ကြက်ခြေနီများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူများကို ဆက်လက်ပေးအပ်လှူဒါန်းခဲ့သည်။ **မိုးဟိန်း(မြိတ်)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

စမတောင်တစ်ဝိုက်မှ ရင်လှိုင်းခတ်သံများ

မောင်အောင်(မွေး/ကု)

၂၀၁၃ခုနှစ် စက်တင်ဘာ ၂၅ ရက်

ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့။

ညတုန်းက သဲသဲမဲမဲရွာသွန်းထားသောမိုးကြောင့် ကိုကြီးအောင် တစ်ယောက် စိတ်လှုပ်ရှားနေမိသည်။ ယနေ့ကျင်းပမည့် ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ အခမ်းအနား ချောချောမောမော အောင်အောင်မြင်မြင် ဖြစ်မှဖြစ်မြောက်ပါ့မလား။

နေရာကလည်း လယ်ဝေးမြို့နယ် စမတောင်ပရဟိတလူငယ် ဖွံ့ဖြိုးရေး ဉယျာဉ် နေပြည်တော်လယ်ဝေးမြို့နယ် သာဝတ္ထိမြို့နှင့် လေးမိုင်ခန့်အကွာ အလယ်ရိုးမပေါ်ရှိ စမတောင်ပေါ်တွင် တည်ထားခြင်းဖြစ်ပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် စမတောင်ဆရာတော်က ရင်ခွင်မဲ့ရင်သွေးငယ်လေးများအား ပြုစုပျိုးထောင်ရန် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ စတင်ဖွင့်လှစ်စက ကလေးငယ်လေးဦးဖြင့် စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး ဖွင့်လှစ်ပြီး တစ်လအတွင်း မှာပင် ကလေးငယ် ၂၅ ဦး ဖြစ်လာသည်။ ယခုကလေးငယ် ၃၅၄ ဦးရှိပြီး နှစ်လသားအရွယ်မှ နှစ်နှစ်အရွယ်အထိ ကလေးငယ် ၃၀ ခန့် ပြုစုစောင့် ရှောက်ထားသည်။

ပြီးခဲ့သည့် တနင်္ဂနွေနေ့က နိုင်ငံတော်သမ္မတကြီးအား "ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့" အခမ်းအနားကို စမတောင်ကျောင်း၌ကျင်းပမည် ဖြစ်ကြောင်း တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတကြီးက "အေး သိပ်ကောင်းတယ်ဗျာ။ မိဘမဲ့ကလေးတွေကို ပြုစုစောင့်ရှောက်ရတာ၊ ကျွန်တော် ဆန် ၁၀ အိတ်နှင့်ဆီတစ်ပုံးလှူချင်တယ်။ လှူပေးစမ်းပါ" ဟု မေတ္တာစေတနာအပြည့် ဖြင့် ပြောလာသည်။ ၄င်းနေ့တွင်ပင် ကိုကြီးအောင်နှင့်သမ္မတကြီး၏ ကိုယ်ရေးအရာရှိတို့ ဆန် ၁၀ အိတ်၊ ဆီတစ်ပုံး၊ ငွေကျပ် သုံးသိန်းနှင့် ဆေးဝါးများ သွားရောက်လှူဒါန်းပေးခဲ့သည်။ နိုင်ငံတော်သမ္မတကြီးအပါအဝင် ကြားသိသူ ပြည်သူအပေါင်း မေတ္တာစေတနာထားရာ စမတောင်လူငယ် ဖွံ့ဖြိုးရေးဉယျာဉ်ကမ္ဘာ။

နေပြည်တော်နှင့် လယ်ဝေးလမ်းဆုံရောက်တော့ ကားလမ်းပေါ်တွင် ရေကပေါင်လယ်ခန့်ရှိနေသည်။ ကားများသတိနှင့် ဖြတ်ကူးရသည်။ ကမ္ဘာ့ ကျောင်းများ နို့တိုက်ကျွေးရေးနေ့ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ကိုကြီးအောင် ရင်တွင်းဗလောင်ဆူနေပြီ။ ကလေးတွေတိုက်ဖို့ နို့ကတော့ မနေ့ကတည်းက ပို့ပြီးဖြစ်သည်။ ပရိသတ်ကို ဧည့်ခံကျွေးမွေးမည့် ရွှေတောင် ခေါက်ဆွဲ၊ စမူဆာ၊ မြစိမ်းရောင် ပေါင်းခံထားသည့်နို့ အချိန်မီ ရောက်ပါ့မလား။ စာစီစာကုံးနှင့် ပန်းချီဆုရကလေးတွေ အချိန်မီမှ ရောက်ပါ့မလား။ ဖိတ်ကြား ထားသည့်ဧည့်သည်များ ဒီရေကို ဒီကားတွေ ဒီလူတွေကျော်ဖြတ်နိုင်ပါ့ မလား။

"ဒီကနေ့ ကျင်းပတဲ့ အခမ်းအနားက ကမ္ဘာ့ကျောင်းများနို့တိုက် ကျွေးရေးနေ့ အခမ်းအနားပဲဖြစ်ပါတယ်။ ဒီအခမ်းအနားကို တက်ရောက် လာကြတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးစီမံကိန်း ဦးဆောင်ကော် မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဒေသဆိုင်ရာကိုယ်စားလှယ်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အခြေခံပညာမူလတန်းအဆင့် စာစီစာကုံးနှင့်ပန်းချီ ပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများနှင့် အနာဂတ်မျိုးဆက်သစ်လူငယ် များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။"

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏အောင်မြင်ခန့်ညားသည့်အသံက စမတောင်တစ်ဝိုက် တွင် ဟိန်းလျက်ထွက်ပေါ်လာနေသည်။ သို့သော်လည်း ကိုကြီးအောင်၏ရင်ထဲ တွင် အခမ်းအနားစတင်ချိန်အထိ ရောက်မလာသေးသည့် ဆုရကလေးငယ်၊ ဧည့်ခံကျွေးမွေးသူများ အဆင်မှပြေရဲ့လား။ လားပေါင်းများစွာဖြင့် ရင်တွင်း မှာ လှုပ်ခတ်လျက်။

"ဒီနေ့ ကျင်းပတဲ့အခမ်းအနားနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ကုလသ မဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကိုယ်စား အထူးပင်ကျေးဇူးတင် ဝမ်းမြောက်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ ဒီအခမ်းအနားမျိုး ကျင်းပကြ ပေမယ့် အခုလို အနှစ်သာရရှိရှိ ကျင်းပတာမျိုး မတွေ့ရပါဘူး။ မြန်မာပြည်မှာ အခုလိုကျင်းပပေးတဲ့အတွက် အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် များစွာ အားတက်မိကြောင်း ပြောကြားလိုပါတယ်"။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ဒေသဆိုင်ရာညှိနှိုင်းရေးမှူး Dr. Thanawart ၏ ပြောကြားချက်များကလည်း အားရစရာပင်။

ကိုကြီးအောင်ရင်ထဲ ဆို့နစ်နေသော အလုံးကြီး ပြေကျသွားသည်။ ကမ္ဘာ့ ကျောင်းများနို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ် နေပြည်တော်ကောင်စီနယ်မြေ အခြေခံပညာမူလတန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်သောအခါ ဆုရကလေးများအားလုံး စုံညီသည်။ ကလေးငယ်များ၏ လိမ္မာယဉ်ကျေးမှု၊ ထက်မြက်ထူးချွန်မှုများက ပြိုင်ပွဲဆုရစာစီစာကုံးနှင့် ပန်းချီကားများက သက်သေထူနေသည်။ နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်မှ အခြေခံ ပညာမူလတန်းကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်း ဖြစ်သည်။

စမတောင်ပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်းမှ ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် နို့တိုက်ကျွေးစဉ်။ (သတင်းစဉ်)

စာစီစာကုံးနှင့်ပန်းချီပြိုင်ပွဲ၏ခေါင်းစဉ်မှာ "ကျန်းမာရေးသည်ထာဝရ နို့တစ်ခွက်သည်အဓိက" ဖြစ်သည်။ ခေါင်းစဉ်နှင့်လိုက်လျောညီထွေအောင် ကလေးတွေ စာစီစာကုံးရေးနိုင်စွမ်းရှိကြသည်။ ဆုရပန်းချီကားများက လည်း ကလေးတွေ၏အရည်အသွေးကို ဖော်ပြနေသည်။ စာစီစာကုံးပြိုင်ပွဲ တွင် လယ်ဝေးအထက(၂) စတုတ္ထတန်းမှ မသက်ဖူးဝေက ပထမ၊ ပျဉ်းမနား အထက(၁)ခွဲ ကန်နား စတုတ္ထတန်းမှ မသွန်းဖြိုးဟန်ကဒုတိယနှင့် တပ်ကုန်း အထက(၁) တတိယတန်းမှ မသီရိရှင်းသန့်က တတိယရရှိသည်။ နှစ်သိမ့်ဆုကို အထက(၁၂) ဥတ္တရသီရိမှ မောင်အောင်ခိုင်ဖြိုးနှင့် အထက(၁) ပျဉ်းမနားမှ မယွန်းမီမီကျော်တို့က ရရှိကြသည်။ ပန်းချီပြိုင်ပွဲတွင် အထက(၇) ဇမ္ဗူသီရိ ဒုတိယတန်းမှ မရွှန်းလဲ့ဝေက ပထမ၊ ပျဉ်းမနား မြို့မမူလွန် စတုတ္ထတန်းမှ မောင်မင်းသော်ထင်က ဒုတိယနှင့် တပ်ကုန်း အထက(၂) စတုတ္ထတန်းမှ မသော်တာလင်းလက်က တတိယရရှိကြသည်။ နှစ်သိမ့်ဆုများကို အထက(၆) သာဝတ္ထိမှ မောင်ပြည့်စုံဟိန်းနှင့် ပျဉ်းမနား မြို့မ အမက(၁)မူလွန်မှ မောင်ရဲ သီဟတို့ ရရှိကြသည်။

ဆုရကျောင်းသား ကျောင်းသူကလေးများ၏ ရင်သည် ဝမ်းသာပီတိဖြင့် တုန်ရီလှုပ်ခတ်လျက်ရှိသကဲ့သို့ ဆုရွေးချယ်သူ ဆရာ ဆရာမများ၊ ဆုချီးမြှင့် ပေးသူ ပြည်ထောင်စုဝန်ကြီးတို့၏ ရင်တွင်လည်း ကလေးများ၏ ထူးချွန် ထက်မြက်မှုအပေါ် ဂုဏ်ယူဝမ်းမြောက် ရင်ခုန်လျက်ရှိကြသည်။ ဆုချီးမြှင့် ပွဲအခမ်းအနားအပြီးတွင် စမတောင်လူငယ်ဖွံ့ဖြိုးရေးဉယျာဉ်တွင် ပညာ သင်ကြားလျက်ရှိသည့် အခြေခံပညာမူလတန်းကျောင်းသား ကျောင်းသူ ကလေးများကို နို့ချိုတိုက်ကျွေးပါသည်။ မုန့်ထုပ်များ ဝေပေးပါသည်။ စမတောင်လူငယ်ဖွံ့ဖြိုးရေးဉယျာဉ်သည် ယခုစာသင်နှစ်မှစ၍ အခြေခံ ပညာကျောင်းများ နို့တိုက်ကျွေးရေးအစီအစဉ်တွင် ပါဝင်သဖြင့် ကလေးများ ကျောင်းတက်ရက်များတွင် နေ့စဉ်နွားနို့သောက်ရပါသည်။ သို့သော်လည်း ယနေ့ အစီအစဉ်သည် ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ အထူးအစီအစဉ် ဖြစ်သဖြင့် ကလေးများ ပျော်ရွှင်နေကြသည်။ ရင်ခုန်နေကြသည်။ ရင်ခွင်မဲ့ ကလေးများကို ယခုကဲ့သို့ ပြုစုယုယ၊ နို့တိုက်ကျွေးခွင့်ရသဖြင့် ဤအခမ်း အနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများ၏ ရင်တွင်လည်း ရင်ခုန်လှိုက်လှဲလျက်။

နို့တိုက်ကျွေးပွဲ အခမ်းအနားအပြီးတွင် နို့စားနွားပေးလှူပွဲအခမ်းအနား ဆက်လက်ပြုလုပ်ပါသည်။ အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေး အစီအစဉ်သည် တစ်ရက်တည်း၊ တစ်လတည်း၊ တစ်နှစ်တည်း ပြုလုပ်မည့် အစီအစဉ်မဟုတ်ပါ။ တစ်ကြိမ်စမိလျှင် တစ်သက်လုံးဆက်လက်ဆောင်ရွက် သွားရမည့်လုပ်ငန်းဖြစ်ပါသည်။ အနာဂတ်ခေါင်းဆောင်မျိုးဆက်သစ်လူ ငယ်များ ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည် မှာ အမျိုးသားရေးကိစ္စတစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်၍လည်း နိုင်ငံတော် သမ္မတကြီး၏ လမ်းညွှန်ချက်ကို ရေရှည်စဉ်ဆက်မပြတ် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက စမတောင်လူငယ်ဖွံ့ဖြိုးရေးဉယျာဉ်သို့ နို့ပေး နေသည့် နို့စားနွားမငါးကောင် လှူဒါန်းခဲ့ပါသည်။ စမတောင်ဝန်းကျင်ရှိ ကျေးရွာငါးရွာမှ တာဝန်ခံ၍ မွေးမြူပေးမည့် တောင်သူငါးဦးကိုလည်း နို့စား နွားမတစ်ကောင်စီပေးအပ်ခဲ့ပါသည်။ ယင်းနွားမ ၁၀ ကောင်မှ နွားနို့ကို စမတောင်ရှိ ရင်ခွင်မဲ့ကလေးငယ်များ နွားနို့ရေရှည်သောက်သုံးနိုင်စေရန် အတွက် "နွားနို့ပဒေသာပင်"စိုက်ထူလှူဒါန်းခြင်းပင်ဖြစ်ပါသည်။

ဤ "နွားနို့ပဒေသာပင်" စိုက်ထူလှူဒါန်းသည့် အလှူမျိုး ယခင်က မရှိခဲ့ပါ။ ယခုပထမဦးဆုံးအကြိမ် စတင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ နိုင်ငံ ခြားမျိုး နို့စားနွားမများ အခမဲ့ရရှိခြင်းဖြစ်သဖြင့် လက်ခံရရှိသည့် တောင်သူ များ၏ ရင်တွင်ဝမ်းမြောက်ဝမ်းသာ ရင်တွင်းစကားများ ဖွင့်ဟလာသကဲ့သို့ ပေးအပ်လှူဒါန်းကြသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုး ရေးဝန်ကြီးဌာန အကြီးအကဲများသည်လည်း ဝမ်းမြောက်ဝမ်းသာပီတိဖြာ၍ ရင်တွင်းလှုပ်ခတ်စွာဖြင့်။

အခမ်းအနားများအပြီး ဧည့်ခံကျွေးမွေးရေးအစီအစဉ်တွင် ယူနီစန်စား သောက်ဆိုင်မှ တည်ခင်းဧည့်ခံသည့် ရွှေတောင်ခေါက်ဆွဲကို ဧည့်သည်တော် များအားပါးတရ မြိန်ရည်ရှက်ရည် စားသောက်ကြသည်ကို ကြည့်ရင်း အခမ်းအနားဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အခမ်းအနား ကျင်းပရေးကော်မတီ အတွင်းရေးမှူး ကိုကြီးအောင်၏ ရင်ထဲတွင် ပီတိဝေ ဖြာ လှိုက်ခတ်စွာဖြင့် ခံစားနေမိသည်။

ဤ ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ အခမ်းအနားကျင်းပရာတွင်

- "ရင်ခွင်မဲ့ကလေးငယ်များအား နို့တိုက်ကျွေးရသဖြင့် ပီတိဝေဖြာဝမ်း မြောက်ဝမ်းသာဖြစ်ရသည့် အလှူရှင်များ၏ ရင်တွင်းလှုပ်ခတ်မှု၊
- အခြေခံပညာမူလတန်းကျောင်းသား ကျောင်းသူများ၏ စာစီစာကုံးနှင့် ပန်းချီလက်ရာများကို ကျေနပ်ပီတိဖြင့် အကဲဖြတ်ကြည့်ရှုရင်း မျိုးဆက်သစ်လူငယ်များအား ဆုချီးမြှင့်ခဲ့ရသည့် ပြည်ထောင်စု ဝန်ကြီး၏ ဝမ်းမြောက်ပီတိဖြင့် ရင်တွင်းလှုပ်ခတ်မှု၊
- အထက်အကြီးအကဲများ၏ ထိုက်ထိုက်တန်တန်ချီးမြှင့်သည့်ဆုကို လက်ခံရယူသည့်ဆုရကျောင်းသား ကျောင်းသူများ၏ ရင်တွင်း လှိုက်ကာ ပီတိဖြာမှု၊
- နိုင်ငံခြားနို့စားနွားများကို လက်ခံရရှိသည့် ကျေးရွာသားများ၏ ရင်တွင်း လှိုက်ခတ်မှု၊
- အခမ်းအနားကြီးတစ်ခုလုံး အောင်မြင်အောင် စည်းရုံးကြိုးပမ်းရင်း ပြီးမြောက်ကာမှ ပီတိယှက်ဖြာခံစားရသည့် ကိုကြီးအောင်၏ ရင်တွင်းလှိုက်ခတ်မှု၊

မည်သို့ဆိုစေ ယနေ့တွင်တော့ စမတောင်တစ်ဝိုက်တွင် ရင်တွင်းလှိုက် ခတ်သံများဖြင့် ပြည့်လွှမ်းနေသည့် "ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေး ရေးနေ့" ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါပြီ။ ။

ပြင်ဦးလွင်မြို့နယ် တောင်ပြိုကြိုးဝိုင်းအတွင်း တရားမဝင် ဝင်ရောက်ကျူးကျော်သူများအား အမှုဖွင့်အရေးယူရေး ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၇

ပြင်ဦးလွင်မြို့နယ် ငါးရံ့ချောင်းကျေးရွာအနီး တောင်ပြိုကြိုးဝိုင်း အကွက်အမှတ်(၈)အတွင်း ကျူးကျော်သူများအား အမှုဖွင့်အရေးယူရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပြင်ဦးလွင်မြို့နယ် နယ်မြေခံ တောအုပ်ကြီးနှင့်အဖွဲ့သည် ၂၀၁၃ ခုနှစ် မတ် ၁၄ ရက်တွင် တောင်ပြို ကြိုးဝိုင်း အကွက်အမှတ်(၈)အတွင်း ကွင်းဆင်းစစ်ဆေးရာ ကျူးကျော်သူ ၁၃ ဦးက ဝင်ရောက်တဲထိုးနေထိုင်သည်ကို တွေ့ရှိရသဖြင့် အမြန်ဆုံး ထွက်ခွာရန် တားမြစ်ခဲ့ကြောင်း၊ ထို့နောက် မတ် ၂၂ ရက်တွင် ထပ်မံ ကွင်းဆင်းစစ်ဆေးရာ ကျူးကျော်သူများမှာ ထွက်ခွာမှု မရှိသေးသည့် အပြင် အခြားသူများက ဘေးပတ်ဝန်း ကျင်တောင်ကုန်းတစ်လျှောက် ထပ်မံ ကျူးကျော်ထားသည်ကို တွေ့ရှိရသ ဖြင့် ကျူးကျော်သူများအား အမြန် ဆုံးထွက်ခွာရန် နောက်ဆုံးအကြိမ် အဖြစ် သတိပေးခဲ့ကြောင်း သိရ သည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးအရာရှိနှင့်အဖွဲ့သည် မတ် ၂၅ ရက်တွင် သွားရောက်စစ် ဆေးပြီး ကျူးကျော်နေထိုင်သူ ၁၀၄ ဦးတို့အား ကြိုးဝိုင်းအတွင်းကျူးကျော် နေထိုင်ခြင်းနှင့်နေထိုင်မည့်မြေနေရာ တွင် သစ်ပင်ခုတ်ထွင်ရှင်းလင်းခြင်း တို့အတွက် သစ်တောဥပဒေပုဒ်မ ၄၀(က)၊ ၄၂(က) တို့ဖြင့် အမှုဖွင့် အရေးယူခဲ့ကြောင်း၊ ပြင်ဦးလွင် မြို့နယ်တရားရုံးက ဒဏ်ငွေ ကျပ် ၅၀၀၀ စီ ပေးဆောင်ရန်နှင့်ဒဏ်ငွေ မဆောင်က ထောင်ဒဏ် တစ်လ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ကျူးကျော်နေထိုင် သူများအား ကြိုးဝိုင်းအတွင်းမှ တစ်ပတ်အတွင်း ထွက်ခွာပေးရန် နှိုးဆော်စာများထုတ်ပြန်ပြီး သတိပေး ဆိုင်းဘုတ်များ စိုက်ထူခဲ့သော်လည်း ပြန်လည်ထွက်ခွာခြင်း မရှိသည့် အပြင် ထပ်မံကျူးကျော်ဝင်ရောက်နေ ထိုင်သူများပါ များပြားလာခဲ့ရာ ၂၀၁၃ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ကောက်ယူသည့်စာရင်းအရ ကျူး ကျော်သူ ၂၆၆ ဦးအထိ ရှိလာ ခဲ့သည်။

သစ်တောဦးစီးဌာန အနေဖြင့် အဆိုပါ ကျူးကျော်နေထိုင်သူများ အား တရားဥပဒေနှင့်အညီ ဆက် လက်အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

တောင်ပြိုကြိုးဝိုင်းရှိ အဆိုပါ ကျူးကျော်နေရာသည် ငါးရံ့ချောင်း-ပန်းဦးတောင်လမ်းဘေး ငါးရံ့ချောင်း ကျေးရွာမှ နှစ်ဖာလုံခန့်အကွာတွင် တည်ရှိပြီး ပြင်ဦးလွင်မြို့ လမ်းဆုံ အဝိုင်းမှ တစ်မိုင်ကျော်ကွာဝေးသည့် နေရာတွင် တည်ရှိသည်။ ယခင်က ကျူးကျော်နေထိုင်သည့် ဧရိယာ မှာ သုံးဧကခန့်သာ ရှိသော်လည်း ယခုအခါ ဧက ၄၀ ခန့်တွင် ကျူး ကျော်နေထိုင်လျက်ရှိကြောင်း သစ် တောဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်ဦးလွင်မြို့နယ် ငါးရံ့ချောင်းကျေးရွာအနီး တောင်ပြိုကြိုးဝိုင်း အကွက်အမှတ်(၈)အတွင်း တရားမဝင်ကျူးကျော်ဝင်ရောက် နေထိုင်မှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အသက် ၉၀ အရွယ်ကဲ့သို့ အိုမင်းရောဂါဖြစ်ပွားနေသည့် လေးနှစ်သမီး

လန်းဖွန်း စက်တင်ဘာ ၂၇

ထိုင်းနိုင်ငံ လန်းဖွန်းခရိုင်မြို့ ပါဆပ်ရပ်ကွက် မူကြိုကျောင်း၌ စက်တင်ဘာ ၂၄ ရက်က ထိုင်းလူငယ်ဇနီးမောင်နှံတို့၏ လေးနှစ်အရွယ် သမီးဖြစ်သူ ချနာကွန် (ခ) ဂျင်နီလုံးအောကို တွေ့ရှိရသည်။

ဂျင်နီသည် အတန်းဖော် လေးနှစ်အရွယ်များအကြား ထူးခြားစွာ အသက် ၈၀၊ ၉၀ အရွယ်မှတ်နှင့် ဆော့ကစားနေပုံ တွေ့ရှိရသည်။

မကုသနိုင်

လန်းဖွန်းမြို့ ဆောက်လုပ်ရေးဆိုင်တစ်ဆိုင်ရှိ အလုပ်သမားများဖြစ်ကြပြီး မူလက ဗန်မြို့နယ် မဲ့ရပ်ကွက်၌ နေထိုင်ကြရာ သမီးဖြစ်သူကို ရောဂါကုသရန် လန်းဖွန်းမြို့ကို ပြောင်းရွှေ့လာပြီး ချင်းမိုင်မြို့သို့ သွားရောက်ကုသသော်လည်း ရောဂါသက်သာလာခြင်းမရှိဘဲ ပို၍အိုမင်းလာခြင်းကြောင့် ဆက်လက် မကုသနိုင်တော့ကြောင်း သိရသည်။

ဖော်ပြ

မူကြိုဆရာမ အန်ချလီက ဂျင်နီလုံးအောကို မေ ၁၆ ရက်ကစတင်ကာ ကျောင်းအပ် လက်ခံခဲ့ကြောင်း၊ အသက်အရွယ်နှင့်မမျှ အရွယ်ရင့်လွန်းနေသည့်အတွက် သူမရဲ့ မွေးစာရင်း အထောက်အထားများကို စစ်ဆေးကြည့်ရာ အမှန်ပင်လေးနှစ်သာရှိသည့်အတွက် ကျောင်းသားအဖြစ် လက်ခံခဲ့ကြောင်း၊ ကျောင်းသားအဖြစ် လက်ခံပြီးတွင် ကျန်ကလေးများနှင့်

စိမ်းနေသေးသော်လည်း နောက်ပိုင်းတွင် ပုံမှန်ကလေးသဘာဝအတိုင်း ဆော့ကစားကြကြောင်း၊ ဂျင်နီသည် ကလေးသဘာဝအတိုင်း စာသင်၊ သီချင်းဆို၊ လှုပ်ရှားမှုများတွင် ပုံမှန်ကလေးသဘာဝအတိုင်း နေထိုင်မှုရှိကြောင်း၊ ပျော်တတ်ရွှင်တတ်ပြီး ဓာတ်ပုံရိုက်ပါက ပြုံးပြုံးနေတတ်ကြောင်း၊ မိဘများဆင်းရဲသဖြင့် စေတနာရှင်များ ပေါ်ပေါက်ရေး သတင်းမီဒီယာများကို ပြောကြားကြောင်း၊ ထိုကဲ့သို့ အရွယ်ထက် အိုမင်းခြင်းရောဂါကို ဆေးပညာအရ Progeria ဟု ခေါ်တွင်ပြီး ထိုင်းနိုင်ငံအတွင်း ယခင်က တွေ့ရှိခဲ့ဖူးကြောင်း သတင်းမီဒီယာများ၌ ဖော်ပြထားသည်။

မြင့်မိုရ်(တာချီလိတ်)

အာဟာရသုခဈေး၌ မီးဘေးကာကွယ်ရေး သရုပ်ပြဇာတ်တိုက်

ပျဉ်းမနား စက်တင်ဘာ ၂၇

ပျဉ်းမနားမြို့ အာဟာရသုခဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို စက်တင်ဘာ ၂၆ ရက်က ကျင်းပရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဈေးများဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းထွန်းနှင့် ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းအောင်တို့က မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဈေးများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော ဆိုင်ခန်းရှင်များ လျှပ်စစ်အသုံးပြုရာတွင် တပ်ဆင်သွယ်တန်းထားသော လျှပ်စစ်ကြိုးအပေါက်၊ အဆွေးအမြည့်များကို ဆက်လက်အသုံးမပြုရန်နှင့် ဆိုင်ပိတ်သိမ်းသည့်အခါ မီးခလုတ်များကိုပိတ်သိမ်းသွားရန် ဟောပြောခဲ့ပြီး ဈေးဝန်ထမ်းများ၊ ဈေးရောင်းချသော ဆိုင်ခန်းရှင်များကိုယ်တိုင် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက မီးငြိမ်းသတ်မှု အခက်အခဲမဖြစ်ပေါ်စေရန် မီးငြိမ်းသတ်နည်း လေ့ကျင့်သရုပ်ပြခဲ့ကြောင်းသိရသည်။(**အပေါ်ပုံ**)

ကိုကိုရူပ

မီးဘေး
အန္တရာယ်
သတိပြု
ကာကွယ်

စက်တင်ဘာ ၂၆ ရက်က ရန်ကုန်-ပြည်လမ်း ခြောက်မိုင်ခွဲ၌ ယာဉ်မောင်း ကျော်ဇေယျလင်း မောင်းနှင်လာသော Town Ace ၇ခ/.... အဖြူရောင် ယာဉ် လမ်းဘေးဓာတ်တိုင်ကို ဝင်တိုက်မိစဉ်။ ရန်နိုင်ဝင်း

ပါဝါမီတာပျက်စီးသွားသဖြင့် အရေးယူ

ရန်ကုန် စက်တင်ဘာ ၂၇

မရမ်းကုန်းမြို့နယ်၌ ပါဝါမီတာမှ Cover Seal လေးလုံးအနက် Cover Seal တစ်လုံးပျက်စီးသွားသဖြင့် အရေးယူရသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနေ ဦးစန်းလှိုင်၏ နေအိမ်၌ ပလတ်စတစ်လုပ်ငန်းကို ပါဝါမီတာအမှတ် XN-7863 ဖြင့် လုပ်ကိုင်ခဲ့ရာ ဇွန် ၅ ရက်က အဆိုပါမီတာ၏ လုံခြုံမှုစနစ်အရ တပ်ဆင်ထားသော Cover Seal လေးလုံးအနက် တစ်လုံးမှာ ကျွတ်ထွက်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် လျှပ်စစ်စမ်းသပ်ရေးဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ ပြုပြင်၍မရနိုင်သောမီတာဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါမီတာအတွက် လျော်ကြေးငွေပေးဆောင်ရန် အကြောင်းကြားခဲ့သော်လည်း ပေးဆောင်ခြင်းမရှိသည့်အတွက် လျော်ကြေး၊ နစ်နာကြေး၊ ဒဏ်ကြေးများပေးသွင်းရန် ပျက်ကွက်ပြီး ဌာနပိုင် လျှပ်စစ်မီတာကို မီတာယူနစ်မတက်စေရန်နှင့် Cover Seal များပြောင်းလဲသွားစေရန် ဆောင်ရွက်ခဲ့သူ ဦးစန်းလှိုင်ကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးက အရေးယူပေးပါရန် တိုင်တန်းခဲ့သဖြင့် မရမ်းကုန်းမြို့မ ရဲစခန်းက စက်တင်ဘာ ၂၅ ရက်တွင် အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ပြည်တွင်းသတင်း

ပဲခူးတိုင်းဒေသကြီးမှ ဆန်ကြမ်းအသစ်များဝင်ရောက်

ရန်ကုန် စက်တင်ဘာ ၂၇

ယခုရက်ပိုင်း ရန်ကုန်ဆန်စျေးကွက်သို့ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းမှ လမ်းဆန်များဖြစ်သော မိုးစိုက်ဆန်ကြမ်းအသစ်များ အရေအတွက်အနည်းငယ်စီ ဝင်ရောက်မှုရှိလာရာ တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀ မှ ၁၄၀၀၀ အတွင်း ရောင်းချရကြောင်း၊ ဇီးကုန်း၊ နတ်တလင်းနယ်များတွင် ဆန်သစ်များ စတင်ထွက်ပေါ်နေပြီဖြစ်ရာ ရန်ကုန်သို့ ဆန်တစ်အိတ်ကားခ ငွေကျပ် ၆၀၀ နှုန်းဖြင့် တင်ပို့ရကြောင်း ဆန်ကုန်သည်တစ်ဦးက ဆိုသည်။

မြစ်ဝကျွန်းပေါ်ဒေသ အနောက်ခြမ်းများဖြစ်သော အင်းမ-ကွင်းကြီး-ကျောင်းကုန်း-ဒါးက-တန်ကြီးဒေါင့်နယ်များတွင်လည်း လယ်ကွင်း အများအပြား မကြာမီ ရိတ်သိမ်းနိုင်မည့်အနေအထားမျိုး မြင်တွေ့နေရကြောင်း ယင်းဒေသ ခရီးသွားများက ဆိုသည်။

ယခင်နှစ် အဆိုပါဒေသများ ယခု မိုးရာသီတွင်ဆည်ရေလုံလောက်စွာရရှိသည့်အတွက် နွေစပါး ပိုမိုစိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ် ၂၀၁၃ မိုးစပါးနှင့် ၂၀၁၄ နွေစပါး စိုက်ပျိုး အထွက်ပိုနိုင်သဖြင့် ပြည်ပပို့ကုန် ဆန်တန်ချိန် ပိုမိုတင်ပို့လာနိုင်ဖွယ်ရာရှိကြောင်း ဆန်ကုန်သည်များက ဆိုသည်။

တင်ပို့

ယခုနှစ် ဆန်ကြမ်းစျေးနှုန်းသည် ယခင်နှစ်ထက် အချိန်ကာလ နှစ်လစော၍ စျေးမြင့်တက်ပြီး ကျဆင်းနေသော ကမ္ဘာ့ဆန်စျေးနှုန်းထက် ပြည်တွင်း ဆန်ကြမ်းစျေးနှုန်းမြင့်နေသဖြင့် ပြည်ပသဘော်ာတင်ပို့မှု ခေတ္တရပ်ဆိုင်းခဲ့ရကြောင်း၊ တရုတ်နယ်စပ်သို့ တင်ပို့နေရာမှ ယခုအခါ တရုတ်နယ်တွင် ဆန်သစ်ထွက်ပေါ်လာခြင်း၊ ထိုင်း-ဗီယက်နမ်ဆန်များ တရုတ်သို့ အဝင်ရှိလာခြင်းတို့ကြောင့် ဆန်စျေးနှုန်းကျလာရာ ရန်ကုန်မြို့တော်ရှိ ဆန်ကြမ်းစျေးနှုန်းဖြင့်ဆိုလျှင် အကျိုးအမြတ်ရရှိမှုနည်း၍ တင်ပို့မှုနည်းကြောင်း၊ ရန်ကုန်-မူဆယ် ဆန်တစ်တန် ကားခ ငွေကျပ် ၅၂၀၀၀ ဝန်းကျင်သာရှိကြောင်း ဆန်ကုန်သည်နှင့် ကုန်ကားပိုင်ရှင်များက ဆိုသည်။

ရန်ကုန်စျေးကွက်သို့ ဆန်သစ်များနှင့်အတူ နွေဆန်အလတ်စများ (ဆန်ဝါအနည်းငယ်ပါ)လည်း ဝင်ရောက်လာရာ တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀ နှုန်းဖြင့်သာ ရောင်းရကြောင်း၊ ၂၅ မှတ် ဆန်များသည် ယခုအခါ ငွေကျပ် ၁၄၅၀၀ ဝန်းကျင်၊ နွေဆန်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀ ဝန်းကျင်၊ ပေါ်ကွဲတစ်အိတ် ငွေကျပ် ၂၁၀၀၀ ဝန်းကျင်၊ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀ မှ ၂၈၀၀၀ အတွင်း၊ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀ ဝန်းကျင်၊ ၂-၃-၄ ဆန်ကွဲအသေး တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀ ဝန်းကျင်စျေးရှိကြောင်း သိရသည်။

ရခိုင်ဒေသမှလာသော ရွှေဝါထွန်း တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀ ဝန်းကျင်၊ ပေါ်ကွဲ တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀ ဝန်းကျင်ရှိကြောင်း ရခိုင်ဆန်ရောင်းသူတစ်ဦးက ဆိုသည်။ **ခင်ဆိုင်**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့်အခြေခံစားကုန်စျေးနှုန်း ၂၇-၉-၂၀၁၃

ရွှေစျေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေစျေး	တစ်ကျပ်သား	၆၉၅၀၀၀-၆၅၄၁၀၀
မန္တလေးရွှေစျေး	တစ်ကျပ်သား	၆၉၅၀၀၀-၆၅၄၀၀၀

(အချိန်နှင့်အမျှ စျေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်စျေး (ပြင်ပငွေလဲပေါက်စျေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၈-၁၃၂၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၇၆	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၂-၃၀.၄	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅.၄	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၇	ကျပ်

စက်သုံးဆီစျေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာစျေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၆၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၁၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၇၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၀၀၀-၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၂၀၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်စျေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၇၅၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၁၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၈၈
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၃၀-၈၂၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၂၅
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၃၀၀-၄၀၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၁၅၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀
၁၂။ သကြား	တစ်ပိဿာ	၉၇၀-၁၁၀၀

ကုန်စည်ဒိုင်စျေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စော့ငုတင်ပြသည်။

မတ်ပဲစျေးတက်၍ ရန်ကုန်သို့ အလျင်အမြန်ပို့ဆောင်လျက်ရှိ

ဖြူး စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် ကျေးရွာ ၅၈ အုပ်စုတို့မှ တောင်သူလယ်သမားများက မတ်ပဲရာသီတွင် စိုက်ဧက တစ်သိန်းကျော် စိုက်ပျိုးခဲ့ကြရာ ရိတ်သိမ်းချိန်တွင် မတ်ပဲများ အထွက် ကောင်းခဲ့ကြသည်။

အရောင်းအဝယ်ဖြစ်

မတ်ပဲများ ဖြိုင်ဖြိုင်ထွက်ပေါ်ချိန်တွင် စျေးမှာ ဒေသအခေါ် တစ်တင်းခွဲအိတ်လေး တစ်အိတ် ငွေကျပ် ၂၀၀၀၀ ဝန်းကျင်မှ ၂၀၀၀၀ ကျပ်၊ ဒေသအခေါ်(အိတ်ကြီး) သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၄၀၀၀၀ ဝန်းကျင်သာရှိခဲ့ရာမှ ယခု စက်တင်ဘာ ၁၉၊ ၂၀ ရက်မှစ၍ စျေးတက်လျက်ရှိရာ အိတ်လေး တစ်တင်းခွဲ တစ်အိတ် ငွေကျပ် ၂၄၀၀၀ မှ ၂၄၅၀၀ ကျပ်၊ သုံးတင်းဝင် အိတ်ကြီးတစ်အိတ်ငွေကျပ် ၄၈၀၀၀ မှ ၄၈၅၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဝင်ငွေကောင်း

မတ်ပဲလှောင်သော ပွဲရုံများအနေဖြင့် ယခင်က ဖြူး၊ ရန်ကုန် သယ်ပို့ကားခ တစ်တင်းခွဲအိတ်လေး တစ်အိတ် ငွေကျပ် ၄၀၀ မှ ယခု တစ်တင်းခွဲတစ်အိတ် ကားခငွေကျပ် ၅၀၀ မှ ၅၇၀ အထိပေး၍ ကုန်တင်ကားများကို ပွဲရုံများမှ အလုအယက် အပြိုင်အဆိုင် ငှားရမ်းပို့ဆောင်လျက်ရှိကြသဖြင့် ကုန်တင်ကားများ ဝင်ငွေကောင်းလျက်ရှိကြသည်။

သို့သော် မတ်ပဲထုတ်လုပ်သူ တောင်သူလယ်သမားများ အနေဖြင့် မတ်ပဲစျေးတက်ချိန်ကို မစောင့်နိုင်ကြသဖြင့် ကျစျေးဖြင့်သာ ရောင်းချခဲ့ကြရသောကြောင့် ငွေကြေးအကျိုးခံစားခွင့် အလွန်နည်းပါးခဲ့ကြရကြောင်း သိရသည်။

ဖြူးမြင့်ဦး

ဟိုပင်၌ မျိုးကောင်းမျိုးသန့် စံပြကွက်စိုက်ကွင်းများသို့ ကွင်းဆင်းလေ့လာ

ဟိုပင် စက်တင်ဘာ ၂၇

ကချင်ပြည်နယ် ဟိုပင်မြို့နယ်ခွဲ မြို့သစ်ကလေးကျေးရွာအုပ်စု အာလံဘို ကျေးရွာ စံပြကွက်နှစ်ဧက တောင်သူ ဦးလှစန်း၏ မျိုးကောင်းမျိုးသန့်ထုတ်လုပ်မှု စိုက်ခင်းသို့ စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးတိုးကျော်သူ၊ စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်လွင်၊ မြေစာရင်းဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာတောင်သူများ ကွင်းဆင်းကြည့်ရှုလေ့လာခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ၁၄. ၉. ၂၀၁၃ ရက်နေ့ နေ့စွဲပါ သတင်းထုတ်ပြန်ကြေငြာချက်အရ ၂၀၁၂-၂၀၁၃ အခွန်စည်းကြပ်နှစ်အတွက် မြန်မာတစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သူ လုပ်ငန်းရှင်များအနက် **ကမ္ဘောဇဘဏ်လီမိတက်** သည် **ပထမနေရာ** မှ ဝင်ငွေခွန် အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် ကုန်သည်စက်မှုအသင်းချုပ် နာယက ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အား အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)

အမျိုးသမီးဝန်ထမ်းအမြန်အလိုရှိသည်

(၁) အင်္ဂလိပ်၊ ဂျပန်(သို့မဟုတ်)တရုတ်စကားကျွမ်းကျင်စွာပြောဆိုနိုင်ရမည်။
(၂) Office Staff (Microsoft Word, Excel, DTP) ဂျပန်လို (သို့မဟုတ်) အင်္ဂလိပ်လို ကျွမ်းကျင်စွာ ရိုက်နိုင်ရမည်။ အမှတ်စဉ်(၁)နှင့်(၂)အတွက် အထည်ချုပ်လုပ်ငန်း အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
(၃) House Keeper (အိမ်ဖော်) မြန်မာအစားအစာကျွမ်းကျင်စွာ ချက်တတ်ရမည်။ အသက်(၄၀)မှ (၄၅)နှစ်အတွင်း

ဆက်သွယ်ရန်- 3(C)၊ နေသီရိတာဝါ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၁၂၅၆၈၀၊ ၀၉-၃၁၁၄၉၆၄၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ကျွန်တောအလယ်ရပ်ကွက်၊ အမှတ် (၁)မြောင်းမြလမ်း၊ အခန်းအမှတ် (၅လွှာ+၆လွှာ)၊ ခေါင်းရင်းခန်း (၀၂)၊ ဒုတိယခေါင်းရင်းခန်း၊ ဟောင်ကောင်နှစ်လွှာနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်/ရောင်းချပိုင်ခွင့်ရှိသူထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ ရောင်းချသည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှ နောက်ခုနစ်ရက်ကို နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှထွန်း B.A, R.L **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၂၀၀)**
အမှတ် (၉/၁၁)၊ အခန်း (၁၀၂/အေ)၊ ၃၆ လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၆၂၄၉

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်လမ်း၊ မြေကွက်အမှတ် ၂၁၂ ပေါ်တွင်တည်ရှိသော ရွှေဂုံတိုင်တာဝါ၊ တိုက်အမှတ်(A)၊ မြေညီထပ်၊ အခန်းအမှတ် ၁၀၄ ဟုခေါ်တွင်သည့် အကျယ်အဝန်း ၁၃၁၇စတုရန်းပေခန့်ရှိ လူနေတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး မိမိသာလျှင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံအဆိုပြုလာသူ ဦးသိန်းအောင် ၁၂/ကတတ(နိုင်)၀၁၁၄၀၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တရားဝင်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲသော်
LL.B, D.B.L, DL-WIPO (Geniva)
အထက်တန်းရှေ့နေ (စဉ်-၂၄၀၃၈)
အမှတ် ၂၇/အေ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၇၃၄၂၉၊ ၀၉-၃၁၅၇၅၃၂၄

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၄၅၄၊ မြေကွက်တည်နေရာအမှတ် ၄၅၄၊ ခိုင်ရွှေဝါလမ်း၊ ၄၁ ရပ်ကွက်၊ ဒဂုံမြောက် ဦးစိုးသိန်း CF-၀၃၂၉၂၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိုးသိန်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၅၅၉၅/၁၃(၂၈-၈-၁၃)ဖြင့် ဦးကျော်နိုင်စိုး ၉/မထလ(နိုင်)၂၆၉၇၅၄မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း ၄င်းပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ၂၀၀၅ခုနှစ် အရောင်းအဝယ်မြေပုံမူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် GP ရသူ ဦးကျော်နိုင်စိုး ၉/မထလ(နိုင်)၂၆၉၇၅၄မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာဖြင့် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်တော် ဦးမြင့်စိုး ၁၂/စခန(ပြု) ၀၀၀၀၁၆ အမှတ် ၃၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ် နေသူ၏ အမည်မှာ ဦးမြင့်စိုး (ခ) Lai Chin Song တစ်ဦးတည်းဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရက်ပေါင်း ၇၃ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာအစည်းအဝေး၌ ဒုတိယဝန်ကြီးများနှင့်အဆင့်မြင့်အရာရှိကြီးများ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။

အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့ အစည်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇

အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးများ၏ ဥက္ကဋ္ဌတာဝန်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အမည် အက္ခရာစဉ်လိုက် နှစ်နှစ်လျှင် တစ်ကြိမ် အလှည့်ကျထမ်းဆောင်လျက်ရှိသည်။ မလေးရှားနိုင်ငံက ဥက္ကဋ္ဌတာဝန်ကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၅ ရက်က မြန်မာနိုင်ငံသို့ လွှဲအပ်ခဲ့ပြီးနောက် မြန်မာနိုင်ငံအနေဖြင့် ဥက္ကဋ္ဌတာဝန်ကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များအတွက် ထမ်းဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်း ဆိုင်ရာကိစ္စရပ်များကို အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဦးစီးပြီး (၁၇)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့ အစည်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို စက်တင်ဘာ ၂၆ နှင့် ၂၇ ရက်တို့တွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးကို "ပြည်သူ့ဆန္ဒနှင့် လူမှုဘဝသာယာဝပြောပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ရေးဆီသို့" ဟူသည့် ရည်မှန်းချက်ဖြင့်ကျင်းပခဲ့ပြီး အစည်းအဝေးသို့ အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အသီးသီးမှ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိအရာထမ်းများ တက်ရောက်ကြသည်။ အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြား၍သဘာပတိအဖြစ် ဆောင်ရွက်ကာ အစည်းအဝေးများကို ကျင်းပခဲ့သည်။ အစည်းအဝေးတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံး ကိုယ်စားလှယ်က (၁၇)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုအစည်းအဝေး ကျင်းပပြုလုပ်ပြီးစီးသည့်ကာလနောက်ပိုင်း ၂၀၁၃ ခုနှစ်အတွင်း ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးများ၊ အာဆီယံလူမှုရေးယဉ်ကျေးမှုအသိုက်အဝန်းကောင်စီနှင့် ၄င်းကောင်စီဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများက အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းအစီအစဉ် (၂၀၀၈-၂၀၁၅) တိုးတက်မှုအခြေအနေများ၊ အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံ၏ လုပ်ငန်းအစီအစဉ် (၂၀၁၂-၂၀၁၅)အရ သက်ဆိုင်ရာနိုင်ငံအလိုက် ရွေ့ပြေးစီမံကိန်းကိုးခုအပေါ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးကြသည်။

ထို့အပြင် အာဆီယံနိုင်ငံများရှိ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ၌ ဖွဲ့စည်း တည်ထောင်ထားရှိသော အာဆီယံလူ့စွမ်းအား ဗဟိုဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက် တိုးတက်မှု အခြေအနေများကို နိုင်ငံအလိုက် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်သူသို့ ပိုမိုထိရောက်ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရန် ဦးတည်ချက်ဖြင့် အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံ အလိုက် ဆွေးနွေးကြသည်။ အာဆီယံလူမှုရေး၊ ယဉ်ကျေးမှုအသိုက်အဝန်း၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း အခြေပြမြေပုံများနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုအခြေအနေများ၊ အာဆီယံလူမှုရေး ယဉ်ကျေးမှုအသိုက်အဝန်းအတွင်း နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုစံနှုန်း သတ်မှတ်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ၂၀၁၄ ခုနှစ်တွင် ကျင်းပမည့် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေး၊ ဒုတိယအကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးများကျင်းပမည့် အစီအစဉ်၊ ၂၀၁၄ ခုနှစ်တွင် (၁၈)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးများ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ဖိလစ်ပိုင်သမ္မတနိုင်ငံကိုယ်စားလှယ်၏ ကြိုတင်ပြင်ဆင်ထားရှိမှုတင်ပြချက်များ အပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် SEA Games ပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြိတ်မြို့မှ နေပြည်တော်အထိ တစ်ကိုယ်တော်ခရီးရှည်ခရီးစဉ် ဒုတိယအကြိမ်လမ်းလျှောက်

မြိတ် စက်တင်ဘာ ၂၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက်နေသူ အသက် ၄၅ နှစ် အရွယ်ရှိ ဦးအောင်သူသည် (၂၇) ကြိမ်မြောက် SEA Games ပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြိတ်မြို့မှ နေပြည်တော်အထိ ဇူလိုင် ၁ ရက်မှ ၂၉ ရက်အထိ တစ်ကိုယ်တော်ခရီးရှည်လမ်းလျှောက်ခဲ့ပြီး ယခုအခါ ကော့သောင်းမြို့မှ မန္တလေးမြို့အထိလည်းကောင်း၊ မန္တလေးမြို့မှ နေပြည်တော်အထိ လည်းကောင်း ဒုတိယအကြိမ် တစ်ကိုယ်တော်ခရီးရှည် ခရီးစဉ်ကို အောက်တိုဘာ ၁ ရက်တွင် ကော့သောင်းမြို့မှ စတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်အတွက် စတင်ထွက်ခွာရန် ကော့သောင်းမြို့သို့ စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက Air KBZ လေကြောင်းလိုင်းဖြင့် မြိတ်မြို့မှ ကော့သောင်းမြို့သို့ စတင်ထွက်ခွာသွားပြီး ဦးအောင်သူ **(ယာပုံ)** ၏ ဒုတိယအကြိမ် တစ်ကိုယ်တော်ခရီးရှည် ခရီးစဉ်သည် ၅၅ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

နိုင်ငံတကာအားကစားသတင်း

ဥရောပထိပ်တန်းလိဂ်များ ကစားမည့်ပွဲစဉ်များ

သီဟ

ပရီမီယာလိဂ် ပွဲစဉ်(၆)

စပါး	- ချယ်လ်ဆီး	ည ၆:၁၅	(ယခင်နှစ် ၂-၄)
ဖူလ်ဟမ်	- **ကာဒစ်**	ည ၈:၃၀	(-)
အက်စတွန်ဗီလာ	- **မန်စီးတီး**	ည ၈:၃၀	(ယခင်နှစ် ၀-၁)
ဟားလ်စီးတီး	- ဝက်စ်ဟမ်း	ည ၈:၃၀	(-)
မန်ယူ	- ဝက်စ်ဘရွန်း	ည ၈:၃၀	(ယခင်နှစ် ၂-၀)
ဆောက်သမ်တန်	- ခရစ္စတယ်ပဲလေ့စ်	ည ၈:၃၀	(-)
ဆွမ်ဆီး	- **အာဆင်နယ်**	ည ၁၁:၀၀	(ယခင်နှစ် ၀-၂)

အီတလီစီးရီးအေ ပွဲစဉ်(၆)

ဂျီနိုအာ	- **နာပိုလီ**	ည ၁၀:၃၀	(ယခင်နှစ် ၂-၄)
အေစီမီလန်	- ဆမ်ဒိုးရီးယား	နံနက် ၁:၁၅	(ယခင်နှစ် ၀-၁)

စပိန်လာလီဂါ ပွဲစဉ်(၇)

ဗလင်စီယာ	- ဗယ်လက်ကာနို	ည ၈:၃၀	(ယခင်နှစ် ၀-၁)
အဲလ်မာရီးယား	- **ဘာစီလိုနာ**	ည ၁၀:၃၀	(-)
ဆိုစီဒက်	- **ဆီဗီလာ**	နံနက် ၀၀:၃၀	(ယခင်နှစ် ၂-၁)
ရီးရဲလ်မက်ဒရစ်	- အက်သလက်တီကို	နံနက် ၂:၃၀	(ယခင်နှစ် ၂-၀)

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၇)

ဒေါ့မွန်	- ဖရိုင်းဘတ်	ည ၈:၀၀	(ယခင်နှစ် ၅-၁)
ဘိုင်ယန်မြူးနစ်	- ဝုဖ်ဘတ်	ည ၈:၀၀	(ယခင်နှစ် ၆-၁)
လေဗာကူဆင်	- ဟန်နိုဗာ	ည ၈:၀၀	(ယခင်နှစ် ၃-၁)
ဟော့ဖန်ဟိမ်း	- ရှော်ကေး	ည ၈:၀၀	(ယခင်နှစ် ၃-၂)
ဟာသာဘာလင်	- **မိန့်ဇ်**	ည ၈:၀၀	(-)
ဖရန့်ဖတ်	- ဟမ်းဘတ်	ည ၁၁:၀၀	(ယခင်နှစ် ၃-၂)

စက်တင်ဘာ ၂၆ / ၂၇ ဘောလုံးပွဲ ရလဒ်များ

အင်တာမီလန်	၂-၁	ဖီအိုရင်တီးနား
ဘီလ်ဘာအို	၂-၁	ဘက်တစ်
ဗီလာရီးရဲလ်	၂-၁	အက်စ်ပန်ညို
ဂီတာဖေး	၂-၀	ဆဲလ်တာဗီဂို
မောင့်ပယ်လီယာ	၀-၀	ရန်းနက်စ်

အနိုင်ရလဒ် ထိုက်တန်မယ့် ပီအက်စ်ဂျီ

မိုးမြင့်လင်းလက်

ပရိသတ်တွေအတွက် ပြင်သစ်လီဂူးပွဲစဉ်တွေကလည်း စက်တင်ဘာ ၂၈ ရက်နဲ့ ၂၉ ရက်တွေမှာ စောင့်ကြိုလို့နေပြန်ပါတယ်။ ရသစုံပေးဦးမယ့် ပီအက်စ်ဂျီနဲ့ တူးလောက်ပွဲက ပရိသတ်တွေရဲ့ရင်ခုန်သံကို ဖြန့်ဝေမှာဖြစ်ပြီး နာမည်ကြီး ပီအက်စ်ဂျီရဲ့ အိမ်ကွင်းခြေစွမ်းကို အကဲခတ်ခွင့်ရဦးမှာဖြစ်ပါတယ်။

ပီအက်စ်ဂျီနှင့် တူးလောက်

အစဉ်အလာအရတော့ တူးလောက်ကို အဝေးကွင်းပဲဖြစ်ဖြစ်၊ အိမ်ကွင်းကွင်းပဲဖြစ်ဖြစ် ငယ်နိုင်ပါပဲ။ ပီအက်စ်ဂျီဟာတူးလောက်နဲ့ဆုံတိုင်း ဂိုးပြတ်သွင်းနိုင်ခဲ့တာမို့ အခုပွဲမှာလည်း အစဉ်အလာကို သွေဖည်မှာတော့ မဟုတ်ပါဘူး။ ဒီနှစ်ဘောလုံးရာသီမှာ ရည်မှန်းချက် မြင့်မြင့်ထားနေတဲ့ ပီအက်စ်ဂျီဟာ ဒီပွဲကို ပထမဦးစားပေးကစားသမားတွေ အစုံအလင်နဲ့ ပွဲထွက်လာပါလိမ့်မယ်။ တူးလောက်တို့ကတော့ အစဉ်အလာ ရလဒ်တွေချေဖျက်ဖို့ လူစုံထုတ်ပြီး ပီအက်စ်ဂျီကို ရင်ဆိုင်ပါလိမ့်မယ်။ တူးလောက်ဟာ တစ်ခါတစ်ရံ ထိန်းချုပ်ရခက်ခဲတဲ့အသင်းဖြစ်တာမို့ ပီအက်စ်ဂျီတို့ အလေးထားမကစားရင် ပင့်သက်ဖြာသွားနိုင်ပါတယ်။ ဒါပေမယ့် ဒီပွဲရဲ့အနိုင်ရလဒ်ဟာ အိမ်ရှင်နဲ့သာ ထိုက်တန်တယ်လို့ ယူဆပါတယ်။

ဆိုးချော့နှင့် ဗလန်စီနက်

ခြေရည်တူနှစ်သင်းမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ ဆိုးချော့ဟာ ဗလန်စီနက်နဲ့ဆုံတိုင်း ခြေကုန်ထုတ်ရုန်းကန်ခဲ့ရပြီး ရလဒ်လည်း ကောင်းမွန်မှုမရှိပါဘူး။ ဒါပေမယ့် ဆိုးချော့ကစားသမားတွေဟာ စိတ်ဓာတ်မာကျောသူတွေဖြစ်ပြီး အိမ်ကွင်းမှာ ပြိုင်ဘက်အသင်းတွေကို ကောင်းကောင်းဖိအားပေးနိုင်တဲ့ အစဉ်အလာရှိပါတယ်။ ဒါပေမယ့် တိုက်စစ်မှူးတွေရဲ့ အဆုံးသတ်ပိုင်းက အားရစရာမရှိတာမို့ ဆိုးချော့ဟာဒီပွဲမှာ အမြင့်ဆုံး မှန်းနိုင်တာက တစ်မှတ်ပါပဲ။

စိန့်အီတိန်းနှင့် ဘက်စ်တီယာ

စိန့်အီတိန်းတို့ကတော့ ဘက်စ်တီယာနဲ့ဆုံတိုင်း ဂိုးပြတ်တွေချည်းသွင်းယူအောင်ပွဲခံနိုင်တာပါ။ ဒီနှစ်ဘောလုံးရာသီမှာ ပုံမှန်ခြေစွမ်းရအောင် ကြိုးစားနေတဲ့ စိန့်အီတိန်းဟာ ဘက်စ်တီယာကို ဖိအားပေးကစားသွားဖို့ပဲ ပြင်ဆင်မှာ သေချာပါတယ်။ ဘက်စ်တီယာတို့ကတော့ စိန့်အီတိန်း တိုက်စစ်မှူးတွေကို ဘယ်လိုထိန်းချုပ်ဟန့်တားမလဲဆိုတဲ့ နည်းလမ်းကိုပဲ စဉ်းစားရွေးချယ်ပြင်ဆင်ထားဖို့ပဲရှိပါတယ်။

လိုရီယန့်နှင့် မာဆေး

မာဆေးတို့အဝေးကွင်း ရေကုန်ရေခန်းနွှဲရဦးမှာဖြစ်ပါတယ်။ မာဆေးဟာ ပွဲရလဒ်ကောင်းအောင် ကြိုးစားနေပြီး အခုပွဲမှာ အဝေးကွင်းဆိုပေမယ့် အားထည့်ပါလိမ့်မယ်။ လိုရီယန့်ဟာ အိမ်ကွင်းမှာခြေစွာတာမို့ ဒီပွဲမှာ မာဆေးရဲ့ ရုန်းကန်အားနဲ့ ရလဒ်ကောင်းအောင် ကြိုးစားပါလိမ့်မယ်။ ။

မန်ယူဖလားရနိုင်ခြေမရှိဟု ပီတာရှမိုက်ကယ်ပြော

မန်ယူဂိုးသမားဟောင်းပီတာရှမိုက်ကယ်က ၄င်း၏ကလပ်ဟောင်း မန်ယူ ဖလားရနိုင်သည့် အခွင့်အလမ်းအပေါ်မယုံကြည်မိကြောင်း ပြောကြားလိုက်သည်။ မန်ယူက လိဂ်ဖလားပြိုင်ပွဲတွင် ပြိုင်ဘက်လီဗာပူးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သော်လည်း ဖလားရနိုင်သည့် အခွင့်အလမ်းအပေါ် မယုံကြည်ကြောင်း ရှမိုက်ကယ်ကပြောသည်။

ကျွန်တော့်အနေနဲ့ မန်ယူဖလားရလိမ့်မည်ဟု မယုံကြည်ကြောင်း ပြောကြားလိုက်သည်။ ဒိန်းမတ်ဂိုးသမားဟောင်း ပီတာရှမိုက်ကယ်သည် မန်ယူနှင့်အတူ ဖာဂူဆန်လက်ထက်တွင် ရှစ်နှစ်ကြာ အောင်မြင်စွာ ကစားခဲ့သူဖြစ်သည်။

ချယ်လ်ဆီးကွင်းလယ်လူ ဂျင်ကဲလ် ခြောက်လနား

ချယ်လ်ဆီးကွင်းလယ်ကစားသမားမာကိုဗင်ဂျင်ကဲလ်သည် ဒူးခေါင်းခွဲစိတ်ခံရပြီးနောက် ခြောက်လကြာ အနားယူရတော့မည်ဖြစ်သည်။ နွေရာသီက ပေါင် ၈ ဒသမ ၄ သန်းဖြင့် ဝယ်ယူခဲ့သော ဂျင်ကဲလ်သည် ဒူးခေါင်းအရွတ်ပြတ်သွားပြီဖြစ်သည့်အတွက် ခွဲစိတ်ကုသမှုခံယူနေပြီဖြစ်သည်။ အသက် ၂၀ ရှိ နယ်သာလန်လက်ရွေးစင် ဂျင်ကဲလ်သည် လိဂ်ဖလား တတိယအကျော့ကစားစဉ် ဒဏ်ရာပြင်းထန်စွာရရှိသွားခြင်းဖြစ်သည်။

၄င်း၏ ခွဲစိတ်ကုသမှုသည် အောင်မြင်သည်ဟု ချယ်လ်ဆီးက ပြောသည်။ ၄င်းသည် နယ်သာလန် ယူ ၂၁ အတွက် အဓိက အားထားရသူလည်းဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်



ပျောက်ဆုံးကြောင်း

ဒေါ်တင်မျိုးကျော် ၉/မနမ(နိုင်) ၁၁၈၃၁၅ ၏ ကားပါမစ် စာရွက်စာတမ်းမှုရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၁၀၇၇၀၊၀၉-၇၃၀၇၉၃၂၉

လူပျောက်



ပလက်ဝမြို့နယ်၊ စိမ့်ညင်းဝကျေးရွာနေ ဦးထွန်းစိန်မောင်၏သား၊ ရှင်ရာဇိန္ဒ အသက် (၁၆)နှစ်သည် ၆-၈-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် သန္တာရုံကျောင်း၊ ထ/၁၆ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆရာတော် ဖုန်း-၀၉-၇၃၁၂၈၆၇၀ သို့ အကြောင်းကြားပေးပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃ ၊ မြေကွက်အမှတ် ၁/က-၁၅၊ မြေကွက်တည်နေရာအမှတ် ၁၀၊ ဇီဇဝါလမ်း၊ ၃ ရပ်ကွက်၊ ဦးကိုကိုလေးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကိုကိုလေးနှင့်ဇနီး ဒေါ်တင်တင်မေ ကွယ်လွန်သဖြင့် ဒေါ်မူမူဝင်း ၁၂/ကမရ(နိုင်)၀၄၃၀၅၈၊ ဦးဇော်ထွန်း ၉/မမန(နိုင်)၀၃၀၀၅၃၊ ဦးမျိုးထွန်း ၁၂/ဒဂန(နိုင်)၀၁၈၂၉၀၊ ဦးထွန်းအောင် ၁၂/ရကန(နိုင်)၀၃၀၆၃၄၊ဦးတင်မောင်ထွေး ၁၂/ဒဂန(နိုင်)၀၂၂၈၂၂၊ ဒေါက်တာအေးအေးထွန်း ၁၂/ရကန(နိုင်)၀၂၉၇၅၇၊ ဒေါ်တင်တင်ထွန်း၁၂/ဒဂန(နိုင်) ၀၁၈၅၄၃၊ ဦးတင်မောင်ထွန်း ၁၂/မရက (နိုင်) ၁၀၅၈၃၉၊ ဦးတင်အောင်ထွန်း၁၂/ဒဂန(နိုင်) ၀၂၂၈၂၃ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်သူဝင်းနိုင် ၁၂/ရကန(နိုင်)၀၆၁၅၃၆၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၆၈၇၈၃**

တစ်ဦးတည်းဖြစ်ကြောင်း

အထက မိုင်းလုံမြို့နယ်ခွဲ တက္ကသိုလ်ဝင်တန်းမှ နန်းခမ်းလီ၏ဖခင် ဦးစိုင်းသိန်းအောင်နှင့် နန့်ခွန်(ရှမ်း)ကျေးရွာနေ ဦးအောင်သိန်း ၁၃/ကမန(နိုင်)၀၃၈၈၈၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်တို့၏သမီး မအေးအေးကျော် ၁၂/ ကမတ(နိုင်)၀၇၃၇၃၅သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး မိမိ၏သဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေအပ်ပါသည်။

ဦးကျော်မြင့်၊ဒေါ်နီနီမြင့်(ခ)ဒေါ်နီနီဝင်း

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊(၁)ရပ်ကွက်၊ ရတနာလမ်း၊ တိုက်အမှတ် ၅၃၊ အခန်း ဘီ-၃တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပူးတွဲဆက်စပ်လျက်ရှိသော ရေစက်၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်နိုင် ၁၀/မလမ(နိုင်)၁၁၉၀၂၃ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေကစရန်ငွေတစ်ချို့တစ်ဝက်ကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်နွယ်နီအောင်
(LL.B,LL.M,D.I.R) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၈)
အမှတ် ၂၇/၂၉၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၅ ရပ်ကွက်၊ အောင်မင်္ဂလာ ၆ လမ်း၊ အမှတ် ၁၂၄ ဟုခေါ်တွင်သော (အလျား×အနံ) ပေ (၂၅×၆၀) အကျယ်အဝန်းရှိသော မြေကွက်နှင့် ပျဉ်ထောင်အိမ်၊ မီတာအပါအဝင် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (မြေချစလစ်) ပိုင်ဆိုင်သူထံမှ အဆင့်ဆင့်လွှဲပြောင်းစာချုပ်ဖြင့် လက်ဝယ်ထား ပိုင်ဆိုင်သူ ဦးအောင်ရွှေ TPN-၀၂၀၂၇၄ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူ၍ စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)အပြည့်အစုံဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ဖြူဇော် (LL.B)	**ဦးမင်းအောင် B.A (Geog:)**
အထက်တန်းရှေ့နေ	**Certificate in Business Law**
(စဉ်-၂၇၁၆၈)	**အိမ်ခြံမြေအကျိုးဆောင်**
အမှတ်(၇၁)၊ အောင်မင်္ဂလာ ၄ လမ်း၊	**မြန်မာနိုင်ငံအိမ်ခြံမြေအဖွဲ့ဝင်**
(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။	**အမှတ်-၀၄၂၉၊ အမှတ် ၄၅၊ ၅၅/ဒီ၊**
ဖုန်း-၀၉-၄၂၀၀၁၈၅၂၄	**လေဆိပ်လမ်းသွယ်(၁)၊ ၁၀ မိုင်၊**
	ပြည်လမ်း၊ ရန်ကုန်မြို့၊
	ဖုန်း-၀၉-၄၂၁၀၁၄၃၆၃၊၀၁-၆၅၅၈၉၈၊ ၆၅၅၈၀၉

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီး ဒေါ်ခင်အေးမြင့် ၇/တငန(နိုင်) ၀၉၂၂၀၈ နှင့် ကျွန်တော် ဦးအောင်မြင့်လှိုင် ၇/တငန(နိုင်)၀၉၂၂၂၁တို့သည် စိတ်သဘောထားခြင်း မတိုက်ဆိုင်ပါသဖြင့် ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား ယနေ့မှစ၍ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်မြင့်လှိုင်
၇/တငန(နိုင်)၀၉၂၂၂၁

မွေးနေ့မင်္ဂလာဆုတောင်း

၂၈-၉-၂၀၁၃ရက်တွင် ကျရောက်သောချစ်သားလေး မောင်နိုင်ဝေယံ [1st year Y.U.F.L (German)]၏ (၁၇)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံလျက် အများအကျိုးသယ်ပိုးနိုင်သည့် သားကောင်းရတနာ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ပါပါ - ဦးတင်နိုင်စိုး
မေမေ - ဒေါ်အေးအေးသင်း

ကျန်းမာရေးအတွက် ဟင်းလျာတစ်ခွက် ကန်စွန်းရွက်

အဖိုးနည်း၊ ကျန်းမာ၊ ဆေးဖက်ဝင်တဲ့ စားစရာတစ်မျိုးနဲ့ မိတ်ဆက်ပေးပါရစေ။ သူ့ရဲ့ အရသာကချိုပါတယ်။ သည်းခြေနဲ့ ဆိုင်တဲ့ ဝေဒနာတွေကို ပျောက်ကင်းစေနိုင်သလို အလွန်အဖိုးတန်တဲ့ အာဟာရဓာတ်တွေလည်းများစွာပါဝင်ပါတယ်။ သူကတော့ နွေရာသီရဲ့ ဓာတ်စာဖြစ်တဲ့ ကန်စွန်းရွက်ပါပဲ။ ကန်စွန်းရွက်အမျိုးပေါင်းများစွာရှိတဲ့ အထဲကမှ လူအများနှစ်သက်စွာစားသုံးကြတာကတော့ ကန်စွန်းကြီး၊ ကန်စွန်းရိုးနီနဲ့ တရုတ်ကန်စွန်းတို့ပါပဲ။

ကန်စွန်းရွက်မှာ ဗီတာမင်အေ၊ ဗီတာမင်စီ၊ ဖောလစ်အက်စစ်၊ ဆာလဖာ၊ သွပ်(ဇင့်)၊ ကာရိုတင်း၊ ပိုတက်စီယမ်၊ဖော့စ်ပရပ်စ်၊ အိုင်အိုဒင်း၊ သံဓာတ်၊ အမိုင်နိုအက်စစ်နဲ့ အမျှင်ဓာတ်တို့ပါဝင်ပါတယ်။ အင်တီအောက်ဆီးဒင့်ခေါ်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်မှုမြင့်မားခြင်းက နှလုံးရောဂါဖြစ်ပွားမှုကို လျှော့ချပေးပြီး ကင်ဆာမဖြစ်အောင် ကာကွယ်ပေးနိုင်မှာပါ။ကယ်လိုရီပါဝင်မှုနည်းပါးတဲ့အတွက် ကိုယ်အလေးချိန်လျှော့ကျလိုသူများ စားသုံးသင့်တဲ့ အစားအစာတစ်ခုပဲဖြစ်ပါတယ်။

ကန်စွန်းရွက်မှာပါဝင်တဲ့ ပရိုတင်းဓာတ်ဟာ ခရမ်းချဉ်သီးထက် လေးဆပိုမိုပါတယ်။ ကယ်လ်စီယမ်ပါဝင်မှုကတော့ ၁၂ ဆပိုများပါတယ်။ ကန်စွန်းရွက်ဟာသွေးဖိအားကိုထိန်းပေးပြီးသွေးကြောထဲရှိအဆီများကို ကင်းဝေးစေပါတယ်။ အစာအိမ်အူလမ်းကြောင်း လှုပ်ရှားမှုကို ကောင်းမွန်စေပြီး ဝမ်းမှန်စေပါတယ်။ဝမ်းချုပ်တာ၊ လိပ်ခေါင်းဖြစ်တာတွေကိုလည်း သက်သာစေပါတယ်။ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူတို့က ကန်စွန်းရွက်ကို ဝမ်းနုတ်ဆေးနဲ့ သန်ချဆေးဖော်စပ်ရာမှာ ထည့်သွင်းအသုံးပြုကြပါတယ်။ ယင်းဟာ ရောင်ရမ်းမှုဝေဒနာကို သက်သာစေနိုင်တဲ့အပြင် အအေးမိ၊ ချောင်းဆိုး၊ ပန်းနာရင်ကျပ်ရောဂါများကိုလည်း တွန်းလှန်တိုက်ဖျက်ပေးနိုင်ပါတယ်။

သင်ဟာ အိပ်ပျော်ဖို့ ခက်ခဲတဲ့သူဆိုရင်တော့ ကန်စွန်းရွက်ကို မကြာခဏစားသုံးပေးပါ။ ယင်းဟာ အိပ်မောကျအောင်လှုံ့ဆော်ပေးနိုင်စွမ်းရှိတဲ့အတွက်ကြောင့် အိပ်ရေးဝဝအိပ်ပျော်စေပါတယ်။ အိပ်စက်မှုအရည်အသွေးပြည့်ဝစေတာကြောင့် လန်းဆန်းစွာနိုးထလာပါလိမ့်မယ်။ ထို့အပြင် ပူခြင်း၊ အေးခြင်းနဲ့ မောပန်းမှုဒဏ်တွေကို ခံနိုင်ရည်ရှိစေပြီး အစားအသောက်ပျက်ခြင်းမှလည်းကင်းဝေးစေပါတယ်။ ရာသီလာစဉ်ဖြစ်ပွားတတ်တဲ့နာကျင်ကိုက်ခဲမှုများမှလည်း သက်သာအောင်စွမ်းဆောင်ပေးနိုင်ပါတယ်။

ကန်စွန်းရွက်စားသုံးခြင်းဟာ ခွန်အားကိုတိုးပွားစေတဲ့အတွက် ပြင်ပမှရောဂါတစ်စုံတစ်ရာကူးစက်ဝင်ရောက်မလာအောင်ဟန့်တားပေးနိုင်တဲ့အပြင် သံဓာတ်ကြွယ်ဝတဲ့အတွက်ကြောင့် အပျိုဖော်ဝင်စအမျိုးသမီးလေးများ စားသုံးသင့်တယ်လို့ ဆိုပါတယ်။ ကန်စွန်းရွက်မှာ ဆီးသွားစေတဲ့အာနိသင်ရှိပါတယ်။ အစားမှားတာကြောင့်ဖြစ်တဲ့ အော့အန်တဲ့ဝေဒနာကို သက်သာစေပြီး အဆိပ်တားအာနိသင်ရှိခြင်းကြောင့် အဆိပ်ဖြေဆေးအဖြစ် လူသိများပါတယ်။

ကန်စွန်းရွက်ဟာ လူအများမကြာခဏကြုံတွေ့ရတတ်တဲ့ ကျန်းမာရေးပြဿနာအချို့ကိုပြေလည်အောင် ဖြေရှင်းပေးနိုင်ပါတယ်။ အနီးအနားမှာ လွယ်လင့်တကူဝယ်ယူရရှိနိုင်တဲ့ အိမ်သုံးသဘာဝတိုင်းရင်းဆေးဆိုလည်း မမှားပါဘူး။

ရေနွေးပူလောင်ခြင်း၊ မီးပူလောင်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာတဲ့ အနာဖုလေးများကို ကန်စွန်းရွက်ကြိတ်ရည်နဲ့ သကြားရောပြီး လိမ်းပေးခြင်းဖြင့် သက်သာစေပါတယ်။ ဖြစ်ဖြစ်ချင်းလိမ်းပေးရင် အဖုမထဘူးလို့ ဆိုပါတယ်။

အစားမှားခြင်း၊ ဝမ်းဗိုက်မအီမသာဖြစ်ခြင်း၊ မစားချင်မသောက်ချင်ခံတွင်းပျက်ခြင်းနဲ့ကိုယ်လက်ယားယံခြင်းဖြစ်ပွားသူများအတွက် ကန်စွန်းရွက်နဲ့ ထန်းလျက်ကို ဆတူရောကြိတ်ပြီး ဟင်းစားဇွန်းတစ်ဝက်ခန့် သောက်သုံးပေးနိုင်ပါတယ်။

ကန်စွန်းရွက်ကြိတ်ရည်ထဲသို့ သိန္ဓောဆားအနည်းငယ်ရောစပ်ထားတဲ့ဆေးကို ဟင်းစားဇွန်းတစ်ဇွန်းစာ နံနက်၊ နေ့လယ်၊ ညတစ်ကြိမ်စီသောက်သုံးပေးရင် အကြောတက်ခြင်း၊ ဇက်တောင့်တင်းခြင်း၊ ကိုယ်လက်များလေးလံ၍ ဖျားချင်သလိုဖြစ်ခြင်း၊ ချွေးငုပ်ခြင်းတို့ကို ပျောက်ကင်းစေပါတယ်။

အဆိပ်အတောက်အမျိုးမျိုးတို့အတွက် ကန်စွန်းရွက်ကိုထုထောင်းပြီး ရလာတဲ့အရည်နဲ့ အဖတ်တို့ကိုတိုက်ကျွေး၍ အဆိပ်ဖြေပေးနိုင်ပါတယ်။

ကန်စွန်းရွက်ကြိတ်ရည်နဲ့ မိခင်နို့ရည်ကိုရောစပ်၍ မျက်စဉ်းဆေးရည်အဖြစ်လည်း အသုံးပြုနိုင်ပါတယ်။ ရိုးရိုးမျက်စိနာ၊ မီးယပ်မျက်စိနာ၊ မျက်ခမ်းစပ်နာနဲ့မျက်စိမှုန်ဝါးတဲ့ဝေဒနာတွေကို ပျောက်ကင်းသက်သာစေပါတယ်။ကန်စွန်းရွက်သုပ်မကြာခဏစားသုံးပေးပါ။ယင်းဟာ မီးယပ်သွေးမမှန်ရောဂါ၊ မီးယပ်သွေးပုပ်ကျန်ရောဂါနဲ့ သားအိမ်လျှောကျခြင်းတို့ကို ကုသပေးနိုင်ပါတယ်။ အသံဝင်၊ အသံပျက်၊ ဆီးအိမ်နဲ့ ပတ်သက်တဲ့ ရောဂါတွေအပြင် သွေးဝမ်းကိုက်ခြင်းဝေဒနာတွေကိုလည်း သက်သာပျောက်ကင်းစေနိုင်တယ်လို့ မြန်မာ့ဆေးကျမ်းတွေမှာ ရေးသားထားတာတွေ့ရပါတယ်။

ကန်စွန်းရွက်ကို ကြော်ခြင်း၊ ချက်ခြင်း၊ ပြုတ်တို့ခြင်း၊ သုပ်စားခြင်းအမျိုးမျိုးလုပ်ပြီး စားသုံးနိုင်ပါတယ်။ နေ့တိုင်းမဟုတ်တောင် တစ်ပတ်နှစ်ခါလောက်တော့ စားသုံးပေးသင့်တယ်လို့ဆိုပါတယ်။ သိပ္ပံနည်းကျ ကျန်းမာချင်တယ်ဆိုရင်တော့ ရေစင်စင်ဆေးဖို့လိုပါလိမ့်မယ်။ အာဟာရဖြစ်လွယ်တဲ့ ကန်စွန်းရွက်ဟာ ဆီးချိုရောဂါသည်များနှင့် သွေးတိုးရောဂါဝေဒနာရှင်များအတွက် စိတ်ကြိုက်စားသုံးနိုင်တဲ့ အစားအစာဖြစ်တဲ့အပြင် ကိုယ်ဝန်ဆောင်များအတွက် သဘာဝဝမ်းပျော့ဆေးဆိုရင်လည်း မမှားပါကြောင်း ဖတ်မိသမျှဆောင်းပါးများမှ ထုတ်နုတ်၍ ဗဟုသုတအလို့ငှာ တင်ပြလိုက်ရပါတယ်။

ဇင်ဇင်မင်းလွင်

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extin guisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန်မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးနေအိမ် (၄၃×၃၇×၁၂)ပေ သွပ်မိုး၊ အုတ်ညှပ်၊ တစ်ထပ်အဆောက်အအုံတည်ဆောက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၃-၉-၂၀၁၃ ရက်
(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၃၀-၉-၂၀၁၃ ရက်မှ ၃၀-၁၀-၂၀၁၃ ရက် (၁၆း၃၀)နာရီအထိ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန်တုံမြို့

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၆၇၁၂၀၉၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မန်တုံမြို့

အိတ်ဖွင့်လေလံတင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနရှိ အသုံးပြုပြီးသော တာယာဟောင်း၊ ဘက်ထရီဟောင်း၊ ပီပါခွံဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်လေလံတင်ဒါ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် ဈေးနှုန်းတင်သွင်းလွှာပုံစံများကို ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင် ပါသည်။
၃။ သိလိုသည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၃၁၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်

ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကြေညာချက်

ရန်ကုန်တက္ကသိုလ်၏ (၁၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအတွက်၂၅-၉-၂၀၁၃ရက်တွင် အောင်မြင်ခဲ့သည့် ပါရဂူဘွဲ့၊ မဟာသုတေသနဘွဲ့နှင့်မဟာဝိဇ္ဇာဘွဲ့သင်တန်းသူ၊ သင်တန်းသားများ၏ဘွဲ့ပုံစံများကို အောက်ပါအစီအစဉ်အတိုင်း ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်အခန်း AE-15တွင် အမြန်ဆုံးလျှောက်ထားနိုင်ကြပါသည်-

ဘွဲ့ကျင်းပရက်-

၂၃-၁၁-၂၀၁၃ရက် (စနေနေ့) နံနက်၉း၀၀နာရီ ပါရဂူဘွဲ့ - အင်္ဂလိပ်စာ၊မနုဿဗေဒ
မဟာဝိဇ္ဇာဘွဲ့ -မနုဿဗေဒ
၂၃-၁၁-၂၀၁၃ရက် (စနေနေ့)မွန်းလွဲ၂း၀၀နာရီ ပါရဂူဘွဲ့ - ကွန်ပျူတာသိပ္ပံပညာ
မဟာသုတေသနဘွဲ့ - သမိုင်း
ဒီပလိုမာဘွဲ့ - DOS

အစမ်းလေ့ကျင့်ရန် ၂၁-၁၁-၂၀၁၃ ရက် နံနက် ၉း၀၀ နာရီ

၂၅-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက်၉း၀၀နာရီ ပါရဂူဘွဲ့ - ရှေးဟောင်းသုတေသနပညာ
၂၅-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းလွဲ၂း၀၀နာရီ မဟာသုတေသနဘွဲ့ - ဘူမိဗေဒ

အစမ်းလေ့ကျင့်ရန် ၂၁-၁၁-၂၀၁၃ ရက် မွန်းလွဲ ၂း၀၀ နာရီ

ခင်သက်မြင့်
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန်တက္ကသိုလ်

ဖခင် အမည်မှန်

ဗန်းမော်မြို့ စင်ကင်ကျေးရွာ အထက(ခွဲ)ကျောင်းမှ မောင်ဖွဲချစ်၏ ဖခင်အမည်မှန်မှာ ဦးသန်းအေး ၁/ဗမန(နိုင်)၀၁၈၀၅၃ ဖြစ်ပါသည်။

ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ်၊အထက(ခွဲ)၊ ကွက်ငယ်၊ တက္ကသိုလ်ဝင်တန်းမှ မရွှေရည်ဝင်း၏ဖခင် အမည်မှန်မှာ ဦးဝင်းဆောင် ၉/မထလ(နိုင်) ၀၅၂၈၄၅ ဖြစ်ပါကြောင်း။

ဦးဝင်းဆောင်

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထက(၃) တက္ကသိုလ်ဝင်တန်း(J)မှ မသီသီသန်း၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းလွင် ၁၃/ကတန(နိုင်)၁၂၆၁၆၃ ဖြစ်ပါသည်။

ဦးတင်ထွန်းလွင် ၁၃/ကတန(နိုင်)၁၂၆၁၆၃

သတင်းဆောင်းပါးနှင့်နယ်သတင်း

စီမံခန့်ခွဲမှုစွမ်းရည်မြင့်မားရေး လုပ်ငန်းဆွေးနွေး

ပင်လောင်း စက်တင်ဘာ ၂၇

ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းရည်မြင့်မားရေးလုပ်ငန်းဆွေးနွေးပွဲကို စက်တင်ဘာ၂၄ရက် ပင်လောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မာက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်စစ်ဆေးရေးမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးထွန်းလင်းအောင်က ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းရည်မြင့်မားရေးလုပ်ငန်း ဆွေးနွေးပွဲပြုလုပ်ရသည့်ရည်ရွယ်ချက်ကို လည်းကောင်း၊ မြို့နယ်လက်ထောက်ပညာရေးမှူးဦးမောင်သောင်းက ပင်လောင်းမြို့နယ်တွင် ဆက်လက်ဖွင့်လှစ်မည့်သင်တန်းများ စီစဉ်ထားရှိကြောင်း ပြောကြားသည်။

ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းရည်မြင့်မားရေး လုပ်ငန်းဆွေးနွေးပွဲသို့ ကျောင်းအုပ်ဆရာ ဆရာမ ၆၀ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေး

မူဆယ် စက်တင်ဘာ ၂၇

ရှမ်းပြည်နယ် မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်းကို စက်တင်ဘာ ၂၄ရက်က နောင်စစ်အသင်းတော် ဘုရားကျောင်း၌ကျင်းပရာ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်က လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုလုပ်ငန်းဆောင်ရွက်ခြင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့်တောင်သူအခွင့်အရေးများ လိုက်နာရမည့်စည်းကမ်းများကို ပြောကြားပြီး လွယ်ကန် (ကွတ်ခိုင်) ကျေးရွာအုပ်စုမှ တောင်သူ ၇၀၏ ဦးပိုင်ပေါင်း ၇၉ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ ကွတ်ခိုင်မြို့နယ်အတွင်း တောင်သူပေါင်း ၇၇၂ ဦး၏ ဦးပိုင်၉၂၉ကို ထုတ်ပေးခဲ့ပြီးကျန်ရှိသောလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အယ်လ်စိုး(iprd)**

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

ပင်လောင်း စက်တင်ဘာ ၂၇

ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မင်းဘူးကျေးရွာအုပ်စု မင်းဘူးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက်က ကျင်းပသည်။

ဆွေးနွေးခဲ့

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးတိုးတက် မြင့်မားလာစေရန် ဌာနဆိုင်ရာများနှင့် ပြည်သူလူထုပူးပေါင်းတိုင်ပင် ဆောင်ရွက်ကြမှသာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယမြို့နယ်မှူးက ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းကျဆင်းရေးအကြောင်းကိုလည်းကောင်း၊မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊မြို့နယ်ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနတို့မှ ဌာနနှင့်သက်ဆိုင်သည့်ကဏ္ဍအသီးသီးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြော်ငြာစာ

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းအား အစိုးရအဖွဲ့ရုံးမှ ၂-၄-၂၀၁၃ ရက်တွင် စာရင်းရှင်းလင်းဖျက်သိမ်းခွင့်ပြုပြီးဖြစ်ရာ လုပ်ငန်းအားလုံးနှင့် ဝန်ထမ်းအချို့အား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနလက်အောက်သို့ သွတ်သွင်းထားရှိပြီး ဖြစ်ပါသည်။
၂။ သို့ဖြစ်ပါ၍ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းနှင့် စာချုပ်ချုပ်ဆိုလုပ်ငန်း လုပ်ကိုင်ခဲ့ကြသော ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအနေဖြင့် စာချုပ်သက်တမ်းအရ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် လိုအပ်ပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ ဆက်သွယ်လျက် ထပ်မံစာချုပ်ချုပ်ဆိုကြရမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ရုံးအမှတ်(၃၆)၊ နေပြည်တော်

စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်း စက်ရုံ(၄)ရုံ ငှားရမ်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံ(၄)ရုံတို့အား ငှားရမ်းရေးဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များသို့ ၃၁-၁၀-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်)
(ခ) အမှတ်(၄) အထည်စက်ရုံ (ပွင့်ဖြူ)
(ဂ) အမှတ်(၅) အထည်စက်ရုံ (ပခုက္ကူ)
(ဃ) အမှတ်(၆) အထည်စက်ရုံ (ဆားလင်းကြီး)

၂။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရမည့်လိပ်စာ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊
အပြည့်အစုံ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း - ၀၆၇-၄၀၈၁၅၆၊ ၄၀၈၃၃၈၊ ၄၀၈၁၈၅

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပညာရေးငွေပဒေသာပင်စိုက်ထူရေးအဖွဲ့မှ မူလတန်းကျောင်းသားများအား ထောက်ပံ့

တာချီလိတ် စက်တင်ဘာ ၂၇

တာချီလိတ်မြို့ ပညာဒီပထာဝရပညာရေး ငွေပဒေသာပင် စိုက်ထူရေးအဖွဲ့၏ နဝမအကြိမ်မြောက် စာအုပ်နှင့်စာရေးကိရိယာများ လှူဒါန်းပွဲကို စက်တင်ဘာ ၂၀ ရက်က တာချီလိတ်မြို့နယ် တာလေမြို့နယ်ခွဲ ပန်ချီဟက်ကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ အခြေခံပညာ ကျောင်းသားကျောင်းသူ ၁၃၄ ဦးတို့အား ဗလာစာအုပ် ၃၂၄ ဒါဇင်အပါအဝင် စာရေးကိရိယာများကို ကျောင်းသား ကျောင်းသူတစ်ဦးချင်းထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(အပေါ်ပုံ)**

မောင်ယဉ်ကျေး

ကမ္ဘာ့ရေးဦးပြုစုခြင်း အခမ်းအနားကျင်းပ

ဖန်းမော် စက်တင်ဘာ ၂၇

ကချင်ပြည်နယ် ဖန်းမော်ခရိုင် ရွှေကူမြို့နယ် ကျန်းမာရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၁၅ ရက် နံနက်က ကမ္ဘာ့ရေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးညီညီက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီတပ်ရင်းမှူး ရဲမှူးအေးမောင်နှင့် ကြက်ခြေနီအသင်းဥက္ကဋ္ဌဒေါက်တာသူရဇော်တို့ကကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ဆက်လက်၍ ထူးချွန်ကြက်ခြေနီမကေဇင်၊ ကြက်ခြေနီအသင်း ဒုတိယတပ်ရင်းမှူး ဦးမြင့်ဦး၊ ကြက်ခြေနီအသင်း လက်ထောက်အရာရှိဦးဝင်းချိုနှင့် စစ်ပြေးဒုက္ခသည်များကူညီစောင့်ရှောက်ရေးသင်တန်းသားသူရကျော်တို့ကကြက်ခြေနီအကြောင်းသိကောင်းစရာများ ပြောကြားခဲ့ကြသည်။ **လဘန်အောင်(ကချင်မြေ)**

ညောင်လေးပင် စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့်နို့တိုက်ကျွေးခြင်း အခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ အမကမူလွန်ကျောင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပဲခူးခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပဲခူးခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်သိန်းမြင့်က မိမိဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများနှင့် ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးအရာရှိဒေါက်တာဆန်းဝေဖြိုးက စီးပွားဖြစ်တိရစ္ဆာန်မွေးမြူရေးနှင့် ပတ်သက်

ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ် ညောင်လေးပင်မြို့၌ ကျင်းပ

ပြီးနည်းလမ်းများ၊ ကလေးသူငယ်များ နို့တိုက်ကျွေးခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပိန်းဇလုပ်မြို့ အမကမူလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်အောင်မြင့်က ယခုလို မိမိကျောင်းသို့လာရောက်၍ ဟောပြောခြင်း၊ နို့တိုက်ကျွေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက်ကျောင်းရှိကျောင်းသားကျောင်းသူ ၂၂၉ ဦးတို့ကို နို့များတိုက်ကျွေးကြကြောင်း သိရသည်။ **(အောက်ပုံ)**

နေလင်း(ညောင်လေးပင်)

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲ မြဝတီမြို့၌ကျင်းပ

မြဝတီ စက်တင်ဘာ ၂၇

ကရင်ပြည်နယ် မြဝတီမြို့ (၂၀)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး **(ယာပုံ)**မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကက အမှာစကားပြောကြားသည်။ ထို့နောက်ပြိုင်ပွဲ အစီအစဉ်များကျင်းပပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ မြဝတီခရိုင်မှ ကရင်ပြည်နယ်ကိုယ်စားပြုပြီး နိုင်ငံတော်အဆင့်ပြိုင်ပွဲတွင် ဝါသနာရှင် ခြောက်ဦး၊ အခြေခံပညာအဆင့် ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြောင်း သိရသည်။

ထိန်လင်း

ကလောဟိုတယ် / ခရီး ဧည့်လမ်းညွှန်အသင်းဖွဲ့စည်း

ကလော စက်တင်ဘာ ၂၇

ကလောမြို့နယ် ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ဧည့်လမ်းညွှန်များ အစည်းအဝေးကို စက်တင်ဘာ ၂၅ ရက်က ကျင်းပခဲ့ပြီး ကလောမြို့ဧည့်လမ်းညွှန်အသင်းကို ဥက္ကဋ္ဌ ဦးဒိုစိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းတီး၊ အတွင်းရေးမှူး ဦးရဲဖုန်းပိုင်၊ စည်းကမ်းထိန်းသိမ်းရေး ဦးဆန်းလင်း၊ ဘဏ္ဍာရေး ဒေါ်ယဉ်ယဉ်သက်၊ စာရင်းစစ် ဦးမင်းနိုင်ဦး၊ အဖွဲ့ဝင် ဒေါ်နော်ဒက်ဖနီထူးနှင့် ဒေါ်သင်းဂျူလိုင်ထွန်းတို့ကို ရွေးချယ်ဖွဲ့စည်းခဲ့ကြသည်။

ကလောမြို့သည် နိုင်ငံခြားသား ခရီးသွားအများဆုံးလာရောက်လည်ပတ်နေကြသဖြင့် လည်ပတ်သွားလာရာ၊ စားသောက်နေထိုင်ရာ၊ တည်းခိုရာ အဆင်ပြေချောမွေ့စိတ်ချမ်းသာ ကျေနပ်မှုအပြည့်အဝရစေရန်၊ ခရီးသွားလုပ်ငန်းစနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်၊ စည်းကမ်းပြည့်ဝပြီး ကျွမ်းကျင်သော အသိပညာရှင် အတတ်ပညာရှင်များ၏ ကူညီဆောင်ရွက်မှုဖြင့် နိုင်ငံ့ဂုဏ်တက်စေရန်၊ တိုင်းပြည် ဝင်ငွေခွန်များရရှိပြီး အားလုံးတန်းတူအကျိုးခံစားခွင့်ရကြစေရန် ရည်ရွယ်ညှိနှိုင်း၍ ကလောမြို့ဧည့်လမ်းညွှန်များအသင်းကို ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ကြောင်း အသင်းအတွင်းရေးမှူး ကိုရဲဖုန်းပိုင်က ပြောသည်။

ဇော်သိန်းရည်

ပုလဲ စက်တင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှု၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ စက်ယန္တရားကူညီမှုဖြင့် မွေ့တုံ-ညောင်ကုန်းကျေးရွာချင်းဆက် ဂျင်းလမ်း အရှည်နှစ်မိုင်၊ အကျယ် ၁၂ ပေကို ကျေးရွာနေပြည်သူများ၏ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၈၀ ကျော် အကုန်အကျခံကာ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

မွေ့တုံ-ညောင်ကုန်းကျေးရွာချင်းဆက် ဂျင်းလမ်းဖောက်လုပ်ပြီးစီး

မွေ့တုံ-ညောင်ကုန်း ကျေးရွာချင်းဆက် ဂျင်းလမ်း ဖောက်လုပ်ရေးကော်မတီဝင် ဦးတင်မောင်မြင့်က "ကျွန်တော်တို့ ကျေးရွာက ပုလဲမြို့နယ်အဆုံး မြိုင်မြို့နယ်စပ်မှာ တည်ရှိတဲ့ ကျေးရွာဖြစ်ပါတယ်၊ သူများကျေးရွာတွေ လမ်းတွေကောင်းမွန်အောင် ဆောင်ရွက်နေကြတာတွေမြင်ရတော့ ကျွန်တော့်ရွာလည်း လမ်းကောင်းမွန်အောင် ဆောင်ရွက်ကြမယ်ဆိုပြီး ငွေစုကြတာငွေကျပ်သိန်း ၂၀ ကျော် ရရှိပါတယ်၊ ငွေစုပြီးတာနဲ့ မြို့နယ်ကို စက်ယန္တရား ကူညီပေးဖို့တင်ပြရာ တည်ဆောက်ရေး(၄)က စက်ကို ရရှိခဲ့ပါတယ်၊ ဒီနယ်မြေက ရွှံ့နွံနုန်းမြေဆိုတော့ မိုးတွင်းဆိုရင်ကား၊ ဆိုင်ကယ် သွားလာလို့ မရတော့ဘူး၊ ဒါကြောင့် ရာသီမရွေးသွားလာနိုင်ဖို့ ကိုယ့်အားကိုယ်ကိုး ဂျင်းလမ်းဖြစ်အောင် ရွာသူရွာသားတွေကို စည်းရုံးရှင်းပြပြီးတော့ ဆောင်ရွက်ခဲ့တာ အခုဆိုရင် ပြီးစီးခဲ့ပါပြီ။ ရွာသူရွာသားတွေရဲ့ ထည့်ဝင်လှူဒါန်းမှု၊ အလှူရှင်တွေရဲ့ပါဝင်လှူဒါန်းမှုများဖြင့် ငွေကျပ်သိန်း ၈၀ ကျော် အကုန်အကျခံပြီးတော့ ဂျင်းလမ်းခင်းနိုင်ခဲ့တာဖြစ်ပါတယ်၊ ဂျင်းလမ်းဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြတဲ့ မြို့နယ်မှ ဌာနတာဝန်ရှိသူများနှင့် အလှူရှင်များကို ကျေးရွာသူ ကျေးရွာသားများရဲ့ကိုယ်စား ကျေးဇူးတင်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

အလားတူ အဆိုပါ မွေ့တုံ-ညောင်ကုန်းကျေးရွာချင်းဆက် ဂျင်းလမ်း ဖောက်လုပ်ပြီးစီးခဲ့သည့်အတွက် မိုးရာသီတွင် ဆိုင်ကယ်၊ မော်တော်ယာဉ်နှင့်ထော်လာဂျီတွန်းရသည့် ဒုက္ခ၊ ကုန်ပစ္စည်းများအချိန်မီ မြို့ပေါ်တွင် ရောင်းချနိုင်မည်လားစသည့် ဒုက္ခပေါင်းမှ လွတ်ကင်းပြီး ဘိုးဘွားတို့၏ ဆုပေးသံများနှင့်အညီ သွားလမ်းသာလို့ လာလမ်းဖြောင့်ဖြူးနိုင်ပြီ ဖြစ်သောကြောင့် မိမိတို့၏လယ်ယာထွက်သီးနှံများကို ရာသီမရွေးသွားရောက်ရောင်းချနိုင်တော့မည်ဖြစ်၍ ဝမ်းသာပီတိဖြစ်မိပါကြောင်း တောင်သူဦးကြီးများ၏ စကားသံများကိုလည်း ကြားသိခဲ့ရသည်။

မြင့်သိန်းစိုး(ပုံတောင်မြေ)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) (၁) **Lightning Protection System (Earthing & ESES)**	**(9) Lots**
- မှိုင့် ၃၀၆၉-မှိုင့် ၇၅၀-ဟုမ္မလင်း-မှိုင့် ၇၁၅-မှိုင့် ၈၄၅-ခန္တီး မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း	
- မှိုင့် ၆၂၀၀-တုံတာ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း	
(၂) **Lightning Protection System (ESES)**	**(24) Lots**
- နဘား-ဖန်းမော် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း	
- မော်လမြိုင်-ထားဝယ် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း	
- မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း	
- ပဲခူး-မုပ္ပလင်-သထုံ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း	
- မကွေး-မင်းဘူး-စစ်တွေ-မောင်တော မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း	
(၃) **Avait GbE IP မိုက္ကရိုဝေ့ဗ်စက်အရန်ပစ္စည်း**	**(3) Items**
- IF Interface Unit (RAC 6X)	6 Nos
- GE/FE Interface Unit(DAC GE)	6 Nos
- Standard INU (with 400 Mbs License Card)	2 Nos
(ခ) **စက်ပစ္စည်း**	(6) Items
(၁) 12 Cores Fiber Optics Joint Closure (Single) 7 Ø ~18Ø(mm) (Horizontal)	200 Nos
(၂) FC/PC-FC/PC (Single mode) 10 Meter (0.3 dB) (45 dB)	50 Nos
(၃) FC/PC-LC/PC (Single mode) 10 Meter (0.3 dB) (45 dB)	50 Nos
(၄) FC/PC-LC/PC (Single mode) 20 Meter(0.3 dB) (45 dB)	50 Nos
(၅) 16E1, PDH Fiber Optics Multiplexer (2 Cores) (16x2.048 Mbps) (HDB 3) (120 ohm) up to 60 km	4 Nos
(၆) 8E1, PDH Fiber Optics Multiplexer(2 Cores) (8x2.048 Mbps) (HDB 3) (120 ohm) up to 60 km	4 Nos
(ဂ) **Gbe IP Microwave Equipment**	**(7) Hops**
မကွေး-မင်းဘူး-စစ်တွေ-မောင်တောဆက်ကြောင်း	
(ဃ) **ငွေစာရင်းပုံစံ**	**(12)Items**
(TRA-93, TRA -9, ACE-104(A), ACE-104(B), ACE-40, etc...)	
(င) **သံတံဆိပ်ဆံ**	**(4) Items**
(၁) ၂၀၁၄-နှစ်တိုတံဆိပ်ဆံ (အင်္ဂလိပ်)	3705 Nos
(၂) ၂၀၁၄-နှစ်ရှည်တံဆိပ်ဆံ (အင်္ဂလိပ်)	1799 Nos\
(၃) ၂၀၁၄-နှစ်တိုတံဆိပ်ဆံ (မြန်မာ)	4134 Nos
(၄) ၂၀၁၄-နှစ်ရှည်တံဆိပ်ဆံ (မြန်မာ)	1873 Nos
(စ) **မော်တော်ယာဉ်**	**6 Items**
(၁) Bucket Crane (1-Ton) (Gasoline/ Diesel) (2012-Model) (Brand New)	4 Units
(၂) Double Cab (Toyota) (Diesel) (3000 cc) (2003-Model)	2 Units
(၃) 1-Ton Light Truck (Toyota) (Diesel) (3000cc-4000cc) (2003 & Above Model)	2 Units
(၄) 2-Ton Light Truck (Dyna/Canter) (Diesel) (4000cc) (2004 & Above Model)	2 Units
(၅) Crane (10-Ton) (Diesel) (2002-Model) (Japan/Korea)	1 Unit
(၆) 1-Ton Light Truck (KIA) (Bongo 111) (Diesel) (2500 cc) (2008& Above Model)	2 Units

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/ နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၁-၁၀-၂၀၁၃ရက် ၁၃:၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့်အချိန်ထက် ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

အမည်ပြောင်း

ဦးတိုးနိုင်-ဒေါ်ကေခိုင်ဝင့်တို့၏သမီး အလက(၁) ပုသိမ်၊ တတိယတန်း(က)မှ မဖူးဖူးမေအား မအိမ့်ကြည်ဖြူမေ ဟု ခေါ်ပါရန်။

မိခင်အမည်မှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ပျဉ်ထောင်ကျောင်း ပဉ္စမတန်း(C)မှ မောင်ရဲလင်းထက်၏ မိခင်အမည်မှန်မှာ ဒေါ်အေးခိုင် ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ပျဉ်ထောင်ကျောင်း တတိယတန်း(B)မှ မောင်အောင်နိုင်ထွေး၏ မိခင်အမည်မှန်မှာ ဒေါ်ကြည်စန်း ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ပျဉ်ထောင်ကျောင်း ပဉ္စမတန်း(B)မှ မောင်သူရိန်ဝင်း၏မိခင်အမည်မှန်မှာ ဒေါ်စန်းမြင့် ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ပျဉ်ထောင်ကျောင်း ပဉ္စမတန်း(B)မှ မောင်မင်းထက်ပိုင်၏ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်း ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ပျဉ်ထောင်ကျောင်း ပဉ္စမတန်း(C)မှ မောင်ခွန်အောင်ကျော်မိုး၏ မိခင်အမည်မှန်မှာ ဒေါ်နန်းမ ဖြစ်ပါကြောင်း။

နယ်သတင်းနှင့်ကြော်ငြာ

မလေးရှားနိုင်ငံတွင် လုယက်မှုများနှင့် ခါးပိုက်နှိုက်မှုများ ပိုမိုကျူးလွန်လာ

ကွာလာလမ်ပူ စက်တင်ဘာ ၂၇

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်တွင် ယခုအခါ နိုင်ငံခြားသားများ ဝတ်ဆင်ထားသော ဘောင်းဘီနောက်ဘက်အိတ်ကပ်အတွင်းမှ ပိုက်ဆံအိတ်များကို မလေးရှားနိုင်ငံသားများသာမက မူးယစ်ဆေးဝါးသုံးစွဲနေကြသော အခြားနိုင်ငံခြားသားများကပါ လုယက်မှုများနှင့် ခါးပိုက်နှိုက်မှုများ ပိုမိုကျူးလွန်လာကြကြောင်းနှင့် မလေးရှားနိုင်ငံအတွင်း မြန်မာနိုင်ငံအတွင်းမှ မိမိတို့၏ မိသားစုဝင်များ ရှိနေပါက သတိထားရှိကြစေရန် အသိပေးလိုကြောင်း မလေးရှားရောက် မြန်မာနိုင်ငံသားများ၏ ဆက်သွယ်ပြောပြချက်အရ သိရသည်။

မလေးရှား နိုင်ငံသားများမှာ ဘောင်းဘီ နောက်ဘက်အိတ်ကပ်အတွင်း ပိုက်ဆံအိတ်များကိုထားရှိသည်မှာ ရှေးအစဉ်အလာကတည်းက ဖြစ်ကြောင်းသိရပြီး ယခုကဲ့သို့ လုယက်မှုများနှင့် ခါးပိုက်နှိုက်မှုများရှိလာခြင်းများကြောင့် ၄င်းတို့နိုင်ငံသားအချင်းချင်းပင် မယုံကြည်ရခြင်းများ ရှိလာကာ အိတ်ကပ်အရှေ့သို့ ပိုက်ဆံအိတ်များ ပြောင်းရွှေ့သိမ်းဆည်းလာကြကြောင်းလည်း သိရသည်။

အဆိုပါဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး "ဒီနေ့ကျွန်တော့်ရှေ့မှာပဲ ကောင်လေးတစ်ယောက်ကို ရှေ့က တစ်ယောက်က ဝင်တိုးလိုက်တယ်။ နောက်က တစ်ယောက်က ကောင်လေးရဲ့ ဘောင်းဘီနောက်ဘက်က ပိုက်ဆံအိတ်ကို ဆွဲထုတ်လိုက်တယ်။

"အဲ့ဒီကောင်လေးကလည်းဘာမှ မသိဘူး၊ဆက်သွားတယ်။ လုတဲ့သူတွေ နှစ်ယောက်ကလည်း ငယ်ငယ်လေးတွေပါပဲ။ ထွက်ပြေးသွားတယ်။ အချိန်က ခဏလေးပါပဲ။လူတွေလည်း တစ်ယောက်မှမရိပ်မိကြပါဘူး။ လုတဲ့သူတွေက အခုလို လူများများသွားလာနေတဲ့ လမ်းတွေအပြင် နေရာတိုင်းမှာ ရှိနေကြပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံသားများကို မလေးရှားနိုင်ငံမှာ ဘယ်နေရာပဲသွားသွား ပိုက်ဆံအိတ်တွေကို ဘောင်းဘီနောက်တွေမှာ ထည့်သွားတာမျိုးတွေ ဂရုစိုက်ဆင်ခြင်တာမျိုး လိုအပ်နေပါပြီ"ဟု မလေးရှားနိုင်ငံသို့ နှစ်အတော်ကြာသွားရောက်အလုပ်လုပ်ကိုင်နေသော ကိုနေဇော်လင်းက သုံးသပ်ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံတွင် ယခုအခါ ပြစ်မှုကျူးလွန်ကြသူများ များပြားလျက်ရှိနေရာ မူးယစ်ဆေးဝါးအမှုများ အပါအဝင် လုယက်မှုများနှင့်ခါးပိုက်နှိုက်မှုများမှာ ထိပ်ဆုံးကရှိနေကြောင်း သိရပြီး ယင်းကဲ့သို့သောလုယက်မှုများနှင့် ခါးပိုက်နှိုက်မှုများကို မလေးရှားနိုင်ငံ အစိုးရက ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိနေကြောင်းလည်း သိရသည်။

စိုးဝင်း(SP)

ဧရာဝတီမြစ်အတွင်းမှ တရားမဝင်သစ်ဖောင်တွဲများ ဖမ်းဆီးရမိ

စဥ့်ကူး စက်တင်ဘာ ၂၇

ဧရာဝတီမြစ်အတွင်း တရားမဝင်တွဲဖွဲ့လာသော တောင်ပံကားဖောင်တွဲနှစ်တွဲ အထက်ဘက်မှ စုန်ဆင်းလာကြောင်း သိရှိရ၍ စဥ့်ကူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲမြဝင်းခေါင်းဆောင်၍ ရွှေဘိုမြို့ ကျောက်မြောင်းမြို့နယ်ခွဲ ခင်ဦးမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ သပိတ်ကျင်းမြို့နယ်တို့မှ သစ်တောဝန်ထမ်းများနှင့် စဥ့်ကူးမြို့နယ် ရဲတပ်ဖွဲ့ဝင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧရာဝတီမြစ်အတွင်း နယ်မြေရှင်းလင်းခြင်းနှင့် ဖောင်တွဲများ စစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၃ ရက်က စဥ့်ကူးမြို့နယ် အထက်ရှိ အင်္ဂတီးကျေးရွာ၏မြောက်ဘက် ဧရာဝတီမြစ်အနောက်ဘက်ကမ်း လှေခွံ(သေး)တစ်စီးဖြင့် တွဲဖွဲ့ထားသော အင်၊ ကညင်၊ သစ်/တိုင်ခွဲသား စုစုပေါင်း ၂၃ ဒသမ ၉၆၇ တန်ကိုလည်းကောင်း၊ စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီက စဥ့်ကူးမြို့နယ်၏ အောက်ဘက် ဧရာဝတီမြစ်ဘေး ဆယ်ပင်ကျွန်းထိပ် လှေခွံ(ကြီး)ဖြင့် တွဲဖွဲ့ထားသည့် တောင်ပံကားတစ်စင်း **(အောက်ပုံ)**နှင့် ဧရာဝတီမြစ်ဘေး ခက်သက်ကျေးရွာဝင်ပေါက် မြစ်လက်တက်အတွင်း ဝါးများ၊ အင်တွဲပိုများဖြင့် တွဲဖွဲ့ထားသော ဖောင်တစ်ဗျစ်မှ ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်သစ်/ တိုင်/ ခွဲသားစုစုပေါင်း ၁၀၂ ဒသမ ၂၄၁၄ တန်တို့ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင်သစ်များဖမ်းဆီးရမိမှုမှာ သစ်၊တိုင်၊ခွဲသားစုစုပေါင်း ၁၂၆ ဒသမ ၂၀၈၄ တန်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



ဖြူးမြို့နယ် ရေသျှံလေးရွာ လျှပ်စစ်မီးလင်းပြီ

ဖြူး စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးလက်မီးလင်းရေးအကျိုးဆောင်အဖွဲ့မှ ဒေါက်တာဝင်းရွှေ ဦးကျော်ဇော၊ ဒေါက်တာဝေဝေနှင့် ဦးတင်မြင့်အောင်တို့ပါဝင်သော ကျေးလက်မီးလင်းရေးအကျိုးဆောင်အဖွဲ့သည် KN ကုမ္ပဏီနှင့်ဆက်သွယ်သဘောတူညီမှုရရှိသဖြင့် ဖြူးမြို့နယ် ရေသျှံကြီးကျေးရွာအုပ်စု ရေသျှံလေးရွာ ရပ်မိရပ်ဖများနှင့် ညှိနှိုင်းတိုင်ပင်၍ ကိုယ့်အားကိုယ်ကိုး အင်ဂျင်မီးစက်ဖြင့် မီးလင်းရေး KN ကုမ္ပဏီမှ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းတာဝန်ခံဦးစိန်တင်နှင့်ကျွမ်းကျင်အဖွဲ့တို့က ကျေးလက်မီးလင်းရေး ရေသျှံလေးရွာအတွင်း လျှပ်စစ်ဓာတ်တိုင်များ စိုက်ထူခြင်း၊ လျှပ်စစ်မီးကြိုးများသွယ်တန်းခြင်းများကို ကျေးရွာပြည်သူများ၏ အကူအညီဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၂ ရက်၌ လုပ်ငန်းများပြီးစီးအောင်မြင်သဖြင့် စက်တင်ဘာ၂၄ရက် မွန်းတည့်၁၂နာရီက ရပ်မိရပ်ဖ ဦးငြိမ်းမောင်၏နေအိမ်ရှေ့ရွာလမ်းမကြီးဘေးတွင် ရေသျှံလေးရွာတစ်ရွာလုံး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲကို KN ကုမ္ပဏီ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း တာဝန်ခံ ဦးစိန်တင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဖြူးမြင့်ဦး

သက်နဲ့ဝတ်ပြီး လိမ်လည်အလှူခံသူနှစ်ဦးအား ဖမ်းဆီးအရေးယူ

တောင်ငူ စက်တင်ဘာ ၂၇

တောင်ငူမြို့၌ လိမ်လည်အလှူခံနေသူနှစ်ဦးအား မြို့နယ်သံဃနာယကဥက္ကဋ္ဌထံ ပို့အပ်အရေးယူခဲ့မှု စက်တင်ဘာ ၂၃ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ စက်တင်ဘာ ၂၃ ရက် ညနေ ၆ နာရီက တောင်ငူမြို့ (၁၈) ရပ်ကွက်ရှိ တောင်ငူအထွေထွေရောဂါကုဆေးရုံကြီး လူနာဆောင်များတွင် သင်္ကန်းဝတ်ဖြင့် ဦးပဉ္ဇင်းနှစ်ပါး အလှူခံနေကြကြောင်း သတင်းအရ တောင်ငူမြို့နယ် သံဃနာယကဥက္ကဋ္ဌ နဂါးရုံးကျောင်းတိုက်ဆရာတော် ဦးပဏ္ဍဝထံ ပို့အပ်ခဲ့ကြသည်။

မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ကြီးက စစ်ဆေးမေးမြန်းရာ ရှင်သောမန၊ သာသနာဝင်မှတ်တမ်းမရှိသူ လူအမည် သန်းဝင်း (၁၈နှစ်) မော်လမြိုင်မြို့၊ ရှင်ဥတ္တရ လူအမည် အောင်ဇေယျာဖြိုး (၁၈နှစ်) ရန်ကုန်တိုင်းဒေသကြီး နေသူတို့ဖြစ်ကြပြီး လွန်ခဲ့သည့် သုံးနှစ်ခန့်မှစ၍ မိမိဘာသာ သင်္ကန်းဝတ်ကာ မီးရထားပေါ်၊ မြို့ပေါ်များတွင် လှည့်လည်၍ အလှူခံစားသောက်နေထိုင်ခဲ့ကြကြောင်း သိရှိရသဖြင့် ဆရာတော်ကြီးက ၄င်းတို့နှစ်ဦးအား သင်္ကန်းဝတ်လဲစေကာ ဥပဒေအရအရေးယူရန် တောင်ငူမြို့မရဲစခန်းသို့ လွှဲအပ်ပေးခဲ့သည်။

တောင်ငူ မြို့မရဲစခန်းက သင်္ကန်းဝတ်ဖြင့် အလှူခံရရှိထားသော ငွေကျပ် ၁၆၆၁၀နှင့် သင်္ကန်းများကို သိမ်းဆည်း၍ သန်းဝင်းနှင့်အောင်ဇေယျာဖြိုးတို့နှစ်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၁၁၅)

အရက်ကြောင့်စိတ်ဖောက် သမီးဖြစ်သူကိုဓားဖြင့်ထိုး

ကသာ စက်တင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် အင်းရွာလေးရွာတွင် အမျိုးသားတစ်ဦးအရက်ကြောင့် စိတ်ဖောက်ပြန်ပြီး ၎င်း၏မိသားစုအားရန်ရှာရာ သမီးဖြစ်သူသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာမြို့နယ် အင်းရွာလေးရွာနေ မအေးသန်းဆိုသူက ၎င်း၏အစ်မဖြစ်သူ မအေးကြည်အား ခင်ပွန်းဖြစ်သူမြင့်သန်းက အရက်ကြောင်ပြီး လင်မယားချင်းစကားများကာ ဓားနှင့်ထိုးသဖြင့် ဇနီးဖြစ်သူ မအေးကြည်တွင် ဝဲဘက်နံရိုးအောက်ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲဘက်လက်လေးချောင်းတွင် ပြတ်ရှဒဏ်ရာတစ်ချက်ရရှိသွားပြီး သမီးဖြစ်သူမလှိုင်လှိုင်ထွန်းကိုလည်းဓားဖြင့်ထိုးရာ ဝမ်းဗိုက်တွင်ဒဏ်ရာတစ်ချက်၊ ရင်ညွန့်တွင် နှစ်လက်မခန့် ဒဏ်ရာတစ်ချက်၊ ဝဲဘက်လက်ကောက်ဝတ်တွင်ဒဏ်ရာတစ်ချက်ရရှိကာသေဆုံးသွားခဲ့ကြောင်း၊ငါးနှစ်သမီးအရွယ်မနှင်းပွင့်ဖြူအား ဆက်လက်၍ ဓားဖြင့်ထိုးရာ ဝဲဘက်ဝမ်းဗိုက်တွင် ဒဏ်ရာတစ်ချက်၊ ဝဲဘက်လက်ညှိုးတွင် ဒဏ်ရာတစ်ချက်ရရှိသွားသဖြင့် ဓားဖြင့်ထိုးသူမြင့်သန်းကို ဥပဒေအရ အရေးယူပေးရန် တိုင်ကြားခဲ့သည်။

ဖမ်းဆီးအရေးယူ

သေဆုံးသူမှာ မလှိုင်လှိုင်ထွန်း နှစ်နှစ်ဖြစ်ကြောင်း သိရသည်။ မိသားစုအပေါ် အသက်ဆုံးရှုံးသွားသည်ထိ ကျူးလွန်သူမြင့်သန်း (၃၄ နှစ်)ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

ရွှေ့ပြောင်းသွားလာ
ဘေးကင်းကွာ သိမှတ်စရာ
ကြိုတင်လေ့လာပါ

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ စုစုပေါင်းသိုလှောင်ရုံ(၁၇)လုံးတို့အား မြေမပါဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

Lot(1) (က) **ရန်ကုန်တိုင်းဒေသကြီး**
(၁) (၈၀'×၄၀'×၁၂')(သွပ်၊ ဝါး၊ ဝါး)(ဒ-၈၀/၆၁)(ဒ-၈၀/၆၂)(ဒ၈၀/၆၃)မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်း
(၂) (၁၄၄'×၅၀'×၁၂')(သွပ်၊ ပျဉ်၊ ပျဉ်)(မြေ-၇)တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့မရပ်

(ခ) **ဧရာဝတီတိုင်းဒေသကြီး**
Lot(2) (၃) (၁၄၄'×၅၀'×၁၄')(သွပ်၊ သစ်၊ သစ်)(မြေ-၆)၇၄/ဒိုက်ပျက်၊ (မြေ-၅)၆၆/ခဲဘောင်၊ (မြေ-၈)အထောင်၊ ကျုံပျော်မြို့နယ်
Lot(3) (၄) (၇၂'×၅၁'×၁၄')(သွပ်၊ ပျဉ်၊ ပျဉ်)(အမှတ်-၁၆)(အမှတ်-၁၇)သံတင်းရပ်၊ (အမှတ်-၁၈)သပြု၊ ဓနုဖြူမြို့နယ်
(၅) (၁၄၄'×၅၁'×၁၃')(သွပ်၊ ပျဉ်၊ ပျဉ်)(အမှတ်-၉)(အမှတ်-၁၀)ရေတွင်းကုန်း ဓနုဖြူမြို့နယ်

Lot(4) (ဂ) **မန္တလေးတိုင်းဒေသကြီး**
(၆) (၁၀၀'×၂၅'×၁၀')(သွပ်၊ ပျဉ်၊ ပျဉ်) ယာယီ(ဂ-၃)အေလာဝင်း၊ လယ်ဝေးမြို့နယ်
(၇) (၉၆'×၂၄'×၁၃')(သွပ်၊ ပျဉ်၊ ကွန်)(မြေ-၆)မြစ်သားမြို့နယ်

Lot(5) (ဃ) **မကွေးတိုင်းဒေသကြီး**
(၈) (၁၄၄'×၅၀'×၁၄')(သွပ်၊ ပျဉ်၊ ပျဉ်) (မြေ-၅)ပြောင်းပြာ၊ မင်းတုန်းမြို့နယ်
(၉) (၇၀'×၄၀'×၁၄')(သွပ်၊ ပျဉ်၊ ပျဉ်)(မြေ-၉)သာစည်ကုန်း၊ ကံမမြို့နယ်
(၁၀) (၁၄၄'×၅၀'×၁၄')(သွပ်၊ ပျဉ်၊ ပျဉ်)(မြေ-၁၀)သာစည်ကုန်း၊ ကံမမြို့နယ်

(င) **တင်ဒါရောင်းချရမည့်ရက်/အချိန်**-၃၀-၉-၂၀၁၃ရက်မှ၉-၁၀-၂၀၁၃ရက်အထိ ၉း၃၀နာရီမှ၁၆း၃၀နာရီအထိ

(စ) **တင်ဒါစည်းကမ်းချက် ရှင်းလင်းမည့်ရက်/အချိန်**- ၁၀-၁၀-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀နာရီ

(ဆ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၁၀-၂၀၁၃ရက် ၁၃း၀၀နာရီ

(ဇ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန
- ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်မြို့
- ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့
- မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးမြို့
- မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မကွေးမြို့

(ဈ) **Deposit ပေးသွင်းရမည့်နေရာ** - Deposit ငွေ Lot(1)ကျပ်သိန်း(၂၀၀)၊Lot(2) ကျပ်သိန်း(၄၀၀)၊ Lot(3) ကျပ်သိန်း(၂၅၀)၊ Lot(4) ကျပ်(၁၅)သိန်း၊Lot(5) ကျပ်(၂၅) သိန်းတို့ကိုနေပြည်တော် မြန်မာ့စီးပွားရေးဘဏ်၊ ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ပုသိမ်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ မန္တလေးမြို့မြန်မာ့စီးပွားရေးဘဏ်၊ မကွေးမြို့ မြန်မာ့စီးပွားရေးဘဏ်တို့တွင်(P.O) cheque ဝယ်ယူပေးသွင်းရမည်။

(ည) **တင်ဒါတင်သွင်းရမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ရုံးအမှတ်(၅၂)၊ နေပြည်တော်

၂။ အဆိုပါသိုလှောင်ရုံ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့သွားရောက်ကြည့်ရှုနိုင်ပြီး၊ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၄၀၂၄၊ ၂၅၀၄၃၂၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၄၅၂၀၊ ၂၄၅၂၂၊ ၂၄၅၂၃၊ မန္တလေးမြို့ ဖုန်း-၀၂-၃၆၃၃၈၊ ၃၆၃၃၉၊ မကွေးမြို့ ဖုန်း-၀၆၃-၂၃၁၉၉၊ ၂၃၁၉၇တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမည်မှန်

အထက(ခွဲ) ကင်ပွန်းချောင်း(ကျိုက်ထို) နဝမတန်းမှဦးမင်းစိုး၏သမီး မငြိမ်းမြင့်မြဝင်း၏အမည်မှန်မှာ မငြိမ်းမြင့်မြတ်ဝင်း ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

ဟသ်ာတမြို့နယ်၊ နိဗ္ဗာန်တိုက်နယ်၊ ကျောင်းကွင်းကျေးရွာအုပ်စု၊ ကျောင်းကွင်းကျေးရွာမှ မမြတ်အိမွန်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၂-၁၉၉၁ ဖြစ်ပါသည်။

မမြတ်အိမွန် ၁၄/ဟသတ(နိုင်)၂၆၈၅၆၃

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
စက်မှုနှင့် သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်)၌ အဆောက်အအုံအတွင်း လိုင်းများသွယ်တန်းခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါအား မြန်မာကျပ်ငွေဖြင့် တင်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ဤကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာ အထက်တန်းကျောင်း(မြိတ်)တွင် လာရောက်ယူနိုင်ပြီး ၁၀-၁၀-၂၀၁၃ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်) ဖုန်း-၀၉-၈၇၆၂၂၃၀ နှင့် ၀၉-၄၅၀၉၉၂၉၀၉တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်)

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်တင်အောင်သိမ်း ၁၂/စခန(နိုင်)၀၅၀၃၀၆ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ ၁၅-၁၁-၂၀၁၂ရက်မှစ၍ မိမိသဘောဆန္ဒအတိုင်း နေအိမ်မှဆင်းသွားပြီး မိဘများအား ဆက်သွယ်ခြင်းမပြုလုပ်သည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

မိဘများ-ဦးတင်အောင်-ဒေါ်မြင့်သိန်း
အမှတ် ၄၁၊ အင်္ဂပူလမ်း၊ စမ်းချောင်း

မှုခင်းသတင်းနှင့်ကြော်ငြာ

အငှားယာဉ်မောင်းထံမှ ရွှေဆွဲကြိုးနှင့်ယာဉ် လုယက်ယူဆောင်သူများအား ဖမ်းဆီးရမိ

ရန်ကုန် စက်တင်ဘာ ၂၇

စက်တင်ဘာ ၂၄ ရက် ည ၉ နာရီခွဲက လှိုင်သာယာမြို့နယ်နေ အငှားယာဉ်မောင်း ကိုချစ်စံဝင်းသည် ၎င်းမောင်းနှင်သော CC/. . . ပရိုဘောက် အငှားယာဉ်ကို လှိုင်သာယာမြို့နယ် ဘီအိုစီအဝိုင်း၌ရပ်ထားစဉ် အမည်မသိ အမျိုးသားသုံးဦးက မီးခွက်ဈေးအောက်ထိပ်သို့ ငွေကျပ် ၁၅၀၀ ဖြင့် ငှားရမ်းသဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ပြီး မီးခွက်ဈေး အောက်ထိပ်သို့ရောက်ရှိစဉ် ၎င်းတို့က စက်မှုဇုန်(၄)ဘက်သို့ ထပ်မံမောင်းနှင်ခိုင်းသဖြင့် ဆက်လက် မောင်းနှင်လာခဲ့ရာ ဘုတ်ဆုံမှတ်တိုင် အနီးအရောက်တွင် အပေါ့သွားရန် ရပ်ခိုင်း၍ ရပ်ပေးခဲ့စဉ် အဆိုပါ သုံးဦးက အချွန်၊ ဓားမြှောင်များဖြင့် ထောက်ကာ ကိုချစ်စံဝင်း၏ လည်ပင်းတွင် ဆွဲထားသော အလေးချိန် သုံးမတ်သားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးကို တစ်ဦးကဖြတ်ယူခဲ့ပြီး ကျန်နှစ်ဦးက ကိုချစ်စံဝင်းကို ယာဉ်နောက်ခန်းတွင် ညှပ်၍ ထိုင်ခိုင်းထားကာ ဆွဲကြိုးဖြတ်ယူသူက ရန်ကုန်-ပုသိမ်လမ်းအတိုင်း ယာဉ်ကို မောင်းနှင်သွားခဲ့ကြောင်း သိရသည်။

ထိုသို့မောင်းနှင်သွားစဉ် ဘုရားလမ်းမှတ်တိုင်အနီး၌ စက်ဘီးနှင့်ဆိုက်ကားတို့အားလည်းကောင်း၊ ဘီအိုစီအဝိုင်းမှတ်တိုင်အနီး၌ ရပ်ထားသော ချယ်ရီဝက်ဂွန်ယာဉ်ကိုလည်းကောင်း တိုက်မိခဲ့ကာရန်ကုန်-ညောင်တုန်းလမ်းအတိုင်း ဆက်လက်မောင်းနှင်သွားခဲ့ရာ (၅)ထိပ်မှတ်တိုင် အနီးအရောက်တွင် ယာဉ်မှာ လမ်းဘေးမြောင်းထဲသို့ ကျသွားခဲ့သဖြင့် ပတ်ဝန်းကျင်ရှိ ပြည်သူများနှင့် လှည့်ကင်းရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဖမ်းဆီးခဲ့၍ အဆိုပါ သုံးဦးအနက် ဇော်မင်း (၇)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူကို ဖမ်းဆီးရမိခဲ့ပြီး ကျန်နှစ်ဦးမှာ ထွက်ပြေးသွားခဲ့ကြသည်။

ဖမ်းဆီးရမိသူ ဇော်မင်းအားစစ်ဆေးချက်အရ ကျန် နှစ်ဦးမှာ လှိုင်သာယာမြို့နယ် (၉)ရပ်ကွက်နေ

သန်းဇော်ဖြိုး နှင့် (၇)ရပ်ကွက်နေ ငြိမ်းသူတို့ဖြစ်ကြောင်း သိရှိရသဖြင့် လိုက်လံစုံစမ်းဖမ်းဆီးရာ စက်တင်ဘာ ၂၅ ရက် နံနက် ၂ နာရီက လှိုင်မြို့နယ် သီရိမင်္ဂလာဈေးသစ်၌ ဖမ်းဆီး ရမိခဲ့သည်။

ဆက်လက်အရေးယူ

အခင်းဖြစ်ပွားစဉ် ဇော်မင်းပါ သုံးဦးက ဓားများဖြင့် ထောက်ခဲ့၍ ကိုချစ်စံဝင်းတွင် လည်ပင်းယာဘက်၊ နောက်ကျောနှင့် ဝဲ/ယာဗိုက်တို့ ပွန်းခြစ်ဒဏ်ရာများ ရရှိခဲ့ပြီး အမှုမှ ဆွဲကြိုးနှင့်ယာဉ် လုယက်ယူဆောင်ခဲ့ကြသူ ဇော်မင်း၊ သန်းဇော်ဖြိုး၊ ငြိမ်းသူတို့ သုံးဦးကို **(အပေါ်ပုံ)**လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်ပြီး သက်သေခံပစ္စည်းများ သိမ်းဆည်းကာ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

စိတ်ကြွရူးသွပ်ဆေးပြား ကျပ် ၂၃ သိန်းဖိုး ဖမ်းဆီးရမိ

လားရှိုး စက်တင်ဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုး (မူးယစ်)၊ နောင်ချို(မူးယစ်)လှုပ်ရှားမှု ရဲအုပ်တင်ဌေး ဦးစီးအဖွဲ့သည် စက်တင်ဘာ ၂၄ ရက် ည ၁ နာရီက နောင်ချိုမြို့အဝင် မူဆယ်မှ မန္တလေးသို့ ယာဉ်မောင်းဦးမောင်လှ မောင်းနှင်လာသော မူဆယ်သူ ခရီးသည်တင်ယာဉ်အမှတ် ၄ဂ/. . . ကို သက်သေများနှင့်အတူ ရပ်တန့်ရှာဖွေရာ ထိုင်ခုံအမှတ် (၃၃)တွင် လိုက်ပါလာသူခရီးသည်တိန်ကွမ်ဆန်ဝတ်ဆင်ထားသည့် ခါးပတ်အတွင်း ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ပါ ငါးထုပ်နှင့် ၁၅၀ပါ တစ်ထုပ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀၊ အလေးချိန် ၁၀၃ ဒသမ ၅ ဂရမ် ကာလတန်ဖိုးငွေကျပ် ၂၃ သိန်းဖိုး တွေ့ရှိသဖြင့် စိတ်ကြွရူးသွပ်ဆေးပြားများလက်ဝယ်တွေ့ရှိသူ တိန်ကွမ်ဆန် (၃၈)နှစ် မိုင်းယုလေးကျေးရွာ ကွတ်ခိုင်မြို့နယ်နေသူကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဟန်ဌေးအောင်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ဆိုင်ကယ်ရောင်းချရာ မသင်္ကာသဖြင့် ခေါ်ယူစစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှု ပေါ်ပေါက်

ပဲခူး စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ရွှေမော်ဓောဘုရားတောင်ဘက်မုခ်တွင် စက်တင်ဘာ ၁၉ ရက် နံနက်က ဆိုင်ကယ်တစ်စီးနှင့် မသင်္ကာသူနှစ်ဦးအားခေါ်ယူစစ်ဆေးရာမှ ဆိုင်ကယ်ခိုးယူခဲ့ကြောင်း သိရသည်။

ပဲခူးမြို့ အမှတ် (၁) မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ရဲအုပ်ယဉ်မင်းထိုက်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ လှည့်ကင်းဆောင်ရွက်စဉ် နန်းတော်ရာရပ်ကွက် ရွှေမော်ဓောဘုရားတောင်ဘက်မုခ်တွင် မသင်္ကာဖွယ်လူငယ်နှစ်ဦးမှ ဆိုင်ကယ်တစ်စီးလိုက်လံရောင်းချနေကြောင်း သတင်းအရ မေးမြန်းစစ်ဆေးရာ ပြွန်တန်ဆာမြို့ မြို့မ (၂)ရပ်ကွက်နေ စောမင်းနောင် (၁၈)နှစ် နှင့်ထင်လင်းအောင် (၁၇ နှစ်) အနောက်စုရပ်ကွက် ပြွန်တန်ဆာမြို့နေသူတို့ဖြစ်ကြပြီး ၎င်းတို့ လိုက်လံရောင်းချနေသော ယိုးဒယားနိုင်ငံလုပ် Honda အမျိုးအစား 125 ဆိုင်ကယ်(နံပါတ်မပါ) နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်းအထောက်အထားတစ်စုံတစ်ရာပြနိုင်ခြင်းမရှိသဖြင့် ပဲခူးမြို့ အမှတ်(၁)ရဲစခန်းက အရေးယူခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်ခဲ့ရာ ညောင်လေးပင်မြို့မရဲစခန်းအပိုင်တစ်နေရာမှ ခိုးယူသော ဆိုင်ကယ်ဖြစ်ကြောင်း သိရှိရ၍ ညောင်လေးပင်ရဲစခန်းက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

ယုဇနဥယျာဉ်မြို့တော်တိုက်ခန်းတစ်ခန်း၌ သေဆုံးနေသောအလောင်းတွေ့ရှိ

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄)ရပ်ကွက် အေ (၁၂)လမ်း တိုက် ၁၆ တိုက်ခန်းတစ်ခန်း၌ တစ်ဦးတည်းနေထိုင်သူ ဦးစိုင်းသီဟကျော်ဖြိုး (၂၉ နှစ်) သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၅ ရက်က ယုဇနဥယျာဉ်မြို့တော်တွင် တစ်ဦးတည်းနေထိုင်သူ ဦးစိုင်းသီဟကျော်ဖြိုးသည် မြောက်ဒဂုံတွင်နေထိုင်သူ အစ်မဖြစ်သူက စိုင်းသီဟကျော်ဖြိုးထံ သတိရ၍ ယင်း နေ့နံနက် ၆ နာရီခန့်ကဖုန်းဖြင့်အကြိမ်ကြိမ်ဆက်၍ ဆက်သွယ်မရသဖြင့် ယုဇနဥယျာဉ်မြို့တော် (၉၄)ရပ်ကွက် ၎င်းနေထိုင်ရာ အိမ်တိုက်ခန်းသို့ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က ရောက်ရှိလာရာ အပြင်သံပန်းသံတံခါးသော့ခတ်ထားသည်ကိုတွေ့ရှိပြီး မိမိ၌ သော့အပိုပါလာ၍ အပြင်သံပန်းတံခါးကိုဖွင့်ပြီး သစ်သားတံခါးမအတွင်း၌ ချက်ထိုးထား၍ အသံပေးပြီး အကြိမ်ကြိမ်ခေါ်ကြည့်ရာ ပြန်မထူးသဖြင့် မသင်္ကာသဖြင့် လမ်းလူကြီးဦးဇော်လင်းထွန်းထံ အကြောင်းကြားခဲ့သည်။ လမ်းလူကြီး ဦးဇော်လင်းထွန်းရောက်ရှိလာပြီး သစ်သားတံခါးမကို တွန်းဟကြည့်ရာ အပုပ်နံ့ရရှိ၍ (၉၄)ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးအေးမြင့်နှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားရာ မြို့နယ်ရဲတပ်ဖွဲ့စခန်း ဒုရဲအုပ်ဝဏ္ဏမောင်မောင်နှင့်အဖွဲ့ဝင်များရောက်ရှိလာသည်။ သက်သေလူကြီးများနှင့်အတူ သစ်သားတံခါးမကိုဖွင့်ရာ အတွင်းမှ ပက်လက်အနေအထားဖြင့် ပုပ်ပွနေသော စိုင်းသီဟကျော်ဖြိုးအလောင်းကို တွေ့ရှိ၍ ဒုရဲအုပ်ဝဏ္ဏမောင်မောင်က သေမှုသေခင်းစစ်ဆေးမှတ်တမ်းယူကာ မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်ပြီး မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်၍ ဆက်လက်အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဇာ)**

လိုင်စင်မဲ့ဆိုင်ကယ်ယာဉ်များ ဖမ်းဆီးအရေးယူမည်

ကလေး စက်တင်ဘာ ၂၇

ကလေးမြို့အတွင်း နေ့စဉ်ဖြတ်သန်းသွားလာနေကြသော ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုရှိစေရေးအတွက် မြို့နယ်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့က ဇူလိုင်လမှစတင်ကာ နေ့စဉ်နှင့် အမျှကလေးမြို့ လမ်းဆုံအဝိုင်းပတ်နှင့်**(ယာပုံ)**ဗိုလ်ချုပ်လမ်းဘေးရှိခရိုင်ရဲစခန်းရုံးရှေ့တို့တွင် ယာဉ်စည်းကမ်းမလိုက်နာသူများကို စနစ်တကျဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း ကလေးမြို့အတွင်း နေ့စဉ်ဖြတ်သန်းသွားလာနေကြသော ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုတွင် တိုးတက်မှုမရှိသဖြင့် ယခုအချိန်တွင် လိုင်စင်မဲ့ ဆိုင်ကယ်ယာဉ်များကို အထူးစစ်ဆေး ကြပ်မတ်ဖမ်းဆီးမည်ဖြစ်ပြီး ဥပဒေအရ အမှုဖွင့် အရေးယူတော့မည်ဖြစ်ကြောင်း ပြည်သူများ သိရှိစေရန်ဗိုလ်ချုပ်လမ်းမတစ်လျှောက်တွင် အသံချဲ့စက်ဖြင့် ကြေညာပြီး ရပ်ကွက်တိုင်းတွင် အိမ်တိုင်ရာရောက် အသိပေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၂၈၊ မြေကွက်တည်နေရာအမှတ် ၂၈၊ ပိတောက်လမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးဝင်းအောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်းဦးဝင်းအောင်ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းအေး ၁၂/လသယ(နိုင်)၀၅၇၈၉၂၈ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၀၇၊ မြေကွက်အမှတ် ၁၁၅၀(ခ) အမည်ပေါက်ဦးမြင့်သန်း HGU-၁၂၂၄၆ထံမှ ဝယ်ယူထားသူ ဒေါ်သန်းသန်းအေး ၁၂/သကတ(နိုင်)၀၉၅၉၂၀က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဖိတ်ကြားလွှာ

တေဇ(၂၇) ကျောင်းဆင်းအရာရှိများ၏ (၁၃)နှစ်မြောက် နှစ်ပတ်လည်နှင့် ကျဆုံး၊ ကွယ်လွန်သွားသော သူငယ်ချင်းများအားရည်စူး၍ ဆွမ်းကပ်လှူဒါန်းခြင်း၊ ဆေးပဒေသာပင်နှင့် ဆွမ်းဆန်တော်လှူဒါန်းခြင်းများအခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းဆင်းသူငယ်ချင်းမိသားစုများအား အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ အလှူငွေများ ထည့်ဝင်လိုပါက အောက်ပါဖုန်းနံပါတ်များနှင့် ဆက်သွယ် ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ကျင်းပမည့်နေ့ရက် - ၆-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - ၉:၃၀ နာရီ
ကျင်းပမည့်နေရာ - နိုင်ငံတော်သံဃမဟာနာယကကျောင်းဆောင်၊ ကမ္ဘာအေးကုန်းမြေ၊ မရမ်းကုန်းမြို့နယ်။

ဆက်သွယ်ရန်
မင်းမင်းဦး - ဖုန်း-၀၉-၅၁၄၉၇၄၀
သော်ဇင်အောင် - ဖုန်း-၀၉-၄၃၀၅၄၈၄၈
ထွန်းထွန်းဦး - ဖုန်း-၀၉-၅၁၃၆၅၅၇
ကမ္ဘောဇဘဏ် Account No.0661220006706

မိုးကုတ်ဝိပဿနာတရားစခန်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊လိပ်ပြာကန်တိုက်အတွင်းရှိ မြတ်တံခွန်စာသင်တိုက်တွင် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၁ရက်မှ လဆန်း ၇ရက်) ၅-၁၀-၂၀၁၃ရက်မှ ၁၁-၁၀-၂၀၁၃ရက်အထိ ခုနစ်ရက်တရားစခန်းဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများသည် မြတ်တံခွန်စာသင်တိုက်သို့ စာရင်းပေးသွင်းနိုင်ကြပါသည်။ (နေ့ယောဂီလက်ခံပါသည်။)

မြတ်တံခွန်စာသင်တိုက်တွင် ခြောက်ထပ်သိမ်ကျောင်းနှင့် ဓမ္မာရုံတော်ကြီး ဆောက်လုပ်ပါမည်။ ၃၁၅၇၃ စတုရန်းပေရှိပါမည်။ တစ်စတုရန်းပေလျှင် ကျပ် ၂၅၀၀၀ နှုန်းဖြင့် အလှူရှင်များကဖွည်းတင်၍ လှူဒါန်းနိုင်ပါသည်။

မြတ်တံခွန်စာသင်တိုက်
ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

ရုပ်ရှင်ဗီဒီယိုလောကသားများ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နှစ်စဉ်ကျင်းပသည့် **မြန်မာ့ရုပ်ရှင်နေ့**နှင့် အကြိမ်(၅၀)မြောက် **ရုပ်ရှင်သက်ကြီးပူဇော်ပွဲ**အခမ်းအနားကို ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီ အမှတ် ၁၆၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမတွင်စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သဖြင့်ရုပ်ရှင်နှင့်ဗီဒီယိုလောကသားများစုံစုံညီညီတက်ရောက်နိုင်ကြရန် ဖိတ်ကြားပါသည်။ **ဓာတ်ကားရိုက်ကူးရေးများကို မွန်းတည့် ၁၂:၀၀နာရီမှ ရိုက်ကူးကြပါရန်** မေတ္တာရပ်ခံပါသည်။

အကြိမ်(၅၀)မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အလှူငွေများ၊ ဆေးပစ္စည်းများကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၉ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ လှူဒါန်းနိုင်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

သတိပေး နှိုးဆော်ချက်

[illegible]

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၇၂၅၄၉ ဟွန်ဒါဒရင်း(မ်) 125 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၃/ကဆက(နိုင်)၀၀၃၂၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

နယ်သတင်းနှင့်ကြော်ငြာ

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

ထားဝယ် စက်တင်ဘာ ၂၇

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးကော်မတီ၏ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး အနောက်မြို့တွင်းရပ် မြစိမ်းမင်္ဂလာခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးကော်မတီ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်က အမှာစကားပြောကြားပြီး ဝေါလ်ဗီရှင်း တနင်္သာရီတိုင်းဒေသကြီး (ဇုန်)မန်နေဂျာ ဒေါက်တာတင်ထွန်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နွယ်ထွန်းက TCRA Work Shop လုပ်ငန်းနှင့်ရည်ရွယ်ချက်ကိုလည်းကောင်း၊ ဝေါလ်ဗီရှင်း ထားဝယ်မန်နေဂျာ ဦးမင်းသူရိန်လွင်က ဝေါလ်ဗီရှင်းလုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး တာဝန်ခံ ဦးမောင်မောင်သိုက်က CRC&CP နှင့်ဆိုင်ရာ အသိပညာ၊ လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးသည်။ ဆက်လက်၍ TCRC ရှေ့လုပ်ငန်းစဉ်များအတွက် ဖွဲ့မှူးများက အဖွဲ့ခွဲဆွေးနွေးပြီး ဆွေးနွေးထားသောရှေ့လုပ်ငန်းစဉ်များကို အဖွဲ့အလိုက်တင်ပြခြင်းနှင့် စုပေါင်းဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် မြို့နယ်ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်က သုံးသပ်ချက်၊ အကြံပြုချက်များကို အတည်ပြုပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(ကျော်ကျော်လတ်)

လျှပ်စစ်မီးကြိုး ပါးစပ်ဖြင့်ကိုက်ဖြတ်မိ၍ ဓာတ်လိုက်သေဆုံး

တပ်ကုန်း စက်တင်ဘာ ၂၇

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက်တွင်းရှိ မြို့လယ်သာသနာ့ဝေပုလ္လစာသင်တိုက်၌ တော်သလင်းလပြည့်နေ့က ဆွမ်းဆန်တော်လောင်းလှူပွဲအတွက် လျှပ်စစ်မီးကြိုးသွယ်တန်းနေသူ မောင်ခိုင်(ခ)ချိုးပန်း (၃၉နှစ်) ဘုရင့်နောင်ရပ်ကွက်သည် လျှပ်စစ်စီးနေသော မီးကြိုးအားပါးစပ်ဖြင့်ကိုက်ဖြတ်လိုက်ရာဓာတ်လိုက်၍သေဆုံးသွားကြောင်း သိရသည်။ **(ဝ၂၁)**

ခိုးမှုမသင်္ကာဖြင့်စစ်ဆေးရာမှ စက်ဘီးခိုးမှုပေါ်ပေါက်

ရန်ကုန် စက်တင်ဘာ ၂၇

လှိုင်မြို့နယ် ပိတောက်ချောင်း နယ်မြေရဲစခန်းတွင် ခိုးမှုမသင်္ကာသဖြင့် ဖမ်းဆီးစစ်ဆေးလျက်ရှိသည့် အမျိုးသားတစ်ဦးထံမှ စက်ဘီးခိုးမှု ပေါ်ပေါက်သဖြင့်အရေးယူခဲ့ကြောင်းသိရသည်။ဖြစ်စဉ်မှာ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၊ အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် လှိုင်မြို့နယ် ပိတောက်ချောင်းနယ်မြေ ရဲစခန်းတွင် ခိုးမှုမသင်္ကာဖြင့် ဖမ်းဆီးစစ်ဆေးလျက်ရှိသည့် ဘိုဘို(ခ)ခန့်ဝင်းအောင် လှိုင်မြို့နယ်နေသူအား အသေးစိတ်စစ်ဆေးရာ ၎င်းသည် မတ်လအတွင်းက လှိုင်မြို့နယ်ဘုရင့်နောင်လမ်း ချောင်းဝကားမှတ်တိုင်အနီးရှိတိုက်ခန်းရှေ့တွင်သော့မခတ်ဘဲရပ်ထားသောSoftyစာတန်းပါ အဖြူရောင် မိန်းမစီး စက်ဘီးတစ်စီးကို ခိုးယူခဲ့မှု ပေါ်ပေါက်သဖြင့် ပိတောက်ချောင်းနယ်မြေ ရဲစခန်းမှလည်းကောင်း၊ဧပြီလအတွင်းက ကမာရွတ်မြို့နယ် လှည်းတန်းခုံးကျော်တံတား အနီးရှိနေအိမ်ရှေ့တွင် ရပ်ထားသော KIA 06530 စာတန်းပါ အပြာနုရောင်မိန်းမစီး စက်ဘီးတစ်စီးအားခိုးယူခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ကမာရွတ်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(စိုးဝင်း-SP)

မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကျင်းပရေးဆွေးနွေး

မြောင်းမြ စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီးမြောင်းမြခရိုင်အကြိမ်(၂၀)မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးခရိုင်အဆင့်လုပ်ငန်းညှိနှိုင်းစည်းဝေးပွဲကိုစက်တင်ဘာ ၂၁ရက် မွန်းလွဲပိုင်းက မြောင်းမြခရိုင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာခရိုင်အုပ်ချုပ်ရေးမှူးဦးထွန်းမင်းဇော်ကအမှာစကားပြောကြားသည်။

ထို့နောက် မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်၊ ဝါးခယ်မ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးသန်း၊ အိမ်မဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်းတို့က မြို့နယ်အလိုက် ပြိုင်ပွဲဝင်မည့်အခြေအနေများကိုတင်ပြဆွေးနွေးပြီး ကျင်းပရေးကော်မတီက ကဏ္ဍအလိုက် တင်ပြဆွေးနွေးကြသည်။

အကြိမ်(၂၀)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကို စက်တင်ဘာ၂၇၊ ၂၈ ရက်များတွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ မြောင်းမြမြို့နယ်မှ ပြိုင်ပွဲဝင် ၅၀ ဦး၊ ဝါးခယ်မမြို့နယ်မှ ပြိုင်ပွဲဝင် ၄၁ ဦး၊ အိမ်မဲမြို့နယ်မှ ပြိုင်ပွဲဝင် ၂၉ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုရရှိသူများက တိုင်းအဆင့် ပုသိမ်မြို့တွင် သွားရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကွင်းဆင်းဆောင်ရွက်

လက်ပံတန်း စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်လက်ပံတန်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ၊မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဖုန်းမြင့်နှင့်ဌာနဆိုင်ရာများ၊ ခမုံ/ဇီးဖြူကုန်း၊ သာရဝေါရဲစခန်းတို့မှစခန်းမှူးများနှင့် အတူစက်တင်ဘာ၂၁ရက်နံနက်ပိုင်းက ဧရာဝတီမြစ်ရေကြီးမှုမိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ရေဘေးအန္တရာယ် မဖြစ်ပွားစေရန်အတွက် ရဲတပ်ဖွဲ့ဝင်များ၊ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ကြက်ခြေနီ၊မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဒေသခံပြည်သူများနှင့်ဆည်မြောင်းဦးစီးဌာနတို့မှသဲအိတ်များဖြင့် ရေကာတာအား ကာရံခြင်း၊ တူးပေါက်များကို ပိတ်ဆို့ခြင်းပြုနေသည့် စိန်တုံးကျေးရွာ၊ အရိုးကုန်းကျေးရွာ ကွမ်းသီးကပင်ကျေးရွာများသို့သွားရောက်ကာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။

အဆိုပါရေဘေးကြိုတင်ကာကွယ်ရေးအတွက် ဟင်္သာတမြို့နေ ဦးမြင့်သိန်းဦး (သရဖူပွဲရုံလုပ်ငန်း)နှင့် အဖွဲ့မှ ပီနံအိတ်ခွံအလုံး ၃၀၀၀၊ သဲကျင်း၇၀ စုစုပေါင်း ကာလတန်ဖိုး ၁၀သိန်းကို ကူညီလှူဒါန်းကြကြောင်း သိရသည်။ **(ဝ၉၈)**

မာလဲ-နတ်တောင်ဆည်အတွင်း ငါးမျိုးစိုက်ထည့်

စဥ့်ကူး စက်တင်ဘာ ၂၇

ငါးသယံဇာတပေါကြွယ်ဝစေရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်လျက် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ စဥ့်ကူးမြို့နယ် မာလဲ-နတ်တောင်ဆည်အတွင်းငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၂ ရက် နံနက်၉နာရီကအဆိုပါဆည်အတွင်း၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်ရေးကော်မတီဝင်များ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ဝင်များ၊ ရေနံ့သာငါးလုပ်ငန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများတက်ရောက်အားပေးကြပြီးဆည်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ၃၀၀၀၀၊ ရွှေဝါငါးကြင်းသားပေါက်၃၀၀၀၀နှင့်တီလားပီးယားသားပေါက် ၃၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၉၀၀၀၀ ကို စုပေါင်းစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၄၃၃)

လုပ်ငန်းသုံးအင်္ဂလိပ်စာ
6th Oct
၂လ သင်တန်း Sunday (3:00 to 5:30 p.m)
■ Basic Four-Skill (Mon to Fri - 8:30 to 10:00 am)
■ IELTS Foundation (Sat+Sun - 8:30 to 10:30 am) (13th Oct)
■ IELTS Foundation (Sat+Sun - 5:30 to 7:30 pm) (5th Oct)
Saya Tun Sein EEE 214, ☎: 09-5185228

ကန့်ကွက်နိုင်ပါကြောင်း
LL.B, D.B.L, D.I.L
LL.B, D.I.L, C.B.L

ဒဏ္ဍာရီ
■ Discount (15000/-Ks)
■ 100%
Ph: 09-73048885

"ကန့်ကွက်နိုင်ပါကြောင်း"

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် (စက်မှုဇုန်-၂)၊ မြေကွက်အမှတ် ၄၆၊ ဧရိယာ ၆၀၀၆၀စတုရန်းပေ၊ ၁ ဒသမ ၃၇၈ဧကရှိ (အလျား ပေ၃၉၀×အနံ၁၅၄ပေ)ရှိ မြေကွက်နှင့် ၎င်းမြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးကို ဒေါ်ဝမ်ကျူကျင် ၉/မနမ(နိုင်)၀၃၀၇၄၂က ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံလျက်ရောင်းချရန်ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပါသဖြင့် အဆိုပါမြေကွက်၏ အရောင်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြအောင် (အောင်ကြီး)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၉၁၃)
အမှတ် ၁၆၃၊ ၃၈ လမ်း၊ လေးလွှာ၊
ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၅၁၅၁၂၄၆

၁၈-၉-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ ၌ အထက်တန်းရှေ့နေ ဒေါ်ကေသီကျော်နှင့် ဦးလင်းဘုန်းမြတ်တို့၏ကြေညာချက်အပေါ် ကန့်ကွက်ပါကြောင်း

အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငွေးကြွယ် ၁၂/ကမတ(နိုင်)၀၀၇၇၄၁၊ အမှတ် ၂၂၊ ရတနာပုံလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာပါသည်။

အထက်ဖော်ပြပါအထက်တန်းရှေ့နေများဖြစ်သော ဒေါ်ကေသီကျော်နှင့် ဦးလင်းဘုန်းမြတ်တို့ ကြေညာချက်ပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၃၀၉/၂၀၁၂ကို ဦးမြိုင်ကြီးမှ ပြန်လည်ရုပ်သိမ်းသည်ဟုဆိုခြင်းမှာ မှန်ကန်မှုမရှိပါကြောင်း။

ဦးမြိုင်ကြီးမှ ဒေါ်ငွေးကြွယ်အား ပေးအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၃၀၉/၂၀၁၂ မူရင်းမှာ ဒေါ်ငွေးကြွယ်ထံတွင်ရှိနေပြီး ဒေါ်ငွေးကြွယ်သည် ဖခင်ဦးမြိုင်ကြီးနှင့်အတူ နေထိုင်ပြုစုစောင့်ရှောက်လျက်ရှိပြီး ဖခင်ဦးမြိုင်ကြီးမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငွေးကြွယ်အား ပေးအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းခြင်းမရှိကြောင်း ညွှန်ကြားလာပါသည်။

လူကြီးမင်းတို့၏ ၁၈-၉-၂၀၁၃ရက်စွဲပါ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်အေးအေးမြင့် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ လိုင်စင်-၇၃၅၈
အမှတ် ၅၀၊ ပထမထပ်၊ အမှတ်(A-1)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

အထူးဂုဏ်ပြုချီးကျူးလွှာ

ကျွန်တော်-ကျွန်မတို့၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အစွမ်းကုန် ပံ့ပိုးကူညီပေးနေသော **အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMIDB)**သည် နိုင်ငံတော်ကို ဝင်ငွေခွန်ထမ်းဆောင်ခြင်းဖြင့် ကျေးဇူးတုံ့ပြန်နေရာ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၏ (၂၀၁၂-၂၀၁၃) ငွေကြေးနှစ်အတွက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်နေကြသော စီးပွားရေးလုပ်ငန်းရှင်ပေါင်း (၅၀၀)၏ အမည်စာရင်း ကြေညာချက်ထုတ်ပြန်ရာတွင် နံပါတ်(၁၂) မြောက်စာရင်းဝင်သည့်အပြင် **ပုဂ္ဂလိကဘဏ်များအားလုံးအနက် နံပါတ်(၃)** အဆင့်ရရှိပါသဖြင့် အစစအရာရာ ထက်မြက်စွာ စီမံအုပ်ချုပ်သော ဘဏ်ဥက္ကဋ္ဌ **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာသန်းထွန်း (ကံ့ကော်ရွှေပြည်)** ဦးဆောင်သည့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် စွမ်းရည်ထက်မြက်သည့် ဘဏ်ဝန်ထမ်းအားလုံးတို့အား ကျေးဇူးတင်ရှိကြောင်းနှင့် အထူးဂုဏ်ပြုပါကြောင်း. . . .

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်နေသော
SME အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များ

Yes!! English School

•• Always say Yes!! to English. ••
4 skill English classes

★ Basic
★ Elementary
★ Intermediate
★ Advanced
★ IELTS , TOEFL, SAT

Starting On October 7,9,12,16,21,26,28,29.

၂၃၊ သုညဘောင်းလမ်း Ph : 511778 09-73033648

သူရ ထွက်ပြီ မဂ္ဂဇင်း

မြန်မာ-ဂျပန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန (MJC) ၏အထူးဟောပြောပွဲ (Special Lecturer)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOC)၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ (JICA) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ-ဂျပန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန (MJC) ၏ အထူးဟောပြောပွဲ (Special Lecturer) ကို စီးပွားရေး လုပ်ငန်းရှင်များနှင့် လေ့လာလိုသူများအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့ များတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ တက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

	ရန်ကုန်	မန္တလေး
ကျင်းပမည့်နေ့ရက်၊	(၂-၁၀-၂၀၁၃)	(၄-၁၀-၂၀၁၃)
ကျင်းပမည့်အချိန်၊	နေ့လယ် (၁၃း၃၀ မှ ၁၇း၀၀)	နေ့လယ် (၁၂း၃၀ မှ ၁၆း၀၀)
ကျင်းပမည့်နေရာ၊	UMFCCI Office Tower (ဒုတိယထပ်) အမှတ် (၂၉) မင်းရဲကျော်စွာလမ်းလမ်းမတော်မြို့နယ်၊ရန်ကုန်မြို့၊	MRCCI ခန်းမ ၃၃လမ်းနှင့် ၇၈လမ်းထောင့်ရွှေနန်းသုံးမြို့ပါဝင်တာ စကျွန်းဖော် ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့၊

ဟောပြောမည့်သူ- Mr. YAMAMOTO NOBUTANE (Panasonic Company ၏အမှုဆောင်ဒါရိုက်တာဟောင်း လက်ရှိ Shinmaywa Industry Company ၏ အမှုဆောင်ဒါရိုက်တာ)

ဟောပြောမည့်အကြောင်းအရာ- Top Management မှ လမ်းပြခေါင်းဆောင်ရမည့် လက်တွေ့စီမံခန့်ခွဲမှု (စိတ်ခွန်အားနှိုးဆွခြင်း)

ဆက်သွယ်ရန်- ၀၁-၂၁၀ ၁၄၆ ၂၄၅၊ ၀၁-၂၁၀ ၁၈၅ ၄၅၅ (ရန်ကုန်)
၀၁-၂၁၁၀ ၀၆၃၊ ၀၁-၆၈၀၀ ၉၃၃၃ (မန္တလေး)

တက်ရောက်လိုသူများသည် ၃၀-၉-၂၀၁၃ ရက်နေ့ နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ပါသည်။

မွေးသက္ကရာဇ်အမှန်

ဦးမြင့်စိုး၏သား မြစ်ကြီးနားမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(E_1)မှ မောင်ကျော်သူစိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၁၀-၁၉၉၆ ဖြစ်ပါသည်။

မိဘအမည်မှန်

နမ္မတီး၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးကျော်သူ၏ မိဘအမည်မှန်မှာ ဦးဘောဒါနီဒီ-ဒေါ်ရူပါမာယာ ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(S_7)မှ မောင်ဂိုကူးလ်၏ ဖခင်အမည်မှန်မှာ ဦးဂဲန်ပရာဆပ် ၁/မကန(နိုင်)၀၇၇၄၄၀ဖြစ်ပါသည်။

အမည်ပြောင်း

ဦးမယစ်အားယုံ၏သား ပူတာအိုမြို့၊ အထက၊ နဝမတန်း(A)မှ မောင်ဆင်ဝါးနော်အား မောင်မယစ်ထင်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(B)မှ မဆိုင်းဘူ၏ ဖခင်အမည်မှန်မှာ ဦးလဖိုင်အောင် ဖြစ်ပါသည်။

ဖခင်အမည်မှန်

နမ္မတီးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မဒွဲဒွဲဘူ၏ဖခင်အမည်မှန်မှာ ဦးလခေါမ် ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(E_1)မှ မောင်ကျော်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်အေး ၅/စကန(နိုင်)၁၂၉၅၃၃ဖြစ်ပါသည်။

မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(A_7)မှ မဝိုင်းနန္ဒာလွင်၏ မိခင်အမည်မှန်မှာ ဒေါ်မြင့် ၁/ဝမန(နိုင်)၀၀၆၃၀၀ ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(A_7)မှ မဂျာဆိုင်းပန်၏ ဖခင်အမည်မှန်မှာ ဦးဂျိဂွမ်ဂျာလ ၁/မကန(နိုင်)၀၅၈၂၈၀ ဖြစ်ပါသည်။

မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(A_7)မှ မရေရေဆူဒါ၏ မိဘအမည်မှန်မှာ ဦးမနီရမ်း ၁/မကန(နိုင်)၀၈၅၄၂၉-ဒေါ်ရှာနီ MKA-၁၆၂၅၉၁ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ... MAC TOWER ... ရန်ကုန်မြို့၊ ဖုန်း ၀၉-...

ဦးရာလူကိုအမြန်ရောင်းမည်

တောင်ဥက္ကလာပမြို့နယ်၊ ပြဟ္မစိုရ်လမ်းမကြီးအနီး၊ နေရာကောင်း လမ်းသန့် ပေ(၂၀×၆၀) ပေါ်တွင် BN နှစ်ထပ် အိပ်ခန်းသုံးခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ အခန်းတိုင်းကော့နှစ်အလှဆင်ထားပြီး Air Con ငါးလုံးပါ၊ Furniture အစုံ၊ ကားနှစ်စီးဆံ့ဂိုဒေါင်ပါ၊ အိမ်သာ၊ ရေချိုးခန်းကြွေပြားကပ်၊ ဘိုထိုင်၊ ရိုးရိုး နှစ်လုံး၊ နှစ် ၆၀ဂရန် ရေ၊ မီးစုံ ကြိုဟ်တုစလောင်းပါ။
ကျပ်သိန်း ၁၇၀၀ (ညှိနှိုင်း)။
ဖုန်း-၀၉-၄၂၀၁၇၆၆၃၂၊ ၀၉-၄၄၈၀၁၆၁၆၈

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် ၁၈၇ အမည်ပေါက် ဦးမြင့်ဇော် ၁၂/ကတန(နိုင်)၁၀၀၈၉၈ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်လှ ၁၂/ကတန(နိုင်)၀၀၉၄၃၁က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးပါရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် ၂၄၅ အမည်ပေါက် ဦးစန်းနိုင် ၁၂/ကတန(နိုင်)၀၀၉၂၉၂မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်နီလာထွန်း ၁၂/ကတန(နိုင်)၁၁၁၆၇၅က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

သီတဂူဆရာတော်ကြီး၏ နိုင်ငံတော်အဆင့် ဓမ္မဒါနဆေးရုံ၏ စက်တင်ဘာ (၂၉) (၂၅) ကြိမ်မြောက် အလင်းဒါန မျက်စိအလင်းဒါနပွဲ

၂၉-၉-၂၀၁၃ ရက်တွင် ဦးမေ (ငှက်ဖျား) နှင့် ၂၅ ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိလူနာတစ်ဦးအတွက် ခွဲစိတ်ခြင်းစရိတ် ၄၀၀၀၀ိ/- ကို အလင်းဒါနအဖြစ် ကိုယ်တိုင်လာရောက်၍ဖြစ်စေ ဘဏ်မှတဆင့်ဖြစ်စေ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရှင်းလင်းချက်အတွက် ဆက်သွယ်ရန် ဖုန်း-၀၅၁၅၁၃၃၈၈၃၅ ... KBZ Bank (Account No. 0071220029870)

နိုလာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

● ရည်ရွယ်ချက် ●

နိုလာဘုရားဖူးအဖွဲ့သည် "ဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိဖူးမျှော်နိုင်ရမည်" ဟုဆန္ဒပြု၍ ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

ဗုဒ္ဓဂယာခရီးစဉ် - (၇)ရက်ခရီး - ၈၅ သိန်း၊ (၁၂)ရက်ခရီး - ၉၀ သိန်း၊ (၁၅)ရက်ခရီး - ၁၀၀သိန်း

အောက်တိုဘာလဆန်းမှ မေလအထိ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ အပတ်စဉ် ထွက်ခွာပါမည်။

သီရိလင်္ကာ + ဘန်ကောက်ခရီးစဉ် (၇)ရက်ခရီး — (၁၂.၅) သိန်း

(၈)ဦးစုစည်းပြီးလိုက်ပါလျှင် (၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။

အသေးစိတ်ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရန်ကုန်ရုံးချုပ် ... ဖုန်း- ၀၁-...

မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ ... ဖုန်း- ၀၉-...

မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း (S_1) မှ မအယ်လ်နန်ဆန်မော်၏မိခင် အမည်မှန်မှာ ဒေါ်တိန်းဝင်း ၁/မကန(နိုင်)၀၃၂၉၉၈ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း (B_1) မှ မောင်သိန်းဇော်ဦး၏ ဖခင်အမည်မှန်မှာ ဦးရောဆန် ၁/မကန(နိုင်)၀၀၈၄၅၈ ဖြစ်ပါသည်။

အမည်မှန်

ဦးဝေါ်လေး၏သား ဝိုင်းမော်မြို့၊ အထက (B) ၊ တက္ကသိုလ်ဝင်တန်း (A) မှ မောင်ခေါ်လေး၏ အမည်မှန်မှာ မောင်ဝေါ်လေး ဖြစ်ပါသည်။

အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း (S_1) မှ မနန်ဆန်မော်၏ အမည်မှန်မှာ မအယ်လ်နန်ဆန်မော် ၁/မကန(နိုင်)၁၈၅၈၉၇ ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း (A_1) မှ မအေးမြခိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် ၁/မကန(နိုင်)၀၃၁၃၅၄ ဖြစ်ပါသည်။

မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း (E_1) မှ မငြိမ်းငြိမ်းဝင်းနှင့် တက္ကသိုလ်ဝင်တန်း (D_1) မှ မနန္ဒာကျော်ဝင်းတို့၏ မိခင်အမည်မှန်မှာ ဒေါ်ကျွဲ ၁/မကန(နိုင်)၀၃၃၅၄၆ ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၃)၊ တက္ကသိုလ်ဝင်တန်း (B_1) မှ မဂျာဆိုင်းထွယ်၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုး ဖြစ်ပါသည်။

မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း (A_1)မှ မမြင့်ယာဉ်၏ မိဘအမည်မှန်မှာ ဦးရန်ရှင်း ၁/ဝမန(ဧည့်) ၀၀၀၁၇၇၊ ဒေါ်ချင်ဖင် ၁/မကန(ဧည့်) ၀၀၁၃၁၂ ဖြစ်ပါသည်။

အမည်မှန်

ဦးဒဂင်နမ်ဒီး၏ သမီး မြစ်ကြီးနားမြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်း (C_7)မှ မပန်းအိဖြူ၏ အမည်မှန်မှာ မဒဂင်နမ်နွန်ဆားရ် (ခ) မပန်းအိဖြူ ဖြစ်ပါသည်။

လိုက်လှဲစွာဝမ်းမြောက်ကြိုဆိုခြင်း

IKBZ Insurance (အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း) ၏

ရှမ်းပြည်နယ်ရုံးချုပ် ကို ၂၆-၉-၂၀၁၃ရက်နေ့တွင်

ရှမ်းပြည်နယ်-တောင်ကြီးမြို့ ၌ အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့်တိုးတက်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့
ရှမ်းပြည်နယ်တောင်ပိုင်းကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
တောင်ကြီးမြို့

ဖခင်အမည်မှန်

အထက(၃) လှိုင်၊ တက္ကသိုလ်ဝင်တန်း(င)မှ မောင်မင်းမော်ဦး၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းဇော် ၁၂/လမန(နိုင်)၁၂၉၄၀၂ ဖြစ်ပါသည်။

ပျောက်ဆုံးခြင်း

ကျွန်မ ဒေါ်ခင်မာချို ၁၂/လကန(နိုင်)၁၅၇၉၅၄ ၏ ကားသွင်းကုန်ပါမစ် ISP IDV8 13-14 22090 23/08/13 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါ။

ဖုန်း-၀၉-၇၃၁၄၉၀၇၀

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် ၂၇၀ အမည်ပေါက် ဦးအေးသိန်း KTN-၁၀၀၉၆၂ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးဝင်းအောင် ၁၂/ကတန(နိုင်)၀၀၉၀၆၈က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ် (မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အင်္ဂလိပ်မှမြန်မာဘာသာသို့ ဘာသာပြန်နည်းလက်စွဲ
English to Myanmar Translation Manual
Mr. JOHNNY
စာအုပ်ဆိုင်တိုင်းမှာမေးဝယ်ပါ။ ဖုန်း၊ ၀၉၇၃၀၄၅၈၃၅

တစ်ဦးတည်းဖြစ်ကြောင်း

မြိတ်မြို့ သမ္မတရုံလမ်းနေ ဦးကျော်ခိုင်နှင့် ဦးကျော်ထွေးထိုက် ၁၂/တမန(နိုင်)၀၉၇၉၈၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်ထွေးထိုက်

မိုး
ဒီဇယ်အောက်ဆီ
...
ဖုန်း ...

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ ဇော်ဂျီလမ်း၊ မြေကွက်အမှတ် (၁၁၈၆)၊ မြေအကျယ်အဝန်း(အလျားပေ ၄၀×အနံပေ၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒုတိယရဲမှူးကြီးဝင်းကြည် ၁၂/ရကန(နိုင်)၀၁၅၂၀၇အမည်ဖြင့်တည်ရှိပြီး ဂရန်မူရင်း၊ ပိုင်ဆိုင်မှုအဆက်အစပ်စာချုပ်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ထပ်ဆင့်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးဝင်းမော် ၉/မထလ(နိုင်)၂၀၀၅၄၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သောမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောသက်သေအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးအသတ်ငွေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေး ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သူဇာငြိမ်း LL.B
အထက်တန်းရှေ့နေ
အမှတ် ၇၇၉၊ ဇာဂ ၁၇လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၁-၈၅၀၀၃၂၃၊ ၀၁-၅၆၃၄၁၉

ကြော်ငြာ

အထူးကျေးဇူးတင်ရှိခြင်း

မိခင်ကြီး ဒေါ်ခင်သန်းနွယ်၏ အသက်(၇၀)ပြည့်မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် သားသမီးများမှ ကျေးဇူးဆပ်ဂုဏ်ပြုသောအနေဖြင့် Park Royal Hotel တွင် ၂၂-၉-၂၀၁၃ ရက်က အမှတ်တရကျင်းပခဲ့သည့် မွေးနေ့မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေး၍ ပရိတ်တရားနှင့် ရေစက်ချအနုမောဒနာတရားတို့ကို ချီးမြှင့်ပေးပါသော ကမ္ဘာ့ဗုဒ္ဓသာသနာပြု ချမ်းမြေ့ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ မဟာစည်သြဝါဒစရိယဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဇဋိလ (သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၊ မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒ(ကမ္မကထိက ဗဟုဇနဟိတခရ၊ သဒ္ဓမ္မဇောတိကဓဇ ပဲခွယ်ကုန်းဆရာတော် ဦးစန္ဒာဝရ(မဟာကမ္မဋ္ဌာနာစရိယ)တို့အား ပီတိသောမနဿ ကုသိုလ်စိတ်တို့ဖြင့် ခြေတော်အစုံဦးခိုက်ရှိခိုးကန်တော့၍လည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးခင်မောင်ရီ၊ မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်အသင်းချုပ်ကြီး၏ ဒုတိယဥက္ကဋ္ဌ၊ မြန်မာ့သစ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးမျိုးသက်နှင့် အလုပ်အမှုဆောင်များ၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ် အတွင်းရေးမှူးဦးဖုန်းမြင့်နှင့် အမှုဆောင်များ၊ ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းနှင့် ပညာရေးဖောင်ဒေးရှင်းတို့၏ ဥက္ကဋ္ဌ ဦးရိုန်ဝင်း (တက်လမ်းဆောက်လုပ်ရေး)နှင့်အမှုဆောင်များ၊အခမ်းအနားမှူးအဖြစ် ကူညီဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ အလှူငွေပေးအပ်ပွဲတွင် ဗန်းကိုင်များအဖြစ် ကူညီဆောင်ရွက်ပေးပါသော သမီးလေး ဇေဇင်ဦးနှင့် သမီးလေးအေးမြတ်အိန္ဒြေ၊ မှတ်တမ်းတင်အစီအစဉ်များကူညီဆောင်ရွက်ပေးပါသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မိခင်ကြီး၏ဝတ်စုံကို ကူညီဆောင်ရွက်ပေးပါသော ရွှေပိုးဖြူ(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်အကြိုင်၊ Park Royal Hotel မှ မန်နေဂျာ ဒေါ်ချစ်ချစ်နိုင်နှင့်ဝန်ထမ်းများ၊ အစစအရာရာ ဝိုင်းဝန်းဆောင်ရွက်ပေးကြသော ဗိုလ်မှူးအောင်စိုး-ဒေါ်ခင်ခင်ဌေး၊ အန်တီဒေါ်ခင်စောမာ၊ အန်တီဒေါ်ညွန့်ညွန့်မြိုင်တို့နှင့် ကျေးဇူးတင်သင့်တင်ထိုက်သူအားလုံးတို့ကို လှိုက်လှဲစွာအထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မိခင်ကြီး၏ မွေးနေ့အထိမ်းအမှတ်အဖြစ် သက်ဆိုင်ရာဌာနအသီးသီးသို့လှူဒါန်းသော မင်္ဂလာအလှူတော်ငွေစုစုပေါင်းမှာ သိန်းပေါင်း ၃၉၀၉၀၀၀၀ဖြစ်ပါကြောင်းကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြပါစေသော်။

မိခင်ကြီး	- ဒေါ်ခင်သန်းနွယ်
သား	- ဦးသိန်းထိုက်ဦး-ဒေါ်မျိုးမျိုးမင်း
သား	- ဦးကျော်စိုးမင်း-ဒေါ်ဝင်းဝင်းအေး
သား	- ဦးမျိုးမင်း-ဒေါ်ဝါဝါအောင်
သမီး	- ဒေါ်ဇင်ဇင်ဝင်း
သား	- ဦးမျိုးဝင်း-ဒေါ်မဉ္ဇူသိန်းဝင်း

မြေးမြစ်များ

အများပြည်သူ သိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ လူနေရပ်ကွက်အမှတ် ၄၂၊ဦးဝိစာရလမ်း၊ မြေကွက်အမှတ် ၁၂၂၀၊ အလျားပေ၄၀×အနံပေ ၆၀၊ အကျယ်အဝန်းရှိ နှစ် ၆၀မြေငှားဂရန် မြေကွက်သည် ဦးတင်မောင်ဝင်း ဂရန်အမည်ပေါက်မြေကွက်ဖြစ်ပါသည်။ ဦးတင်မောင်ဝင်းသည် (၂၆-၉-၁၉၉၉)ခုနှစ်တွင် ကွယ်လွန်ခဲ့ရာ ဦးတင်မောင်ဝင်း၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်စန်းကြည် ၁၂/မရက(နိုင်)၁၂၅၉၉၉ က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်လက်ရှိ နေထိုင်အကျိုးခံစားလျက်ရှိသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အား ဒေါ်စန်းကြည် သိရှိသဘောတူခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်းခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမြတ်မွန် (စဥ်-၃၀၀၁၂)
LL.B, D.B.L, D.M.L
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၇၃၀၈၈၈၇၂

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ခ)၊ မြေကွက်အမှတ် ၃၂၀½၊ မြေကွက်တည်နေရာအမှတ် (၃၂၀½)၊ တုသိတာလမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်သန်းတင် စီအက်ဖ်-၀၂၅၃၉၇ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် မိခင်၊ ဖခင် ကွယ်လွန်သဖြင့် ဒေါ်မမကြီး ၁၂/ဥကမ(နိုင်)၀၂၄၀၁၁က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၅၂၃၀/၂၆-၈-၂၀၁၃)ဖြင့် ရရှိသူ ဦးကျော်မင်း ၁၂/လသန(နိုင်)၀၀၅၃၃၇မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်၊ ဝေဇယန္တာလမ်းမ၊ အမှတ် ၁၄၈၊ တတိယအလွှာ(ခြေရင်းခန်း) ပေ (၁၃½×၅၅)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အားလုံးကို တရားဝင်လွှတ်လပ်စွာလွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးသီဟစိုး TTN-၂၃၈၈၂၈ထံမှ ဝယ်ယူရန် သဘောတူညီခဲ့ပြီး အရောင်းအဝယ်ပြုလုပ်ပြီးသော တန်ဖိုးအနက်မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို တရားဝင်ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

ဒေါ်လွင်လွင်ဦး
၇/နတလ(နိုင်)၀၀၁၁၃၂
ဖုန်း-၀၉-၄၂၃၇၀၅၁၀၁

အများသိစေရန်ကြေညာအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းရပ်ကွက်၊ တောင်ပိုင်းလမ်း၊ ကွင်းအမှတ် ၅၈၂/က၊ ဦးပိုင်အမှတ် N/၆မှ ဧရိယာအကျယ်အဝန်း ၀ ဒသမ ၀၂၇ဧကရှိသော မြေမှ (အလျားပေ ၆၀×အနံပေ၂၀)၊ ဧရိယာအကျယ်အဝန်း ၀ဒသမ၀၂၇ဧကရှိ အကွက်ကလေးအမှတ် ၅ မြေကွက်ကို ဒေါ်ရီရီလွင်က ဝယ်ယူထားပြီးဖြစ်သဖြင့် ခြံစည်းရိုးခတ်ပြီး ပြန်လည်ရောင်းချမည်၍ ကန့်ကွက်လိုသူများရှိပါက ဒေါ်ရီရီလွင်ထံသို့ ဝယ်ယူထားသော စာချုပ်မူရင်းနှင့်တကွ လာရောက်၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

ဒေါ်ရီရီလွင် ၁၂/လမန(နိုင်)၀၄၂၂၄၃
ဖုန်း-၀၉-၇၃၂၂၃၅၀၁

မိဘအမည်မှန်

အထက(နမ္မတီး)၊ တက္ကသိုလ်ဝင်တန်း (F)မှ မောင်ယော်ထုန်၏ မိဘအမည်မှန်မှာ ဦးမြန်ယုံမာနော် ၁/မကန(နိုင်)၁၃၁၉၅၉၊ ဒေါ်ကော့ကျိမ် ၁/ကမန(နိုင်)၀၁၇၄၃၂ ဖြစ်ပါသည်။

အမည်မှန်

[illegible]

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(A_7)မှ မတီလာမာယာ၏ဖခင်အမည်မှန်မှာ ဦးကစ္စနားဗဟာဒူး ၁/ဝမန(နိုင်)၀၈၆၂၄၀ ဖြစ်ပါသည်။

အမှားပြင်ဆင်ချက်

၅-၉-၂၀၁၃ရက်ထုတ် ဤသတင်းစာ၊ စာမျက်နှာ(၃)ကန့်ကွက်နိုင်ကြောင်း အမည်ပေါက် ဦးစိန်လှိုင် ကြော်ငြာတွင် ပါမစ်မြေအစား နှစ် ၆၀ ဂရန်မြေဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်ဖြည့်စွက်ခေါ်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ မိုဟာမက်အင်မရန်(ခ)ဇေယျာလင်း၏သားမှာ မိုဟမ္မဒ်အစိုင်ရ်(ခ)ဇေယျာမင်းဟု ဖြည့်စွက်ခေါ်ပါရန်။

ဖခင်အမည်မှန်

အထက ပုတီးကုန်း တက္ကသိုလ်ဝင်တန်းမှ မောင်ရဲထက်၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ၇/သကန(နိုင်)၀၂၁၂၉၂ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

LL.B, D.B.L, D.I.L, Dip.CA, WIPO
LL.B, D.B.L, D.I.L, D.M.L, WIPO
Hein Htet San Law Firm

[illegible]

အမြန်ဆက်သွယ်ရန်

[illegible] Family United Power Co.,Ltd [illegible]

Family United Power Co.,Ltd

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၃၅၅၂၊ Toyota Townace, Micro Bus ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်(ခ)ခင်ချယ်ရီဇင် ၁၂/လမတ(နိုင်)၀၂၆၉၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးပါကြောင်း

ကျွန်မ မအေးမြတ်သူ ၁၂/ဥကမ(နိုင်)၁၇၆၃၈၂နှင့် ကိုကျော်ကျော်လတ် ၁၂/ဥကမ(နိုင်) ၁၈၂၀၄၅တို့သည် မည်သို့မျှ စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ၂၀-၉-၂၀၁၃ ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် နောက်နောင် ကိုကျော်ကျော်လတ်နှင့်ပတ်သက်သော ကိစ္စအဝဝသည် ၎င်း၏တာဝန်သာဖြစ်သည်ဟု အများသိစေရန် ကြေညာအပ်ပါသည်။

မအေးမြတ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင့်ဝါထွန်း(စဉ်-၃၈၁၁၅) LL.B, D.B.L
အထက်တန်းရှေ့နေ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၆၅၅၊ မြေကွက်တည်နေရာအမှတ် ၆၅၅၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကျော်ခင်၊ ဒေါ်အေးသိန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်ခင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးသိန်း ၁၂/ ဥကတ(နိုင်)၀၅၃၀၅၄က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကြည်စု၊ မြေကွက်အမှတ် ၄၉၂၊ မြေကွက်တည်နေရာအမှတ် ၄၉၂၊ အလင်းရောင် ၅လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ် ၁။ ဦးသောင်းမြ၊ ၂။ ဦးသိန်းဖုံအမည်ပေါက် နှစ် ၆၀ ဂရန် မြေအား အမည်ပေါက် တစ်ဦးဖြစ်သော ဦးသိန်းဖုံ ကွယ်လွန်သဖြင့် ဒေါ်ကုလားမ ၁၂/ဒပန(နိုင်)၀၃၃၈၈၀က ၎င်း၏ပိုင်ဆိုင်ခွင့်အစုကို ကျန်အမည်ပေါက် ဦးသောင်းမြ ၁၂/ဒပန(နိုင်)၀၅၅၁၉၅နှင့် ပူးတွဲ၍ ၎င်းတို့ကိုယ်စား GP ၅၃၃၁/၁၃ (၂၉-၃-၁၃)ရသူ ဦးလှမြင့် ၁၂/ဒပန(နိုင်) ၀၀၆၁၂၇ မှ သေစာရင်း၊ ကျမ်းကျိန်လွှာများ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/သမိုင်း ၊ မြေကွက်အမှတ် ၁၈/ဃ၁၆၊ မြေကွက်တည်နေရာအမှတ် ၁၈၊ ရွှေရတနာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးရွှေဘ အမည်ပေါက် ဘီ၊ လ/န ၃(ခ)မြေအား အမည်ပေါက် ဦးရွှေဘ ကွယ်လွန်သဖြင့် ဒေါ်ခင်စန်း ၁၂/လမတ(နိုင်)၀၁၀၄၇၅ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျေးဇူးအထူးတင်ရှိခြင်း

ကျန်ကျင်းဟောင်း(ခ)ဦးမြင့်သိန်း(ကျွဲပွဲ၊ B.O.C)
အသက်(၉၈)နှစ်

၂၃-၉-၂၀၁၃ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ကျန်ကျင်းဟောင်း (ခ) ဦးမြင့်သိန်း အသက်(၉၈)နှစ်အား နာမကျန်းဖြစ်စဉ်က ပြုစုကုသပေးပါသော အာရှတော်ဝင်ဆေးရုံကြီးမှ ပါမောက္ခဦးတင်လတ်(နှလုံးရောဂါအထူးကုဆရာဝန်ကြီး)၊ ပါမောက္ခ ဦးတင့်ဆွေလတ် (ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ ပါမောက္ခ ဦးအောင်မြင့်(ခွဲစိတ်အထူးကုဆရာဝန်ကြီး)၊ ပါမောက္ခဦးခင်မောင်လွင် (နှလုံးနှင့်သွေးကြောခွဲစိတ်အထူးကုဆရာဝန်ကြီး)၊ ပါမောက္ခဒေါ်ဝင်းမင်းသစ်(ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီး)၊ ပါမောက္ခ ဒေါ်ခင်သီတာသွင် (ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်ကြီး)၊ တွဲဖက်ပါမောက္ခဒေါ်ခင်စောသန်း (အထူးကုသမားတော်ကြီး)၊ သမားတော်ကြီးဒေါက်တာဇော်သန်းထွန်း၊ အထူးကုသမားတော်ကြီး ဒေါက်တာကျော်စွာလင်းနှင့်အာရှတော်ဝင်ဆေးရုံကြီးမှ ဆရာဝန်၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများကိုလည်းကောင်း၊ နာရေးကိစ္စတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ညီအစ်ကို မောင်နှမဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ အိမ်နီးချင်းများ၊ ရပ်မိရပ်ဖများ၊ တပည့်များ၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ E-mail, Facebook မှတစ်ဆင့် အားပေးနှစ်သိမ့်ပေးခဲ့ကြသော ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ဒေါက်တာဒေါ်ဝင်းရီ(ခွဲစိတ်၊ ဆေး-၁)
ဒေါက်တာဒေါ်စန်းစန်းရီ(ခွဲစိတ်၊ ဆေး-မကွေး)
ကျန်ရစ်သူမိသားစု

(၂)နှစ် ၆ လပြည့် လွမ်းဆွတ်သတိရခြင်း

ရဲမှူးကြီးတင်မောင်ဌေး(ငြိမ်း)
D.S.A (17)
28-3-2011- 28-9-2013

မောင်ရေ

မောင်ချစ်တဲ့မိသားစုနဲ့ မမျှော်လင့်ဘဲ ခွဲခွာသွားခဲ့တာ (၂)နှစ်နဲ့ ၆လပြည့်ခဲ့ပါပြီ။ နေ့တိုင်း၊ လတိုင်း၊ အချိန်တိုင်း သတိရ လွမ်းဆွတ်နေဆဲပါမောင်။ ဒီနေ့လည်း မောင့်အတွက်ရည်စူး၍ အိမ်မှာ သံဃာတော်များ ပင့်ဆောင်ပြီး ဆွမ်း၊ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ စုံလင်စွာဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ပါတယ်။ မောင်မြင့်မြတ်တဲ့ဘုံဘဝမှ ကြားနိုင်သိနိုင် သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး-အရွှေ
ချစ်သမီး-ခိုင်တင်ဇာဌေး

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဦးကျော်ကျော်(မိုးကုတ်ယောဂီ)
လေ/၁၀၀၅၀ တကက(ငြိမ်း)
Ex:R /O (CDC -23214)
၂၈-၉-၂၀၁၂-၂၈-၉-၂၀၁၃
ပြုပြုသမျှကုသိုလ်အစုစုအတွက် အမြဲတမ်းအမျှပေးဝေနေပါတယ်။
ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ကျန်ရစ်သူ ချစ်ဇနီး-ဒေါ်ခင်ဌေးမြင့် [သ/မ(ငြိမ်း)]
သားသမီးနှင့်မြေးများ(စမိုင်)

လွမ်းဆွတ်သတိရခြင်း

၂၅-၉-၂၀၁၁ရက်တွင် ကွယ်လွန်သွားခဲ့သော ကြည်း ၅၂၇၄၂၊ သားငယ်လေး ဗိုလ်ဇော်လင်း(ခ)လင်းဇော်ချစ် (DSA -51) ရေ ဖေဖေ၊ မေမေ၊ ကိုကိုတို့နှင့်ခွဲခွာခဲ့တာ နှစ်နှစ်ပြည့်ပေမယ့် တစ်ရက်မှမမေ့မရခဲ့ပါ။ သားငယ်လေးအတွက် ရည်စူးကာ အောင်ဇေရန်အောင်ဘုရားဝင်းအတွင်း၌ ဘုန်းမြင့်ကံသာနဂါးရုံဘုရားနှင့် မင်္ဂလာရေကန်တော်ကြီးကိုလည်းကောင်း၊ တောင်တန်းသာသနာပြုကျောင်းတိုက်၌ အဝင်မုခ်ဦးနှင့် စက္ခုဒါနဆေးရုံတော်၌ ဆေးပဒေသာပင် ငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ မိုးကုတ်ဝိပဿနာတရားစခန်းအမှတ် (၃၇၄)၌ တည်ဆောက်လျက်ရှိသည့် ဝိသုန်ဂါမသိမ်တော်အား ငွေကျပ် ၁၀သိန်းတို့ကို မတည်လှူဒါန်းခဲ့ပြီးပြီမို့ သားငယ်လေးကောင်းသောဘုံ၊ ကောင်းသောဘဝမှ သာဓုခေါ်ဆိုနိုင်ရန် အမျှဝေပါတယ်…။

သားငယ်လေးရေ အမျှ…အမျှ…အမျှ…။

ဖေဖေ-ဦးဒီးဒုတ်၊ မေမေ-ဒေါ်တင်တင်ဝင်း
ကိုကို-ဝင်းကျော်စွာဦး၊ မမ- သူဇာဝေနှင့်
တူလေးများ

တစ်နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

သူငယ်ချင်း မျိုးသော်ဇင်(ခ)ကိုတိုး

၂၈-၉-၂၀၁၂ မှ ၂၈-၉-၂၀၁၃

ပြုပြုသမျှ ကုသိုလ်အစုစုအတွက် အမြဲတမ်း အမျှပေးဝေနေပါသည်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

သူငယ်ချင်း	- ဦးသန့်ဇော်ဦး-ဒေါ်အေးအေးသန့်
သား	- စည်သူနန္ဒ
သမီး	- ခင်နဒီထက်

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/အရှေ့၊ မြေကွက်အမှတ် ၇၉၅/ခ၊ မြေကွက်တည်နေရာအမှတ်-၇၉၅၊ ဝေဇယန္တာအရှေ့(၁၈)လမ်း၊ ၆ ရပ်ကွက်၊ သာကေတမြို့နယ် ဦးဌေးဝင်း အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးဌေးဝင်း(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်တိုးရီ ၁၂/သကတ (နိုင်)၀၈၂၅၇၆က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

စိုက်ပျိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းစိုက်ပျိုးရေးမန်နေဂျာ(ငြိမ်း) ဦးမျိုးဝေ အသက်(၆၅)နှစ်သည် ၂၆-၉-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ဦးအုန်းသန်း၊ ဒုတိယဝန်ကြီး(လယ်ယာ)နှင့်
စိုက်ပျိုးရေးမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ အင်ဂျင်နီယာချုပ် ဒေါ်ချယ်ရီမျိုးတင့်၏မိခင် ဒေါ်တင်တင်ကြီး အသက်(၈၁)နှစ်သည် ၂၆-၉-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အထွေထွေမန်နေဂျာနှင့်ရုံးအဖွဲ့
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ဦးစိုးမိုး (Second Engineer)

တစ်နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
(ကျေးဇူးရှင် ချစ်ခင်ပွန်း)

မောင်…

နေ့စဉ်နေ့တိုင်း
ရည်စူးကုသိုလ်
ပြုသမျှအဝဝကို
ဘဝတစ်ပါး ပြောင်းသွားငြားလည်း
ထပ်တူထပ်မျှ ရပါစေရန်
ကုသိုလ်အမှု ထပ်တူပြုလျက်…

ကောင်းသောဘုံဘဝမှာ ငြိမ်းချမ်းပါစေ။
ချစ်ဇနီး-ဒေါ်ဝါဝါဌေး (ငယ်)
ချစ်သမီး-အိတုံ(ခ)မေသူခိုင်

ဝမ်းနည်းကြေကွဲခြင်း

M9 Group Company Limited ၏ Director အဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးမင်းခိုင်(ခ)ဦးရင်ရီစက်နှင့်ဇနီး ဒေါ်စိုးစိုးမိုး(မင်းခိုင်အီလက်ထရွန်နစ်၊ မြစ်ကြီးနား)တို့၏ဖခင် ဦးမြင့်အောင် အသက်(၇၆)နှစ်သည် ၂၇-၉-၂၀၁၃ရက် (သောကြာနေ့) နံနက် ၇း၄၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

M9 Group Company Limited Director များနှင့်
ရုံးဝန်ထမ်းများ၊
Brand Shop ဝန်ထမ်းများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စန်းမြင့် (ကွမ်းခြံကုန်းမြို့)

အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ သုံးပန်လုလမ်း၊ အမှတ် ၉၃နေ (ဦးအေးဖေ-ဒေါ်ထွေး)တို့၏သမီး၊ (ဦးစံညွန့်-ဒေါ်ဖွားနှစ်)တို့၏သမီးချွေးမ၊ ဆရာဦးသိန်းလွင်၏ဇနီး၊ (မောင်မောင်သော်ထက်)-မကြည်ကြည်ဦး၊ မောင်မောင်ဇေထက်၊ ဗိုလ်မှူးစိုင်းထက်-ဒေါ်စန်းစန်းဝေတို့၏မိခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၂၆-၉-၂၀၁၃ရက် နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ကွမ်းခြံကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်ခင်မေတင်

ဗိုလ်မှူး(ငြိမ်း)၊ ကက-ကြည်း
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊မာန်အောင်ရပ်ကွက်၊ အေးသာယာလမ်း၊ ၃၄(စီ)နေ (ဦးလှတင်-ဒေါ်ခင်မလေး)တို့၏ သမီး၊ ဒေါ်တင်မမ၊ ဒေါက်တာဒေါ်တင်ကြည်ကြည်၊ (ဦးခင်မောင်မောင်)တို့၏ညီမ၊ ဦးတင်မောင်ဦး၊ ဒေါ်တင်တင်အုန်းတို့၏ အစ်မသည် ၂၆-၉-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

ဦးထွန်းတင်

အကြီးတန်းလက်နှိပ်စက်စာရေး(ငြိမ်း)
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
အသင်းဝင်အမှတ်(၀၂၅၁)
အသက်(၇၂)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၅)ရပ်ကွက်၊ အမှတ် ၃၉၂၊ ဦးတင်အေးလမ်းနေ အသင်းဝင် ဦးထွန်းတင်သည် ၂၄-၉-၂၀၁၃ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၃ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

ရဟန်းဒါယိကာမကြီး

ဒေါ်ငွေကျော့ (စစ်တွေ)

လက်ထောက်ညွှန်ကြားရေးမှူး
(သူနာပြု)
မွန်ပြည်နယ်
အသက်(၅၆)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ မင်းဘာကြီးလမ်းနေ (ဦးမောင်ထွန်းမြ - ဒေါ်တင်တင်)တို့၏သမီးကြီး၊ အရှင်ဦးရက္ခိတမွေ့ (ခေတ္တ-အိန္ဒိယ)၏အစ်မတော်၊ ဦးလှစောအောင်(စက်မှုလယ်ယာ)-ဒေါ်ရွှေမိုး (အထက-၅၊ စစ်တွေ)၊ ဦးဝင်းမောင်(သစ်တော)-ဒေါ်နီနီ (အမက-၅၊ အိုးတန်း)၊ (ဒေါ်သိန်းသိန်း)၊ ဒေါ်မြသိန်းနု(ခ)ပေါက်စ (အလက-၃၊ မိဖ)တို့၏အစ်မကြီး၊ မငြိမ်းထက်ဝေ(ခ)ပိုပို၊မောင်ကျော်ကျော်စိုး၊ မောင်ညဏ်ဝင်းထွန်း၊ မမြတ်မြတ်သွယ်တို့၏ အကြီးရှင်သည် ၂၇-၉-၂၀၁၃ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးမျိုးသက်နိုင်(ခ) ဦးရှည်ကြီး

အသက်(၄၃)နှစ်

ညောင်လေးပင်မြို့၊ ဖအောင်းရွာနေ ဒုရဲမှူးလှရွှေ(ငြိမ်း) - ဒေါ်နွဲ့နွဲ့ရီတို့၏ သားလတ်၊ ဒုရဲမှူးကြီးမျိုးဆွေ(ငြိမ်း)-ဒေါ်သန်းဆွေ၊ ဦးတင်ရှိန်(ဒုအင်ဂျင်နီယာချုပ်၊ငြိမ်း)-ဒေါ်သန်းမြင့်တို့၏တူ၊(ဦးမိုးကျော်)-ဒေါ်နီနီအေး(ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်)၊ ဒေါ်ဝါဝါလွင်တို့၏ ညီ/မောင်၊ (ဦးဇော်ဝင်းခိုင်)-ဒေါ်သက်သက်ဇင်တို့၏အစ်ကို၊မအေးကျော့ဖြူပြာ၊ မမိုးရန့်ခင်တို့၏ဦးလေးသည် ၂၆-၉-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် ၃၀၊ ရဲသီဟလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှမြင့် (ကြည့်မြင်တိုင်)

(ပုဇွန်တောင်၊ ရေကျော်)
အသက်(၉၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၁၂၊ ရွှေလှိုင်လမ်းနေ(ဦးကံကြီး-ဒေါ်အုန်း)တို့၏သမီး၊ (ဦးရိပ်-ဒေါ်ဝင်း)တို့၏သမီးချွေးမ၊ (ဦးမောင်မောင်တင်)၏ဇနီး၊ ဒေါ်ရီရီတင်-(ဦးအောင်သန်း)၊ ဦးတင်ကျော်စွာ(BEC-INT, English Teacher)-ဒေါ်ကြည်ကြည်သန်း၊ ဦးမြင့်တင်-ဒေါ်နုနုခင်(ပါမောက္ခ၊ ငြိမ်း၊ ယဉ်ကျေးမှုတက္ကသိုလ်)၊ ဒေါ်ဖြူဖြူတင်-ဦးဝင်းမြင့်၊ ဒေါ်ချိုချိုတင်(ဦးစီးအရာရှိ၊ ခေတ္တအား/ကာသိပ္ပံ၊ ရန်ကုန်)-ဦးအောင်စိုးမင်း(မန်ကျည်းတန်း တ/နရပ်ကွက်၊ အုပ်ချုပ်ရေးမှူး)၊ ဒေါ်ညိုညိုတင်-ဦးရဲဆင့်(Star Club)၊ ဒေါ်နွယ်နွယ်တင်-(ဦးမျိုးမြင့်)တို့၏မိခင်၊ ဦးဌေးဦး၏အဒေါ်၊ မြေး ၁၃ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၇-၉-၂၀၁၃ရက် (သောကြာနေ့) နံနက် ၀၀း၂၅နာရီတွင် အမှတ် ၆၇၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှမြင့် (ကြည့်မြင်တိုင်)

(ပုဇွန်တောင်၊ ရေကျော်)
အသက်(၉၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၁၂၊ ရွှေလှိုင်လမ်းနေ(ဦးကံကြီး-ဒေါ်အုန်း)တို့၏သမီး၊ (ဦးရိပ်-ဒေါ်ဝင်း)တို့၏သမီးချွေးမ၊ (ဦးမောင်မောင်တင်)၏ဇနီး၊ ဒေါ်မီမီအောင်၊ ဒေါ်ယဉ်မင်းဆွေ-ဦးစိုးထွဋ်၊ (ဦးနေမျိုးအောင်)-ဒေါ်ခိုင်ခိုင်ဦး၊ ဒေါ်ဇာနည်မင်း-ဂျွန်(ဂျပန်)၊ ဦးဇေယျာသက်မျိုးဦး-ဒေါ်ကေသီဦး၊ ဒေါ်ဝင်းပပဆွေ-ဦးစိုင်းသန့်ဇင်(ခေတ္တ-ဂျပန်)၊ဒေါ်မို့မို့ခိုင်-ဦးကျော်ကျော်နိုင်၊ ဦးတင်ထွန်းထွန်းအောင်-ဒေါ်သီတာလှိုင်၊ မဝင့်မွန်ဆွေ၊ မောင်စန်းယုနိုင်၊ မဆုထက်ရတနာ(MBA)၊ မောင်မင်းထက်ကျော်၊မောင်လင်းအောင်ဖုန်း-မအေးနန္ဒာ၊ မောင်ရဲသွေးခန့်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၉-၂၀၁၃ရက် (သောကြာနေ့) နံနက် ၀၀း၂၅နာရီတွင် အမှတ် ၆၇၊ ပိတောက်ပင်လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူ မြေး၊ မြစ်များ

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်တင်တင်ကြီး (Minnie Min)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သီတာလမ်းနေ (ဦးစိုးမင်း-ဒေါ်စု)တို့၏မြေး၊ ပဲခူးမြို့နေ (ဦးသောင်း-ဒေါ်တင်တင်မေ)တို့၏သမီး၊ ရန်ကင်းမြို့နယ်၊ အမှတ် ၂၀၊ ကျောင်းလမ်း၊ (၁၄)ရပ်ကွက်နေ ဒေါက်တာဦးမျိုးတင့်၏ဇနီး၊ ဒေါ်ချယ်ရီမျိုးတင့် (ဆက်သွယ်ရေး)၊ ဒေါက်တာဒေါ်အေးအေးတင့် (ဗဟိုအမျိုးသမီးဆေးရုံကြီး)၊ ဦးကျော်တင့်(ခေတ္တ-UK)တို့၏မိခင်၊ ဒေါ်တင်တင်လေး-(ဦးစိုးလှိုင်)၊ ဒေါ်တင်တင်ထွေး-ဦးလွင်ဆွေ၊ ဒေါ်နန်းခင်မွေး(လွယ်လင်)၊ ဒေါ်နန်းခင်ထွေး-ဦးစိုင်းရွှက်(ကျိုင်းတုံ)တို့၏အစ်မသည် ၂၆-၉-၂၀၁၃ရက် မွန်းလွဲ ၂း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၉-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရန်ကင်းမြို့နယ်၊ အမှတ် ၁၄၊ ကျောက်ကုန်းလမ်း၊ (၁၄)ရပ်ကွက်၊ ကံဘဲ့နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကံဘဲ့နှစ်ခြင်းခရစ်ယာန်ကျောင်းမှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးထွန်းကြည်

အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ မင်းဘူးလမ်း၊ အမှတ် ၆၁၅နေ ဒေါ်စန်းထူး၏ခင်ပွန်း၊ ကိုလှိုင်မင်းအောင် - မအေးမွန်ကျော်၊ မသက်မွန်ထွန်း၊ မောင်လျှံဝင်းထွန်း၊ မသုတထွန်း၊ မကြယ်စင်ထွန်း၊ မဉာဏ်ဝင့်ရည်ထွန်းတို့၏ဖခင်၊ မောင်ရန်မျိုးအောင်၏အဘိုးသည် ၂၆-၉-၂၀၁၃ရက် ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၃ရက် (စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်သန်းလှ(ခ)မဆင်ရှောင်

(ကန်ကြီးထောင့်မြို့)
အသက်(၆၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့၊ ဘောလုံးကွင်းရပ်နေ (ဦးလှဟော် - ဒေါ်ကျင်အေး)တို့၏သမီးကြီး၊ ကိုရှင်ဝမ်း-မအေးအေးလွင်၊ ကိုရှင်ဖူး-မတင်တင်ကြည်၊ ကိုရှင်စိန်-မရင်မြင့်၊ မငွေငွေသန်း၊ ကိုသန်းစိန်-မသန်းသန်းနိုင်၊ မယဉ်မွေး၊ကိုရှင်ငွေး-မစုစု၊ ကိုရှင်ထွန်းအောင်တို့၏အမကြီး၊ တူ၊ တူမ ၁၃ ယောက်တို့၏အဒေါ်သည်၂၇-၉-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင်ကန်ကြီးထောင့်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့)နံနက်တွင် ကန်ကြီးထောင့်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးဘသိန်း

(ဗဟိုတရားရုံးရှေ့နေ)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊အမှတ် (၈)ရပ်ကွက်၊ ဇီဇဝါလမ်း(ရေကျော်)၊ အမှတ် ၃၉(သုံးလွှာ)နေ(ဦးအောင်ငြိမ်း-ဒေါ်ခင်ခင်)တို့၏သား၊ ဒေါ်သန်းသန်းငြိမ်း၏မောင်၊ (ဒေါ်လှလှငြိမ်း)၊ ဦးမျိုးညွန့် - ဒေါ်သင်းသင်းမြိုင်တို့၏အစ်ကို၊ မောင်ရဲဝင့်၊ မောင်ရဲညီဟိန်းတို့၏ဘကြီးသည် ၂၇-၉-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်နွယ်နီသန်း

B.A (Philosophy)
ဟိုတယ်/ခရီး(ငြိမ်း)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၅၊ အခန်း ၇နေ(ဦးအောင်သန်း - ဒေါ်မေသိန်း)တို့၏ သမီးငယ်၊ ဒေါ်အေးကြည်-(ဦးစောလှိုင်)၊ ဒေါ်ဌေး(မြေနီကုန်း)တို့၏တူမ၊ ဒေါ်မူမူသန်း၊ ဦးတိုးအောင် - ဒေါ်ယုယ (UK)၊ (ဒေါက်တာဦးသိန်းဦး) - ဒေါ်စုစုသန်း (UK)တို့၏ညီမ၊ ဦးခင်မောင်မြင့်၏ဇနီး၊ ကိုနန္ဒလင်း - မအေးဥမ္မာအောင်(UK)တို့၏မိခင်သည် ၂၅-၉-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၀၀း၂၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ကြည်စိန်

အသက်(၉၀)

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်နေ (ဦးစိန်-ဒေါ်လှ)တို့၏ချွေးမ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နေ (ဦးဆံညွှင်း - ဒေါ်တင်ခ)တို့၏ သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၁)၊ စိန်ပန်းမြိုင်လမ်း၊ ခြံအမှတ် ၆၆နေ [ဗိုလ်ကြီးအုန်းလှိုင်(ငြိမ်း)]၏ဇနီး၊ ဒေါ်နီနီမာ၊ဦးညွန့်လွင်-ဒေါ်ကြည်ကြည်တာ၊ ဦးထွန်းထွန်းဦး - ဒေါ်ခင်မျိုးမြင့်ဦး၊ ဦးဖုန်းမြင့် - ဒေါ်မိမိငယ် (M.D.I.L)၊ ဆေးမှူးဇော်ဇော် (မဆရ၊ ကျောက်တော်)-မဇင်မာဦးတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည်၂၆-၉-၂၀၁၃ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင်ကွယ်လွန်သွားပါသဖြင့်၂၈-၉-၂၀၁၃ရက်(စနေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ရေကြည်မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်လှမြင့်

(သက်ကြီးကန်တော့ခံ)
အသက်(၉၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၆၇၊ ပိတောက်ပင်အထက်လမ်းနေ ဒေါ်လှမြင့်သည် ၂၇-၉-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၉-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဦးမြင့်စိုး

ပြည်သူ့ဆောက်လုပ်ရေး
စာရင်းကိုင်(၁) (ငြိမ်း)
အသက်(၆၅)နှစ်

အမှတ်၂၂၀၊အရှေ့မင်းလမ်း၊သန်လျင်တံတားအိမ်ရာဝင်း၊ ၁၀/တောင်၊ သာကေတမြို့နယ်နေ(ဦးဝါဂျစ်-ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးဘိုကြီး-ဒေါ်ထွန်းမေ)တို့၏သားသမက်၊ ဒေါ်နွယ်နွယ်ဦး (အလက-၁၊ ဗိုလ်တထောင်၊ ငြိမ်း)၏ ခင်ပွန်း၊ မမြင့်နွယ်ဝင်း(ခ)မေနီလာ၏ ဖခင်၊ ဒေါ်ခင်မြကြီး၊ဒေါ်လှဝင်း၊ဒေါ်ခင်စောတို့၏မောင်၊ ဗိုလ်မှူးကျော်ညွန့်ဝင်း (ငြိမ်း)(မြန်မာ့စီးပွားရေးဘဏ်၊ရခိုင်ပြည်နယ်)၊ ဒေါက်တာဌေးဌေးတို့၏အစ်ကိုသည် ၂၇-၉-၂၀၁၃ရက်(သောကြာနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၃ရက် နံနက် ၈နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးခင်ဇော်

အသက်(၅၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောမြောက်ရပ်ကွက်၊ ဟသ်္ာတလမ်း၊ အမှတ် ၂၈နေ (ဦးတင်ရွှေ-ဒေါ်တင်လှိုင်)တို့၏သား၊ ဦးမြင့်သိန်း၊ ဦးထွန်းဇော်-ဒေါ်မြင့်မြင့်စန်း၊ဒေါ်သန်းသန်းဌေးတို့၏ညီ/မောင်၊ ဦးတင်မောင်မြင့်-ဒေါ်တင်တင်အေး၊ (ဦးတိုးအောင်ရွှေ)တို့၏အစ်ကို၊ ဗိုလ်ကြီးအေးချမ်းဇော်-မခိုင်ဇာထွန်း၊မမေသစ္စာ-မောင်ချစ်ကိုကို၊ မညိုစိမ့်လေး၊ မကဗျာခန့်၊ မောင်ဒီပါခန့်၊ ဟေမာတို့၏ဦးလေးသည် ၂၆-၉-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁၀း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၃ရက်(စနေနေ့)ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၁၀-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသန်းတင် (ပေါင်းတည်)

ဒုညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်တွင်းခွန်
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိရိပ်သာ၊ လမ်းသွယ်(၃)၊ အမှတ် ၁၃နေ (ဦးကောင်း-ဒေါ်ဟုန်)တို့၏သား၊ (ဒေါ်တင်တင်)၏ခင်ပွန်း၊ ဦးရန်အောင်၏အစ်ကို၊ ဒေါ်မြမြသန်း-ဦးမြတ်ထွဏ်း(U.S.A)၊ ဒေါ်မြမြဝင်း(အထက-၃၊ မရမ်းကုန်း၊ ငြိမ်း)၊ ဒေါက်တာဦးသန်းထွန်း-ဒေါ်လှလှမြင့်၊ ဦးသောင်းထွန်း-ဒေါ်ခင်စန်းယဉ်(U.S.A)၊ ဦးကိုကို-ဒေါ်ချိုချိုသိန်း(U.S.A)၊ ဒေါက်တာဒေါ်ခင်လှဲ့လှဲ့-ဒေါက်တာဦးဝင်းမောင်မောင်၊ ဦးရဲမြင့်-ဒေါက်တာဒေါ်တင်တင်အေးတို့၏ ဖခင်၊ မြေး ၁၅ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုးသည် ၂၆-၉-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၀၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

ဦးဌေးအောင်(ခ)ဦးစိုးနိုင်(ခ)တော်ဟုတ်လေ

တော်စီကိန်းတျောင်ဘုရားကျောင်း(ဒုဥက္ကဋ္ဌ)
(မော်လမြိုင်ကျွန်း)
အသက်(၈၀)

အမှတ် ၁၈၅၊ အခန်း ၂၄၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်နေ [ဦးဖိုးသစ်(ခ)တော်ခဲကြို့-ဒေါ်အေး]တို့၏သား၊ ဒေါ်လှိုင်ညွန့်၏ခင်ပွန်း၊ ဒေါ်နိုင်နိုင်မော်(ခ)ဒေါ်ဖြူဖြူအောင်-ဦးကျော်မင်း၊ ဦးနိုင်ထွန်း-ဒေါ်သင်းသင်းမြတ်၊ ဒေါ်သင်းသင်းနိုင်-ဦးအောင်မြတ်သူ(အဓိကစတိုး)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၅-၉-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [နေအိမ်နှင့်(အဓိကစတိုး)တ/ဒဂုံ၊ ပြည်ထောင်စုလမ်းနေအိမ်တို့မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဦးမောင်မောင်တင်

ဦးစီးအရာရှိ(ငြိမ်း)
F.R.E.D (စီမံ/ဘဏ္ဍာ)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၇၈၊ အောင်မေတ္တာလမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးကျင်စို-ဒေါ်ကျင်ထွန်း)တို့၏သား၊ ဒေါ်သန်းနွဲ့၏ခင်ပွန်း၊ (ဒေါ်ကြည်ကြည်)၊ ဒေါ်မူမူ၊ ဒေါ်အမာ (လှိုင်ကော်)၊ (ဦးဟုတ်ကြောင်)၊ (ဦးလှအောင်)တို့၏မောင်/ညီ၊ (ဦးလှဝင်း)၊ ဦးအောင်ကြည်(ဟိုပင်)၊ ဒေါ်သန်းသန်းတို့၏အစ်ကို၊ ဒေါ်အေးအေးမာ၊ ဦးတင်ဇော်ဇော်-ဒေါ်သန်းသန်းစိုး၊ ဦးတင်မော်မော်၊ ဦးတင်ကျော်ကျော်(ခ)ဆွေကို (ခေတ္တ-USA) - ဒေါ်ညိုညိုစမ်းတို့၏ ဖခင်၊ မတင်ဇာဝိုင်း(ခ)ဝိုင်းလေး၊ မောင်သက်ကိုကို၊ မောင်ကျော်ရဲဟိန်း၊ မခိုင်ဆွေဇင်သန့်၊ မသီရိဆွေကိုတို့၏အဘိုးသည် ၂၇-၉-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများနံနက်၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသံချောင်း(ခ) ဦးကျော်သိန်း

(ကျော်သိန်းစာပေ)
အသက်(၆၁)နှစ်

ကျုံပျော်မြို့နေ (ဦးစံရွှေ-ဒေါ်သေးသေး)တို့၏သားကြီး၊ ထားဝယ်မြို့နေ (ဦးတင်ငွေ - ဒေါ်လှိုင်အေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၁၂၁၈(က)၊ ရာဇသူရလမ်း၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်စန်းစန်း၏ခင်ပွန်း၊ ဦးပြုံးချို-ဒေါ်မာလာ၊ဦးစိုးသိန်း-ဒေါ်မြင့်မြင့်သန်း၊ ဦးမြင့်အောင်-ဒေါ်ညိုညိုလွင်၊ ဦးချစ်ထွေး-ဒေါ်ဝင်းစန်းတို့၏အစ်ကို၊ မောင်လင်းထက်-မယဉ်ယဉ်စန်း၊မောင်အောင်ကိုကိုမြင့်-မတင်ဇာကျော်၊ မသန္တာကျော်၊ မောင်နေပိုင်-မလွှင်မာကျော်၊ မောင်ဖြိုးဝေကျော်၊ မောင်ဖြိုးဇေရာကျော်၊ မောင်အောင်ဖြိုးဟိန်းတို့၏ဖခင်၊ တူ၊တူမ ၁၈ယောက်တို့၏ဦးလေး၊ မြေး သုံးယောက်တို့၏အဘိုးသည် ၂၆-၉-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၅၀နာရီတွင် နှင်းဆီကုန်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၃ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်းအမ

ဒေါ်သန်းရွှေ

အသက်(၇၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ဒါနချောင်းကျေးရွာနေ (ဦးကြာဝါး-ဒေါ်ကျင်မြ)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နေ (ဦးထွေးရား-ဒေါ်ကျင်မေ)တို့၏ ချွေးမ၊ [ဦးလင်ဘွန်ဟွာ(ခ)ဦးတင်ရွှေ]၏ ဇနီး၊ မအူပင်မြို့နယ်၊မလက်တိုကျေးရွာအုပ်စု၊ တမလိုကျေးရွာနေ ဒေါ်ရှုဟုန်၊ ဒေါ်ရှုလွမ် [ဦးစီးအရာရှိ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန(နေပြည်တော်)]၊ ဒေါ်တင်တင်အေး(ဦးစီးအရာရှိ၊ မြို့နယ်စီမံကိန်းမှူး၊ ဒေါပုံမြို့နယ်)-ဦးကျော်ဝင်း၊ ဒေါ်အေးအေးသန်း၊ ဦးဝင်းနိုင်၊ ဦးမင်းအောင်၊ ဦးအေးနိုင်တို့၏မိခင်၊ မောင်ပိုင်ထက်ကျော်၊ မောင်ကောင်းဆက်ဝန်းတို့၏ အဘွားသည် ၂၇-၉-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ဗဟိုရိစည်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဦးကြည်လွင် (ပုလော)

ဦးစီးအရာရှိ၊ လဝက(ငြိမ်း)
အသင်းဝင်အမှတ်-၅၂၇
အသက်(၇၂)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ အမှတ်(၄)ရပ်ကွက်၊ ရွှေဟသ်ာလမ်းနေ ဒေါ်ခင်စန်း၏ခင်ပွန်းသည်၂၆-၉-၂၀၁၃ ရက် (ကြာသပတေးနေ့) နံနက် ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးကျော်ဇေ(ခ) မုဟမ္မဒ်ယူစွဖ်ဂိုရား

ရန်ကုန်တက္ကသိုလ်
ဗိုလ်တထောင်(သင်္ချာ)
အသက်(၄၈)နှစ်

အမှတ် ၁၉၅(ကိုးလွှာ)၊ ဗိုလ်တထောင်ဈေးလမ်း(အီဒင်လမ်း)နေ ဟာဂျီ ဦးတင်ထွန်းအေး ဟာဂျီမဒေါ်လီလီတို့၏သားလတ်၊(ဒေါက်တာဦးဘတင်)-ဒေါ်မြဝင်း(USA)တို့၏သားသမက်၊ဒေါ်သိန်းသိန်းတင်(ခ)ဖြူဖြူ(G.W.E Enterprise)၏ခင်ပွန်း၊ မောင်ပိုင်ထွဋ်ကျော်(BE. EP)၊ မောင်ခိုင်ထွဋ်ကျော်(3rd MB, L.M.U)၊ မဟန်နီထွဋ်ကျော် (1st M.Tech)တို့၏ဖခင်သည် ၂၄-၉-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၇း၁၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ရေဝေးကဘာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း နေပြည်တော်ရှိ အပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန၌ ကျင်းပသည့် ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနား၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာသည် နိုင်ငံတကာမှ ခရီးသွားများအတွက် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသအဖြစ်ထွက်ပေါ်လာ

နေပြည်တော် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသည်ဝင်ရောက်မှု လွယ်ကူချောမွေ့စေရေး၊ သယ်ယူပို့ဆောင်ရေးအဆင်ပြေစေရေးနှင့် လုံခြုံမှုရှိရေး၊ ဟိုတယ်များနှင့်စားသောက်ဆိုင်များ အဆင့်အတန်းမြင့်မားရေးနှင့် ခရီးစဉ်ဒေသများ ရေရှည်တည်တံ့အောင်ဆောင်ရွက်ရေးတို့သည် မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသည် ရောက်ရှိမှုနှုန်းတိုးတက်မှုကို ထိန်းထားနိုင်ရန် အချိန်မီဆောင်ရွက်ရမည့်ကိစ္စရပ်များ ဖြစ်ပါကြောင်းဖြင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနား၌ ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့တွင် ကမ္ဘာတစ်ဝန်းလုံးရှိ လူသားများပါဝင်ဆင်နွှဲနိုင်အောင် ယခုကဲ့သို့ အခမ်းအနားများ ပြုလုပ်ကြသည်ကို သိရှိရပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ အခြားသော အဖွဲ့ဝင်နိုင်ငံများ၊ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများနည်းတူ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက တာဝန်ယူ ကျင်းပရခြင်းဖြစ်ပါကြောင်း။

ယခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့က ချမှတ်ထားသည့် ဆောင်ပုဒ်မှာ "ကျွန်ုပ်တို့၏အနာဂတ်ကို ကာကွယ်ဖို့ ခရီးသွားလုပ်ငန်းနှင့် ရေအရင်းအမြစ်ကို ထိန်းသိမ်းစို့" ဖြစ်ပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားကို မော်လဒိုက်နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ရေအရင်းအမြစ်သည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု၊ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတည်တံ့ခိုင်မြဲမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ခေါင်းပါးမှုတို့ ပပျောက်အောင် ဆောင်ရွက်နိုင်ရန် ၂၀၁၃ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာ ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်ရေးနှစ်"အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးမှ ထုတ်ပြန်ကြေညာချက်မှာ

စာမျက်နှာ ၉ ကော်လံ ၁ ◆

အစိမ်းရောင်စီးပွားရေး စံနှုန်းများအရ အရင်းအမြစ်များကို မိမိတို့အနေဖြင့် ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မည်ဆိုပါက ခရီးသွားလုပ်ငန်းမှ အကျိုးအမြတ်များစွာ ရရှိနိုင်မည်။

ယနေ့ မာတိကာ

မွမ်ဘိုင်းမြို့တွင် လေးထပ်အဆောက်အအုံပြိုကျ၊ ပိတ်မိနေသူမိသားစု ၇၀ အထက်မှာရှိနေ စာ - ၄

သဘာဝဓာတ်ငွေ့ ယိုစိမ့်မှု ပြင်ဆင်ပြီးစီး စာ - ၅

မြေးများနှင့်အဘိုး စကားဝိုင်း (၂) ဆောင်းပါး စာ - ၆

မုန်တိုင်းချောင်းမကြီး ပြန်လည်တူးဖော်ခဲ့ခြင်းကြောင့် ရေနစ်မြုပ်မှုကင်းဝေး စာ - ၇

အသက် ၉၀ အရွယ်ကဲ့သို့ အိုမင်းရောဂါဖြစ်ပွားနေသည့် လေးနှစ်သမီး စာ - ၁၁

အနိုင်ရလဒ် ထိုက်တန်မယ့် ပီအက်စ်ဂျီ စာ - ၁၄

ကျန်းမာရေးအတွက် ဟင်းလျာတစ်ခွက် ကန်စွန်းရွက် စာ - ၁၅

ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၇

နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေသည် ယမန်နေ့ နံနက်ပိုင်းတွင် စက်တင်ဘာ ၂၄ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုံးပင်ချောင်းရေလျှံပြီး လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအုပ်စု ဆင်ဆိပ်ကျေးရွာတွင် ရေကြီးရေလျှံမှုဖြစ်ပွားကာ ရေဘေးသင့်အိမ်ထောင်စု ၇၃ စုအား ယာယီပြောင်းရွှေ့နေရာချထားပေးသော လယ်ဝေးမြို့နယ် သာသနာ့ဗိမာန်၌ သွားရောက်တွေ့ဆုံအားပေးသည်။

အဆိုပါ ရေဘေးသင့်အိမ်ထောင်စုများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ အထူးဆေးကုအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက ထောက်ပံ့ကူညီပေးလျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

ယင်းနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေနှင့်အဖွဲ့သည် ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ငွေနှင့် စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဆန် ကိုးအိတ်၊ ရေသန့်ဘူး ၂၀၀၀၊ ခေါက်ဆွဲခြောက် ၉၅ ထုပ်၊ မုန့်ခြောက်များနှင့် အဝတ်အထည်သုံးအိတ်တို့ကို ထောက်ပံ့ပေးအပ်ကြပြီး ရေဘေးသင့်အိမ်ထောင်စုများ မိမိတို့နေရပ်သို့ ပြန်လည်နေထိုင်ရန်အတွက် မော်တော်ယာဉ်များဖြင့် နေအိမ်များအရောက် ပြန်လည်ပို့ဆောင်ပေးရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘောဇနှင့် မကွေးတို့ ယှဉ်ပြိုင်ကစားစဉ်။

အုပ်စုတက်ရေး ကမ္ဘောဇထံမှ သရေတစ်မှတ်ယူခဲ့သည့် မကွေး

သတင်း-ရဲရင့်ရှိုင်း
ဓာတ်ပုံ-စိုးညွန့်

တောင်ကြီး စက်တင်ဘာ ၂၇

၂၀၁၃ MNL Cup ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

(KBZ ကွင်း)
ကမ္ဘောဇ-ဂိုးမရှိ
မကွေး-ဂိုးမရှိ

အုပ်စုတက်ပြီဖြစ်သော်လည်း ကမ္ဘောဇအသင်းမှာ လူစုံအသုံးပြုခဲ့သလို မကွေးအသင်းကလည်း သရေတစ်မှတ်ရရှိရေးအတွက် အားကုန်ထုတ် ကစားခဲ့သည်။ ပထမပိုင်းတွင် မကွေးအသင်းက ခြေအသာမှ ကစားနိုင်ခဲ့ပြီး အပိုင်ဂိုးသွင်းခွင့်ကို ကမ္ဘောဇအသင်းက ပိုမိုရရှိခဲ့သည်။ တိုက်စစ်မှူး စိုးမင်းဦးနှင့် စထက်နိုင်ဝင်းတို့ အခွင့်အရေးများ အသုံးမချနိုင်၍ ကမ္ဘောဇ ဂိုးမရဘဲ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းတွင်လည်း ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးများရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ မကွေးအသင်းမှာ အုပ်စုတက်ရေးအတွက် *စာမျက်နှာ ၉ ကော်လံ ၆* ○

တနင်္သာရီ၌ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများပေး

မြိတ် စက်တင်ဘာ ၂၇

တနင်္သာရီတိုင်းဒေသကြီး သစ်တောရေးရာဝန်ကြီး ဦးတင်စိုးသည် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ UNHCR စီမံကိန်းမန်နေဂျာ ဦးသန်းမောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၇ ရက်တွင် တနင်္သာရီမြို့နယ် ရေဘေးသင့်ပြည်သူများအား ဆေးစိမ်ခြင်ထောင် အလုံး ၂၀၀၊ အမိုးအကာထုပ် ၁၈ ထုပ်၊ စောင်ခုနစ်ထုပ်၊ အိုးခွက်ပန်းကန် ၂၆ ထုပ်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသေတ္တာ ၄၆ လုံး စသည့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများကို ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်ပေးအပ်ခဲ့သည်။ *စာမျက်နှာ ၉ ကော်လံ ၃* ✻

စစ်တောင်းမြစ်ရေနှင့်ငဝန်မြစ်ရေ အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၇

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့၌ ယနေ့နံနက် ၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၇ စင်တီမီတာ ကျော်လွန်နေကာ ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ စက်တင်ဘာ ၁၆ ရက် နံနက် ၃ နာရီခွဲအချိန်မှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃၄ စင်တီမီတာ (တစ်ပေခန့်) ကျော်လွန်နေကာ နောက် သုံးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)